# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုး ဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက် လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday 1 July 2018 ၉၃၃၄


# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်မွမ်းမံပြင်ဆင်နေမှု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃၀

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန် အစည်းအဝေးခန်းမ၌ ယနေ့ညနေ ၄ နာရီတွင် ပြုလုပ်သည့် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး အစည်းအဝေးအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ အာဇာနည်ဗိမာန်မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ *ဓာတ်ပုံ-မိုးမြင့်မောင်*

အစည်းအဝေးတွင် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျင်းပရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဇာနည်ဗိမာန်သို့သွားရောက်၍ အာဇာနည်ဗိမာန် မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း (တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ရောက်ရှိရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အများပြည်သူများကြည့်ရှုနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၁၈ ခုနှစ်အတွက် သုံးသန်းမြောက် ကံထူးရှင်ခရီးသည် ရောက်ရှိ

**ရန်ကုန် ဇွန် ၃၀**

တစ်နှစ်လျှင် ခရီးသည်သန်း ၂၀ အထိဝန်ဆောင်မှုပေးနိုင်သည့် မြန်မာနိုင်ငံ၏ အကြီးဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၁၈ ခုနှစ်အတွက် သုံးသန်းမြောက် ကံထူးရှင်ခရီးသည်အဖြစ် ဇွန် ၂၉ ရက်တွင် စင်ကာပူနိုင်ငံမှ တစ်ဆင့် ရောက်ရှိလာသည့် ဘရာဇီးနိုင်ငံသား Mr.Jefferson Oliveri Costa အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အခမ်းအနားဖြင့်ကြိုဆိုခဲ့ကြောင်း သိရသည်။

သုံးသန်းမြောက်ခရီးသည်အဖြစ် ရောက်ရှိလာသည့် ဘရာဇီးနိုင်ငံသားအား ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ်အနေဖြင့် Mr. Costa အား မြန်မာငွေကျပ်တစ်သန်းနှင့် အခြားမြန်မာငွေကျပ် တစ်သန်းတန်ဖိုးရှိ ခရီးသွားအသုံးအဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့သည်။ ခရီးသွားအသုံးအဆောင်ပစ္စည်းများတွင် နေပြည်တော်ရှိ Horizon Lakeview Hotel and Resort တွင် နှစ်ညတာ အခမဲ့အနားယူခွင့် အပါအဝင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## ရာသီဥတုခန့်မှန်းချက်

## ရာနှုန်းပြည့်မိုး

(၁-၇-၂၀၁၈)

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။






# ဒီမိုကရေစီဝါဒကို ခေတ်စားအောင် လုပ်ရမယ်

ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။

(၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

* ရှေ့ဖုံးမှ

ခင်းကျင်းပြသထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်ပြတိုက် ခင်းကျင်းပြသမှုအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ရေး၊ လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ယခင်နှစ်က ကြုံတွေ့ခဲ့သော အားနည်းချက်များအား ပြုပြင်ဆောင်ရွက်ရေးနှင့် လုပ်ငန်းအားလုံး လစ်ဟာမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ ကျန်နေ့ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ပုံမှန်ဖွင့်လှစ်ပြသလျက်ရှိသည်။

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသသွားရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အထူးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်းနှင့်အဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ ကြံ့ခိုင်မှုကိုစစ်ဆေးခဲ့ရာ အဆိုပါအဆောက်အအုံမှာ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုနေထိုင်ရန်သာ ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်ခြင်း၊ သက်တမ်းအားဖြင့် ၉၇ နှစ် ရှိပြီဖြစ်ခြင်း၊ ပထမထပ်မှာ ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် ဘေးအန္တရာယ်ရှိနိုင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ၂၀၁၇ ခုနှစ် နှစ် (၇၀)ပြည့် အာဇာနည်နေ့ တစ်ရက်တည်းတွင် လေ့လာကြည့်ရှုသူပြည်သူ ၃၂၂၆၈ ဦးရှိခဲ့သဖြင့် ယခုနှစ်အတွက် အဆောက်အအုံ၏ ခံနိုင်ဝန်နှင့် ကြံ့ခိုင်မှုအရ ဘေးအန္တရာယ်ရှိနိုင်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အကြံပြုချက်အရ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ အဆိုပါပြတိုက် မြေညီထပ်ကိုသာ အများပြည်သူများ ဝင်၊ ထွက်ကြည့်ရှုစေပြီး ပထမထပ်ရှိ ပြခန်းများခင်းကျင်းထားရှိမှုကို LED Board ဖြင့် ခြံဝင်းအတွင်း၌ ပြသရန်စီစဉ်ထားရှိကြောင်းနှင့် ဇူလိုင် ၂၂ ရက်မှစ၍ တနင်္လာနေ့နှင့် အစိုးရ ရုံးပိတ်ရက်မပါ ကျန်နေ့များတွင် သတ်မှတ်အချိန်အတိုင်း ပြတိုက်၏ မြေညီထပ် နှင့် အပေါ်ထပ်ကို ပုံမှန်အတိုင်း ဖွင့်လှစ်ပြသသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ ခင်းကျင်းပြသထားမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

○ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ

ခရီးသွားအသုံးအဆောင်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ထိုသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီးချိန်တွင် Mr. Costa က "ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ သုံးသန်းမြောက်ခရီးသည် ဒီနေ့မှာ ပြည့်သွားတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်၊ အခုလို ကံထူးရှင်ခရီးသည်အဖြစ် ရွေးချယ်ခံရတဲ့အတွက် ရင်ခုန်စရာကောင်းပြီး ဝမ်းသာမိပါတယ်၊ မြန်မာနိုင်ငံရဲ့ ဧည့်ဝတ်ပျူငှာမှုက မြန်မာနိုင်ငံကို ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်ကြမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သုံးသန်းမြောက် ခရီးသည်အဖြစ် ရောက်ရှိလာခဲ့သည့် ဘရာဇီးနိုင်ငံသား Mr. Costa သည် Jetstar Asia လေကြောင်းလိုင်းဖြင့် ဇွန် ၂၉ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် စင်ကာပူနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထိုသို့ Jetstar Asia လေကြောင်းလိုင်းဖြင့် ရောက်ရှိလာခဲ့ခြင်းကြောင့် Jetstar Asia လေကြောင်းမှ အမှုဆောင်အရာရှိချုပ် Mr.Bara Pasupathi က "ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ်ကတည်းကစပြီး စင်ကာပူနဲ့ ရန်ကုန်ကို ပြေးဆွဲပျံသန်းပေးနေတဲ့ စရိတ်နည်း လေကြောင်းလိုင်းတစ်ခုဖြစ်တဲ့အတွက် ဒီမြို့နှစ်မြို့ကို ကူးသန်းသွားလာနေတဲ့ ခရီးသွားသည်တွေ၊ မိသားစုနဲ့ ဆွေမျိုးတွေဆီကို လာရောက်လည်ပတ်ကြသူတွေအတွက် ပိုမိုအဆင်ပြေချောမွေ့စေရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ စင်ကာပူနဲ့ ရန်ကုန်ကို ပျံသန်းသွားလာကြတဲ့ ခရီးသွားပေါင်း ၁ ဒသမ ၅ သန်းနီးပါးကို ဝန်ဆောင်မှုပေးခဲ့ပြီးတာနဲ့အညီ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စတဲ့ နိုင်ငံတွေက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ခရီးသွားတွေအပါအဝင် ခရီးသည်အများအပြားဟာ မြန်မာနိုင်ငံကို စင်ကာပူကနေတစ်ဆင့် ပိုမိုပျံသန်းသွားလာနေကြတာကို တွေ့ရပါတယ်"ဟု ပြောကြားသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ပြည်တွင်းလေကြောင်းလိုင်းရှစ်လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ၂၈ လိုင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် ခရီးသည်ပေါင်း ၅ ဒသမ ၄၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ခရီးသည်ပေါင်း ၅ ဒသမ ၉၂ သန်းကို ဝန်ဆောင်မှုပေးခဲ့ခြင်းကြောင့် ၈ ဒသမ ၄၈ ရာခိုင်နှုန်း တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဝန်ဆောင်မှုကောင်းမွန်မှုကြောင့် ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်းလည်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားကြောင်း သိရသည်။

**ကြေးမုံ**

## အာရှအားကစားပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲ အပါအဝင် အားကစားနည်းများမဲခွဲပွဲ ဇူလိုင် ၅ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ အားကစားနည်းအလိုက် အုပ်စုမဲခွဲပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီသည် ဘောလုံးပြိုင်ပွဲနှင့်အတူ အုပ်စုဖြင့်ကျင်းပမည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဟော်ကီ၊ Handball စသည့် အားကစားနည်းများအတွက်လည်း အုပ်စုမဲခွဲပွဲများ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီသည် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် Pot-4 တွင် ပါဝင်ခဲ့သည်။

Pot-1 တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဂျပန်၊ ဆီးရီးယား၊ တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ ဆော်ဒီ၊ အီရန်၊ အီရတ်၊ Pot-2 တွင် တရုတ်၊ မြောက်ကိုရီးယား၊ အိုမန်၊ ကာဂျစ္စတန်၊ ကာတာ၊ ဘာရိန်း၊ ယူအေအီး၊ ထိုင်း၊ Pot-3 တွင် မလေးရှား၊ လာအို၊ ဗီယက်နမ်၊ ဂျော်ဒန်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ယီမင်၊ Pot-4 တွင် မြန်မာ၊ နီပေါ၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ တီမော၊ တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်းတို့ ပါဝင်နေသည်။

အာရှအားကစားပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်းအချို့ကိုမူ ဩဂုတ် ၁၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကာ အားကစားနည်း ၄၀ ပါဝင်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဗီယက်နမ်တွင်ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ (၆) ကြိမ်မြောက်ညီလာခံ တက်ရောက်

**နေပြည်တော် ဇွန် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ (၆) ကြိမ်မြောက် ညီလာခံအစည်းအဝေး [Sixth Assembly of the Global Environment Facility(GEF)]သို့ တက်ရောက်သည်။

ညီလာခံအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ Ariyana Convention Center ၌ ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Nguyen Xuân Phúc က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် GEF CEO ဖြစ်သည့် Naoko Ishii က အဖွင့်အမှာစကားနှင့်အတူ (၆)ကြိမ်မြောက် GEF ညီလာခံအစည်းအဝေးဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။





အစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံ၏ ခေါင်းဆောင်အသီးသီးက Country Statement ကို ဖတ်ကြားကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယနေ့ အချိန်ကာလအတွင်း လူသားတို့၏ ဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာရှိနေပြီး လူသားတို့တောင်းဆိုမှုများသည် ကမ္ဘာမြေကြီး၏ ဖြည့်ဆည်းပေးနိုင်သည့် စွမ်းဆောင်ရည်ထက် ပိုမိုကျော်လွန်နေပြီဖြစ်ပါကြောင်း၊ ထိုသို့သောအခြေအနေတွင် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သဘောတူညီချက်များကို လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (GEF) အထောက်အပံ့သည် လွန်စွာအရေးကြီးပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် များစွာသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခုဖြစ်ရာ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာရန်ပုံငွေအဖွဲ့၏ အထောက်အပံ့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် ပတ်ဝန်းကျင်ကို ပိုမိုထည့်သွင်းစဉ်းစားရန်အတွက် ရာသီဥတုပြောင်းလဲမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မြန်မာနိုင်ငံ၏ ကတိကဝတ်များကို ဖြည့်ဆည်းရာတွင် များစွာအထောက်အကူပြုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် GEF -7 Replenishment ကာလတွင် GEF- 5 GEF-6 ကာလများမှ ရရှိခဲ့သည့် အတွေ့အကြုံများကိုအခြေခံကာ ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုထိရောက်စွာဖြေရှင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ GEF က ခွဲဝေပေးသော ရန်ပုံငွေအား နိုင်ငံအသီးသီး၏ လိုအပ်ချက်နှင့်အညီ ထိရောက်စွာ အသုံးချနိုင်ရန်အတွက် GEF Agency များနှင့် နိုင်ငံများအကြား ပွင့်လင်းမြင်သာသည့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် GEF-6 ကာလအတွင်း GEF အတွင်းရေးမှူးရုံးနှင့် GEF ကောင်စီတို့၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့သည်များကို အသိအမှတ်ပြုပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းရာတွင် GEF အတွင်းရေးမှူးရုံးနှင့် GEF ကောင်စီတို့၏ ဆောင်ရွက်ချက်များသည် များစွာ အရေးကြီးပါကြောင်း၊ GEF က ဆောင်ရွက်လျက်ရှိသော Small Grant Programme သည် ထိရောက်သော အစီအစဉ်တစ်ခု ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုဖြေရှင်းခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု ကတိကဝတ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ရန်ပုံငွေ ထောက်ပံ့မှုပေးသည့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာရန်ပုံငွေအဖွဲ့နှင့် ငွေကြေးထည့်ဝင်သည့် ဖွံ့ဖြိုးပြီးနိုင်ငံများကို အသိအမှတ်ပြုပါကြောင်း၊ GEF CEO ကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာရန်ပုံငွေအဖွဲ့၏ (၆) ကြိမ်မြောက် ညီလာခံအစည်းအဝေးတွင် Plenary Sessions များနှင့် အဆင့်မြင့်အရာရှိကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲများ ဖြစ်သည့် အစားအစာ၊ မြေအသုံးချမှုနှင့် မြေယာထိန်းသိမ်းရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲ၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲတို့ကိုလည်း ပါဝင်တက်ရောက်ဆွေးနွေးသည်။

အဆိုပါညီလာခံအစည်းအဝေး၌ GEF -7 Replenishment ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဇွန်လအထိ ကမ္ဘာလုံးဆိုင်ရာ အများနှင့်ဆိုင်သော ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ မြေအတန်းအစားကျဆင်းခြင်း၊ ရာသီဥတုပြောင်းလဲမှုတို့နှင့်သက်ဆိုင်သည့် နယ်ပယ်များ၌ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ ထည့်ဝင်သုံးစွဲနိုင်ရန် သဘောတူညီခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၇ ရက်တွင် International Union for Conservation of Nature (IUCN)၏အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Aban Marker Kabraji နှင့် အဖွဲ့ကိုလည်းကောင်း၊ Food and Agriculture Organization of the United Nations (FAO) မှ သဘာဝသယံဇာတဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs Maria Semedo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ Conservation International(CI)နှင့် Fauna and Flora International (FFI) မှ Ms. Srabani Royနှင့် အဖွဲ့ကိုလည်းကောင်း၊ GEF Satoyama Initiatives မှ ဒေါက်တာ Yoji Natori နှင့်အဖွဲ့ကိုလည်းကောင်း၊ ဇွန် ၂၈ ရက်တွင် European Investment Bank(EIB) မှ ညွှန်ကြားရေးမှူး Ms. Maria Shaw-Barragan နှင့် အဖွဲ့ကိုလည်းကောင်း၊World Wildlife Fund WWF–US မှ ဥက္ကဋ္ဌ Mr. Carter Roberts ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ် (World Bank) မှ Senior Director Ms.Karin Kemper နှင့်အဖွဲ့ကိုလည်းကောင်း လက်ခံတွေ့ဆုံကာ မြန်မာနိုင်ငံနှင့် အဆိုပါအဖွဲ့အစည်းအသီးသီးများအကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် သစ်တောပြန်လည်ထူထောင်ရေးနှင့် သစ်တောထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးအစီအမံများ ထည့်သွင်းနိုင်ရေး၊ သဘာဝသယံဇာတများကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် GEF -7 Replenishment ကာလတွင် အဆိုပြုဆောင်ရွက်သွားမည့် စီမံကိန်းအဆိုပြုလွှာများအကြောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံအစိုးရနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (GEF)တို့ ပူးပေါင်းစီစဉ်သော ဗီယက်နမ်နိုင်ငံ Quang Nam ပြည်နယ် ဒါနန်းမြို့တော် Hao Khanh Eco Park စက်မှုဥယျာဉ်သို့ သွားရောက်ကာ ဆောက်လုပ်ရေးပစ္စည်းများထုတ်လုပ်သည့် DIC Da Nang ကုမ္ပဏီ၏ အမိုးပြားထုတ်လုပ်ပုံအဆင့်ဆင့်၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းတို့အား လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝါးလက်မှုကုန်ချောထည်များအတွက် ပြည်ပဈေးကွက် ဖော်ဆောင်သွားမည်



**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်များတွင် ဝါးအခြေခံလက်မှုထည်လုပ်ငန်းများကို ပြုလုပ်နေကြပြီး ဝါးလက်မှုကုန်ချောထည်များကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သင်းထံမှ သိရသည်။

အဆိုပါ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှု နည်းပညာသင်တန်းများကို မြို့နယ်များရှိ ပြည်သူများ အိုးမကွာအိမ်မကွာဖြင့် မိသားစုလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ် သင်ကြားပေးနေကြောင်း၊ ရိုးရာလက်မှုလုပ်ငန်း တိမ်ကောပပျောက်မှု မရှိစေရန်နှင့် ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်ရွာတွင်တစ်ကုန် ထုတ်လုပ်နိုင်ရန်နှင့် MSME ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးနေကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးပြီး ပြည်သူများ ထုတ်လုပ်သည့် ဝါးလက်မှုကုန်ချောထည်များကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ခုလိုလုပ်ဆောင်ပေးတာဟာ ကျေးရွာနေပြည်သူတွေ မိသားစုဝင်ငွေရရှိရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် တစ်ရွာတစ်ကုန်ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ပေးနေတာပါ၊ ထုတ်လုပ်တဲ့ ဝါးလက်မှုကုန်ချောထည် ပစ္စည်းတွေကို ဆင့်ပွားထုတ်လုပ်ပြီးတော့ မြို့နယ်ဈေးကွက်တွေကတစ်ဆင့် ပြည်တွင်းဈေးကွက်တွေကို ဖော်ဆောင်သွားမှာပါ၊ ခုဆိုရင် ပြည်သူတွေက ထုတ်လုပ်တဲ့ ဝါးလက်မှုထည်တွေကို စတင်ဖော်ဆောင်နေပါပြီ၊ လက်မှုထည်အနုစိတ်ပညာတွေနဲ့ ပြုလုပ်ထားတဲ့အတွက် ဝယ်ယူသူတွေကလည်း သဘောကျတာကိုတွေ့ရပါတယ်၊ အဲဒါကြောင့် ဝါးလက်မှုထည်တွေကို ဖြန့်ဖြူးသူကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထိပါ ပို့နိုင်အောင် ဆောင်ရွက်သွားမှာပါ”ဟု ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သင်းက ပြောသည်။

အဆိုပါ ဝါးကုန်ကြမ်းမှ ဝါးလက်မှုကုန်ချောထည်များမှာ အနုစိတ်လက်မှုထည်ဖြစ်သည့်အပြင် ပုံစံမျိုးစုံကိုလည်း ပြုလုပ်ရောင်းချနေကြောင်း၊ ထုတ်လုပ်သည့် အနုစိတ်လက်မှုထည်များမှာ မီးအုပ်ဆောင်း၊ နာရီဒိုင်ခွက်၊ ဓာတ်ပုံပေါင်များ၊ တစ်ရှူးဘောက်များ၊ ပန်းသီးထည့်ခြင်းများ၊ ဖုန်းတင်စင်များ၊ သစ်သီးထည့်ခြင်းများ၊ ဝါးလင်ပန်းများ၊ နှီးခမောက်များ၊ မီးအိမ်များ၊ ချိတ်ဆွဲနာရီများ၊ ပန်းအိုးများ၊ ရေခွက်များ၊ ကရားအိုးများ စသည့်လက်မှုကုန်ချောထည်များကို ထုတ်လုပ်ပြီး ဈေးကွက်တွင်းသို့ ရောင်းချနေကြောင်း သိရသည်။

**၀၀၂**

# တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပုံစံများ ရေးဆွဲထားသည့် ခေတ်စုံ၊ အလှစုံ(၃) ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့ခံပန်းချီဆရာ ဦးမာလာက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပုံစံများရေးဆွဲထားသည့် ခေတ်စုံ၊ အလှစုံ(၃) ပန်းချီပြပွဲကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ပြသခဲ့သည့် ခေတ်စုံ၊ အလှစုံ ပြပွဲများမှာ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုများကို ပြသခဲ့ခြင်းဖြစ်ပြီး ယခုပြပွဲတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာဝတ်စားဆင်ယင်မှု ဓလေ့များကို ဖော်ထုတ်ဂုဏ်ပြုရေးဆွဲ၍ ပြသမည့် ပြပွဲဖြစ်ကြောင်း ပန်းချီဆရာ ဦးမာလာက ပြောသည်။

“လူတော်တော်များများက ကိုယ့်နိုင်ငံအတွင်းမှာနေကြတဲ့ တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုကို အမှတ်တမဲ့နေကြတယ်။ သူတို့တွေက ဒီနေ့ဒီအချိန်ထိ သူတို့ရဲ့ရိုးရာဝတ်စုံကို အမြတ်တနိုးဝတ်ဆင်နေတယ်ဆိုတာတွေ့ရတဲ့အပြင် ကျွန်တော်တို့နိုင်ငံမှာ ဒီလိုချစ်စရာကောင်းတဲ့ ဝတ်စားဆင်ယင်မှုတွေ၊ ဘာသာစကားနဲ့ ကိုးကွယ်ယုံကြည်မှုတွေ ကွဲပြားစွာရှိနေကြပေမယ့် တိုင်းရင်းသားအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြတယ်ဆိုတာကို ပြသချင်တဲ့ရည်ရွယ်ချက်နဲ့ ဒီပြပွဲကို ကျင်းပခြင်းဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါပြပွဲတွင် ရေဆေးရွက်ပြည့် ၃၂ ကားခန့်နှင့် အက်ခရိုင်းလစ်ပန်းချီကား ငါးကားခန့် ပါဝင်ပြသသွားမည်ဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် တခြားသောတိုင်းရင်းသား စုစုပေါင်း ၁၅ မျိုးကျော် ပါဝင်ပြသသွားမည်ဖြစ်သည်။

ခေတ်စုံ၊ အလှစုံ(၁) ပန်းချီပြပွဲကို ၂၀၁၆ ခုနှစ်တွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ လည်းကောင်း၊ ခေတ်စုံ၊ အလှစုံ(၂) ပန်းချီပြပွဲကို ၂၀၁၇ ခုနှစ်တွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လှိုင်ကော်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ




**လှိုင်ကော် ဇွန် ၃၀**
လှိုင်ကော်မြို့ရှိ စာပေချစ်မြတ်နိုးသူများအသင်း(Book Club)၏ စာဖတ်ဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက လှိုင်ကော်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

စာဖတ်ဝိုင်းသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

စာဖတ်ဝိုင်းတွင် စာရေးဆရာ အောင်သင်း၏ "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်အကြောင်းကို စာပေချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဥက္ကဋ္ဌ ဦးစိုးရာဇာဝင်း(စာရေးဆရာ စိုးညွန့်ဝေ-လှိုင်ကော်)၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ ဇင်မင်းထွန်း(ရွှေလှိုင်ကော်-ပရဟိတအသင်း)၊ ဒေါက်တာယုယုထွန်း(လှိုင်ကော်တက္ကသိုလ်)၊ ဦးအောင်နိုင်(ရွှေဗဟိုအထည်ဆိုင်)နှင့် စိုင်းအောင်သူလင်း(အထက်တန်းရှေ့နေ)တို့က (Book Review) ပြုလုပ်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် စာပေချစ်မြတ်နိုးသူများအသင်း (Book Club)မှ ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်၊ မြို့နယ် ရုံးများနှင့် ပြည်သူ့စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးလျက်ရှိရာ အဆိုပါနေရာများ၌ စာပေဝါသနာပါသူများစုစည်း၍ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)များ ဖွဲ့စည်းကာ စာပေစကားဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများနှင့် စာအုပ်စာစောင်ဝေဖန်သုံးသပ်ပွဲများပြုလုပ်၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ လေ့လာသူအဖြစ်တက်ရောက်ရန် အဆိုပြုနိုင်

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတတိယအစည်းအဝေးသို့ လေ့လာသူအဖြစ်တက်ရောက်ရန် အဆိုပြုနိုင်ပြီး အဆိုပြုလွှာပေးပို့ရမည့် အီးမေးလ်လိပ်စာမှာ upc21stcenturypanglong@gmail.com ဖြစ်၍ အဆိုပြုလွှာများကို ဇူလိုင် ၄ ရက်နေ့ နောက်ဆုံးထားပေးပို့ရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ
နေပြည်တော်

ဓာတ်ပုံ

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ**
**တတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် အဆိုပြုလွှာ**

၁။ အမည်(အခြားအမည်) -
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -
၃။ မွေးသက္ကရာဇ်(အသက်) -
၄။ ပညာအရည်အချင်း -
၅။ လက်ရှိအလုပ်အကိုင် -
၆။ လက်ရှိဌာန၊ အဖွဲ့အစည်း -
၇။ မိဘအမည် -
၈။ လက်ရှိနေရပ်လိပ်စာနှင့် ဖုန်းနံပါတ် -
၉။ တက်ရောက်လိုသည့် ရည်ရွယ်ချက် -
၁၀။ လေ့လာသူအဖြစ် တက်ရောက်ခွင့် ရရှိပါက ညီလာခံလေ့လာသူများအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါမည်ဖြစ်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ၊ -------------------------
အမည် ၊ -------------------------
ရက်စွဲ ၊ -------------------------

**မှတ်ချက်။**
(၁) အီးမေးလ်လိပ်စာ upc21stcenturypanglong@gmail.com သို့ အဆိုပြုလွှာပေးပို့ရန်။
(၂) အရေးအတွက် ကန့်သတ်ထားပါသဖြင့် ဇူလိုင် ၄ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်။
(၃) ခရီးစရိတ်နှင့် တည်းခိုနေထိုင်စရိတ်များ မိမိအစီအစဉ်ဖြင့်သာ ကျခံရန်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ**
**တတိယအစည်းအဝေး လေ့လာသူအဖြစ် တက်ရောက်သူများ**
**လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် သတ်မှတ်ထားသောနေရာတွင်သာ နေရာယူရမည်။
၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် အစည်းအဝေးခန်းအတွင်းသို့ရောက်သည်နှင့် မိမိတို့၏ လက်ကိုင်ဖုန်းများကို ပိတ်ထားရမည် သို့မဟုတ် အသံတိတ်အနေအထားတွင် ထားရမည်။
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ဆွေးနွေးပွဲများကျင်းပနေစဉ်အတွင်း ဝင်ရောက်ဆွေးနွေးခြင်း၊ ကြားဖြတ်ပြောဆိုခြင်း၊ အကြံပြုဆွေးနွေးခြင်းများ မပြုလုပ်ရ။
၄။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးများ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဆွေးနွေးမှုများကို အသံဖမ်းခြင်း၊ ဗီဒီယိုရိုက်ခြင်း မပြုလုပ်ရ။
၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံ၊ ညီလာခံနှင့်ပတ်သက်သည့် အဖွဲ့အစည်း သို့မဟုတ် ကော်မတီများ၊ ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့် ပြောဆိုပြုမူမှုများ မပြုလုပ်ရ။
၆။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံသို့ အချိန်မီတက်ရောက်ရန်နှင့် ညီလာခံမှ ခွင့်ပြုချိန်အထိ တက်ရောက်ရမည်။
၇။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံတွင်ဆွေးနွေးသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ပြန်လည်ပြောဆိုရေးသားရာတွင် ဆွေးနွေးသည့် ကိုယ်စားလှယ်နှင့် အဖွဲ့အစည်းများ၏ အမည်ကိုဖော်ပြခြင်း မပြုလုပ်ရ။ (Chatham House Rule)
၈။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် အထက်ပါစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ညီလာခံတက်ရောက်ခွင့် ရပ်ဆိုင်းမည်။

○ **မန္တလေးမြို့မှ**
မိုးရွာသွန်းနေသည့်ကြားမှပင် ရောက်ရှိနေရာယူကြခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွတ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် အပြေးအားကစားသမားမောင်မယ် ၁၃၀၀ ကျော်တို့က စုရပ်မှ ၇၁ လမ်းအတိုင်း၊ ကျုံးတောင်ဘက်၂၆ လမ်းအတိုင်း လမ်း၈၀သို့ ထိုမှ ၁၂ လမ်းကျုံးမြောက်ဘက်မှ ၆၆လမ်း၊ ဆက်လက်၍ ကျုံးအရှေ့ဘက် ၆၆ လမ်းမှ ၂၆ လမ်းအတိုင်း ၇၁ လမ်း ဗထူးကွင်းအထူးတန်းရှေ့အထိ ကျုံးတစ်ပတ်ယှဉ်ပြိုင်ပြေးကြပြီး ပန်းဝင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမဆုရ မောင်မိုးဦးအား ဆုငွေကျပ် နှစ်သိန်း ငါးသောင်းနှင့် မြဖူးငုံအား ဆုငွေကျပ် နှစ်သိန်း၊ ဒုတိယဆုရ မောင်ဇော်ထက်နှင့် မအေးအေးမြို့တို့အား ဆုငွေကျပ် တစ်သိန်းငါးသောင်းစီ၊ တတိယဆုရ မောင်ကောင်းပြည့်စုံနှင့် မသီတာဦးတို့အား ဆုငွေကျပ် တစ်သိန်းစီ၊ စတုတ္ထဆုရ မောင်မိုးကိုကိုနှင့် မအေးကြွယ်မျိုးတို့အား ဆုငွေကျပ် ခုနစ်သောင်းစီနှင့် ပဉ္စမဆုရ မောင်ပန်းလေနှင့် မသောင်းနုတို့အား ဆုငွေကျပ် ငါးသောင်းစီ၊ ဆဋ္ဌမဆုရ မောင်အောင်မြင့်မြတ်နှင့် မသူဇာနွယ်တို့အား ဆုငွေကျပ် သုံးသောင်းစီ၊ သတ္တမဆုရ မောင်ဇင်မင်းဦးနှင့် မညီဆောင်းဦးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ဆုငွေများအသီးသီးချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝေဇင်၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက ဆဋ္ဌမဆုမှ ဒသမအဆင့်(၈)မှ အဆင့်(၁၀)နှင့် သတ်မှတ်စံချိန်အတွင်း ပန်းဝင်သူ ၁၀၀ တို့အား ဆုငွေများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တာဝန်ကျေအခွန်ထမ်းများအား ဂုဏ်ပြု

**တောင်ငူ ဇွန် ၃၀**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း အခွန်တာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းပြည်သူ ၆၉၄ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ဇွန် ၂၇ ရက်မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ဘဏ္ဍာငွေ ရသုံးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က စီမံကိန်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားပြီး အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



**ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဝဏ္ဏရှိန်က မူခင်းကျဆင်းရေး ပြခန်းယာဉ်ဖြင့် အမှတ်(၂)ရပ်ကွက် ရန်ကုန်-ညောင်တုန်း လမ်းမဘေး၌ ပြည်သူများအား မူခင်းအသိပညာပေး ဟောပြောစဉ်။** ကြေးမုံ

# အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ)ပထမပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

**ရန်ကုန် ဇွန် ၃၀**
၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ စတင်ကျင်းပနေပြီဖြစ်ပြီး အုပ်စု(ခ) ပထမနေ့ကို ဇူလိုင် ၁ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ကာ မြန်မာအမျိုးသမီးအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ အုပ်စု(ခ)ပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု(က)တွင် ထိုင်း၊ ဩစတြေးလျ ယူ-၂၀၊ မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဇူလိုင် ၁ ရက်တွင် ဖိလစ်ပိုင်၊ ဇူလိုင် ၅ ရက်တွင် အင်ဒိုနီးရှား၊ ဇူလိုင် ၇ ရက်တွင် စင်ကာပူ၊ ဇူလိုင် ၉ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇွန် ၃၀ ရက်တွင် အုပ်စု(က)ပွဲစဉ်များ ကျင်းပခဲ့ပြီး ပြိုင်ပွဲ၏ ပထမဆုံးပွဲတွင် ဩစတြေးလျ ယူ-၂၀ အသင်းက မလေးရှားအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ရှိုင်းထက်ဇော်**

**အာဇာနည်နေ့အကြို ဂုဏ်ပြုဆောင်းပါး**

# အာဇာနည်နေ့နှင့် အနာဂတ်မြန်မာနိုင်ငံ

**သိန်းထွန်း(IR)**

အာဇာနည်နေ့သည် လာမည့် ဇူလိုင်လ ၁၉ ရက်ဆိုလျှင် နှစ်ပေါင်း (၇၁)နှစ် ရှိတော့မည်ဖြစ်သည်။ အာဇာနည်နေ့သည် မြန်မာနိုင်ငံအတွက် အခြားသောနေ့ရက်များနှင့်မတူ။ အခြားသောနေ့ရက်များသည် ဘာသာရေးပွဲ၊ နှစ်ကူးပွဲ၊ အောင်မြင်မှုအထိမ်းအမှတ်ပွဲများ ဖြစ်သည်။ အာဇာနည်နေ့မှာ နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးသောနေ့၊ လုပ်ကြံခံရသောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအတွက် မှောင်မိုက်သောနေ့တစ်နေ့၊ လွန်စွာဝမ်းနည်းဖွယ်နေ့တစ်နေ့ ဖြစ်သည်။

ထိုသို့သော နိုင်ငံ့အဝှမ်း ဝမ်းနည်းဖွယ်နေ့တစ်နေ့ကို ကျွန်တော်တို့ မည်သို့သောပုံစံဖြင့် ပုံဖော်ကြမည်နည်း။ တာဝန်အရဝမ်းနည်းနေရုံ၊ ရုပ်ပြဝမ်းနည်းနေရုံဖြင့် အာဇာနည်နေ့၏ အနှစ်သာရ၊ လွတ်လပ်ရေးဖခင်များ၏ဆန္ဒ၊ ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ အပြန်အလှန် စဉ်းစားမိသည်။ လွတ်လပ်ရေးဖခင်ကြီးများ ယနေ့အချိန် သက်ရှိထင်ရှား ရှိနေခဲ့လျှင် မည်သို့သုံးသပ်ကြမည်နည်း။ ဝမ်းသာကြမည်လား၊ ဝမ်းနည်းနေကြမည်လား။ ယင်းအပေါ် တစ်ဦးနှင့် တစ်ဦး အမြင်အယူအဆများ ဝိဝါဒကွဲပြားနိုင်ကြသော်လည်း လွတ်လပ်ရေးဖခင်ကြီးများ၏ လိုလားချက်၊ မျှော်မှန်းချက်များနှင့် တိုင်းတာကြည့်မည်ဆိုပါက အနီးစပ်ဆုံးအဖြေတစ်ခု ရရှိနိုင်မည်ထင်သည်။

**လွတ်လပ်ရေးသည်သာ ကိုယ်ကျိုးစီးပွား**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၊ အခြားအခြားသော မျိုးချစ်စိတ်ဓာတ်ရှိသော ခေါင်းဆောင်ကြီးများသည် နိုင်ငံလွတ်လပ်ရေးအတွက် ကျရာတာဝန်များကို ကိုယ်တိုင်အသိတရား၊ ကိုယ်တိုင်မျိုးချစ်စိတ်ဖြင့် ပင်ပန်းဆင်းရဲစွာ ကြိုးစားခဲ့ကြသည်ကို အားလုံးအသိပင်။ နိုင်ငံလွတ်လပ်ရေးမှလွဲ၍ ကိုယ်ကျိုးစီးပွားဆိုသည်မှာ ဘယ်နေရာတွင်ရှိမှန်းမသိခဲ့ကြ။ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ခဲ့ကြသည်မဟုတ်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြစ်ကြီးနား၌ ဗိုလ်ချုပ်အောင်ဆန်းက "ဗမာပြည်ကို လွတ်လပ်တဲ့ တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လွတ်လပ်မှာတော့ အနေးနဲ့အမြန်ပဲ သေချာနေပါတယ်"လို့ ပြောကြားခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်အတိအကျကို တွေ့ရပေမည်။

သူတို့ဘဝသည် လွတ်လပ်ရေး၊ သူတို့အသက်သည် လွတ်လပ်ရေး၊ သူတို့ အနာဂတ်သည် လွတ်လပ်ရေးဖြစ်သည်။ ထို့ကြောင့်ပင် ဗိုလ်ချုပ်ကြီး ဆလင်းက သူ၏ အရှုံးမှအနိုင်သို့ (Defeat into Victory) စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်ပြီး "ကျွန်ုပ်သည် အောင်ဆန်းကို လေးစားမိသည်။ ကျွန်ုပ်ထင်ခဲ့သကဲ့သို့ သူသည် ကိုယ်ကျိုးရှာ၊ တာဝန်မဲ့ ပြောက်ကျားခေါင်းဆောင်မဟုတ်ပေ။ သူသည် မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်၍ စိတ်ကူးယဉ်သမားမဟုတ်။ လက်တွေ့သမားဖြစ်သည်။ သူသည် အလွန်ရိုးသားသည်။ သူသည် ပေးခဲ့ပြီးသော ကတိအတိုင်းလည်း တည်သည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့် အလုပ်လုပ်၍ ဖြစ်သည်"ဟု ရေးသားခဲ့သည်ကို ဖတ်ရသည်။ ရန်သူကပင် ချီးကျူးလေးစားရသည့် ခေါင်းဆောင်ပင်။

**(၇၁)နှစ်လွန် မြန်မာနိုင်ငံ**

အာဇာနည်နေ့ရောက်တိုင်း အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်ကျင်းပခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ အာဇာနည်နေ့ပင် မျိုးဆက်တစ်ဆက်တိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သည့် ကမ္ဘာတွင် ရင်ပေါင်တန်းနိုင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိရန် ယနေ့အချိန်အထိ ရုန်းကန်နေရဆဲဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ အချက်နှစ်ချက် ထုတ်နုတ်တင်ပြလိုသည်။

ပထမအချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြင့် လွတ်လပ်ရေးကို အရယူပေးခဲ့ကြသော်လည်း ယနေ့ လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိရန်မှာ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင် ဆိုရမလိုပင်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ ရိုးသားမှုပင်ဖြစ်သည်။ ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းက အခိုင်အမာ သက်သေပြခဲ့ပြီးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုကို တိုင်းရင်းသားအားလုံးက ယုံကြည်သည်။ ယုံကြည်၍ လက်တွဲခဲ့ကြသည်။ ယနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်နေသော အဖြေအားလုံးမှာ လွန်ခဲ့သော ၇၁ နှစ်ကျော်က ရှိခဲ့ပြီးဖြစ်သည်။ သို့သော် အဖြေရှိပါလျက် တွက်မရသော ပုစ္ဆာတစ်ပုဒ်သဖွယ် ဖြစ်နေသည်ကို အလေးအနက် ပြန်လည်သုံးသပ်စေလိုပါသည်။

ဒုတိယအချက်မှာ နိုင်ငံတကာဆက်ဆံရေး အခြေအနေဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံသည် ပြည်တွင်းစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသလို နိုင်ငံတကာဖိအားများနှင့် ရင်ဆိုင်နေရပါသည်။ စနစ်အပြောင်းအလဲ အခြေမကျသေးခြင်း၊ တိုင်းရင်းသားစည်းလုံးမှု အားနည်းနေသေးခြင်း၊ အင်အားကြီးနိုင်ငံများက ကိုယ်ကျိုးစီးပွားအတွက် အသုံးချလာခြင်း၊ အခြားသော နိုင်ငံတကာအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်ခြင်းစသည့် အကြောင်းတရားများကြောင့် ရခိုင်ဒေသဖြစ်စဉ်များမှာလည်း မြွေပူရာ ကင်းမှောင့်လျက်ရှိနေပေသည်။

ထိုနေရာတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံတကာဆက်ဆံရေးကျင့်သုံးမှုနှင့် ချိန်ထိုး သုံးသပ်လိုပါသည်။ ယင်းအချိန်၊ ယင်းခေတ်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်၊ ဂျပန်၊ အိန္ဒိယ၊ တရုတ် စတဲ့နိုင်ငံများအကြား Soft Power၊ Hard Power တို့ကို ကျွမ်းကျင်စွာ ပေါင်းစပ်ပြီး Smart Power အဖြစ် ပြောင်းလဲကျင့်သုံးကာ လွတ်လပ်ရေး ရယူခဲ့သည်မှာ လေးစားလောက်သည့် စစ်ဘက်ခေါင်းဆောင်တစ်ဦးအဖြစ် တွေ့မြင်ရသလို ကျွမ်းကျင်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ်လည်း တွေ့မြင်ရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတကာဆက်ဆံရေးတွင် မြန်မာနိုင်ငံ လိုအပ်နေသည်မှာလည်း ယင်း Smart Power ပင်ဖြစ်သည်။ မိမိနိုင်ငံ အကျိုးစီးပွားအတွက် အင်အားချိန်ခွင်လျှာ ညှိနိုင်မှသာ မိမိနိုင်ငံအပေါ် သက်ရောက်နေသည့် ဖိအားများ လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံတော် အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

**ထပ်တူရည်မှန်းချက်**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် နိုင်ငံရေးအကွဲအပြဲ၊ ကိုယ်ကျိုးစီးပွားရှာ နိုင်ငံရေးသမားများနှင့် နယ်ချဲ့တို့၏ သွေးခွဲလှုံ့ဆော်မှုများ၏ အကျိုးဆက်ကြောင့် ဝမ်းနည်းဖွယ်ရာကျဆုံးခဲ့ရသည်။ "လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက ထွက်တော့မယ်၊ မထွက်လို့လည်း မဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်ရေးရပြီးရင် အာဏာနိုင်ငံရေး လာတော့မယ်၊ အာဏာနိုင်ငံရေးနဲ့ ကျွန်တော်နဲ့ မဖြစ်ဘူး"ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း မနှစ်သက်သော အာဏာနိုင်ငံရေးကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရပြီး မြန်မာနိုင်ငံအတွက်လည်း အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။ ယင်းသည် အာဏာနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေး၏ ကွာဟချက်ဟု မြင်မိပါသည်။ နိုင်ငံတည်ဆောက်ရာတွင် အမျိုးသားနိုင်ငံရေးသက်သက်ဖြင့် တည်ဆောက်ရန် မဖြစ်နိုင်သလို အာဏာနိုင်ငံရေး သို့မဟုတ် ပါတီနိုင်ငံရေးသက်သက်ဖြင့် လျှောက်လှမ်းရန်လည်း မဖြစ်နိုင်ချေ။ အမျိုးသားနိုင်ငံရေးဖြစ်စေ၊ အာဏာနိုင်ငံရေးဖြစ်စေ နိုင်ငံနှင့် ပြည်သူ အကျိုးစီးပွားအတွက် ဘုံရည်မှန်းချက်ရှိကြမှသာ အတ္တ၊ ပရ မျှတသော နိုင်ငံရေးဖြစ်နိုင်ပေမည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ နိုင်ငံရေးအယူအဆ ကွဲပြားနိုင်သော်လည်း ဘုံရည်မှန်းချက်အတွက် လက်တွဲလုပ်တတ်ရန်လည်း လိုအပ်မည် ဖြစ်သည်။

ကိုယ်ကျိုးစီးပွားနိုင်ငံရေးကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှု၊ နစ်နာမှုများဖြစ်ခဲ့ရပြီး ဖြစ်ပါသည်။ ယင်းသို့သော မှားယွင်းမှုများကို သင်ခန်းစာယူကြရပေမည်။ နိုင်ငံ၏ လက်ရှိအခြေအနေသည် ပို၍ပင်အရေးကြီးသည်ဟု ဆိုနိုင်ပါသည်။ အားလုံးမျှော်လင့်သည့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် ကိုယ်စီကိုယ်စီလိုလားချက်၊ ဆန္ဒများထက် ထပ်တူရည်မှန်းချက်များ လိုအပ်နေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့၏လက်အောက်မှာပင် အခက်အခဲအမျိုးမျိုးကြားမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သလို လွတ်လပ်ရေးကိုလည်း အရယူပေးနိုင်ခဲ့ပါသည်။ ယနေ့ အချိန်အခါသည် နယ်ချဲ့လက်အောက်မဟုတ်သလို ကိုယ့်နိုင်ငံကို ကိုယ်တိုင်အုပ်ချုပ်နေရသည့် အချိန်ကာလဖြစ်ပါသည်။ ယင်းသို့သောကာလတွင် နိုင်ငံ၏အခြေခံအင်အားစုများ အားလုံးပေါင်းစည်းလုပ်ကိုင်ရန် လိုအပ်ပေမည်။ အခြေခံအင်အားစုများသည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များ ဖြစ်ပါသည်။

အခြေခံအုတ်မြစ်ကောင်းမှ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ အဆင့်ဆင့်သို့လည်း တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အခြေခံအုတ်မြစ် မခိုင်သေးသရွေ့ နိုင်ငံတည်ဆောက်ရေး ခက်ခဲနေမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံ၏ အခြေခံအင်အားစုများအားလုံး ထပ်တူရည်မှန်းချက်များ ရရှိနိုင်ပါစေကြောင်း မျှော်လင့်မိပါသည်။

**အနှစ်သာရပြည့်သော ဂါရဝ**

မြန်မာနိုင်ငံ၏ စနစ်အပြောင်းအလဲသည် ဗိုလ်ချုပ်အောင်ဆန်းပြောသကဲ့သို့ သူများခြေတစ်လှမ်းလှမ်းလျှင် မိမိတို့က ခြေလှမ်းဆယ်လှမ်း လှမ်းကြရမည့် အချိန်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများကို ချစ်ခင်ပါက၊ လေးစားပါက၊ အနှစ်သာရရှိရှိ ဂါရဝပြုမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းကို အတုယူကြရမည်ဖြစ်သည်။ သူ၏ စကားကို လိုက်နာကြရမည်ဖြစ်သည်။ သူမျှော်မှန်းခဲ့သည့် နိုင်ငံဖြစ်ဖို့ ကျွန်တော်တို့အားလုံးတွင် တာဝန်ကိုယ်စီ ရှိပါသည်။

ယနေ့ဆောင်ရွက်ခဲ့သမျှကို အနာဂတ်မျိုးဆက်များက သမိုင်းမှတ်တမ်းတင်ကြမှာ သေချာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးစားမှုရလဒ်ကို ယနေ့ ကျွန်တော်တို့ခံစားနေရပြီ ဖြစ်သည်။ ထို့အတူ လက်ရှိဆောင်ရွက်နေသမျှ အားလုံး၏ ကောင်းမွေ၊ ဆိုးမွေအကျိုးဆက်ကို နောင်လာနောက်သားများ ခံစားကြရမည် ဖြစ်ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွေများကို ဆောင်ရွက်ပေးခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အနှစ်သာရရှိရှိ ဂါရဝပြုရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

> **" ယနေ့ဆောင်ရွက်ခဲ့သမျှကို အနာဂတ်မျိုးဆက်များက သမိုင်းမှတ်တမ်းတင်ကြမှာ သေချာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးစားမှုရလဒ်ကို ယနေ့ ကျွန်တော်တို့ ခံစားနေရပြီ ဖြစ်သည်။ ထို့အတူ လက်ရှိဆောင်ရွက်နေသမျှ အားလုံး၏ ကောင်းမွေ၊ ဆိုးမွေအကျိုးဆက်ကို နောင်လာနောက်သားများ ခံစားကြရမည် ဖြစ်ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွေများကို ဆောင်ရွက်ပေးခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အနှစ်သာရရှိရှိ ဂါရဝပြုရန် လိုအပ်ပါကြောင်း ... "**

## ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်ဆိပ်များ စည်းကမ်းလိုက်နာစေရေးနှင့် ဘေးကင်းလုံခြုံရေး ပညာပေး

**ရန်ကုန် ဇွန် ၃၀**

မိုးရာသီကာလအတွင်း ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်ကူးတို့ဆိပ်များအား သတ်မှတ်ထားသော စည်းကမ်းလိုက်နာမှုများရှိစေရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ပညာပေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များက မော်စက်ကူးတို့ဆိပ်၊ ကမာကဆစ်ကူးတို့ဆိပ်နှင့် စက်မြေကူးတို့ဆိပ်တို့အား ရှောင်တခင် စစ်ဆေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ်များအားလုံး၌ ခရီးသည်များအား ရေယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းကို စဉ်ဆက်မပြတ်ပြောကြားရန်၊ အသက်ကယ်အင်္ကျီများ ထားရှိစေရေး၊ သတ်မှတ်ခရီးသည်ထက် ပိုမို မလိုက်ပါစေရေး၊ ခရီးသည်များ အသက်ကယ်အင်္ကျီများ ဝတ်ဆင်ပြီးမှ မောင်းနှင်ကြစေရေးနှင့် ရေယာဉ်မောင်းသူများနှင့် ခရီးသည်များ လိုက်နာရမည့် စည်းကမ်းချက်များအား လူအများမြင်သာအောင် ဗီနိုင်းဖြင့် ရေးသား၍ သမ္ဗန်ဆိပ်အဆင်း ရန်ကုန်၊ ဒလဘက်ခြမ်းတို့၌ ထားရှိစေရေးတို့ကို စက်တပ်သမ္ဗန်ကူးတို့ဆိပ်တို့ရှိ ရေယာဉ်ဥက္ကဋ္ဌများအား ပြောကြားခဲ့သည်။

မိုးရာသီကာလ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်းနှင့် မြင်ကွင်းများ မရှင်းပါက ရေယာဉ်များအား ခရီးသည်တင်ဆောင်၍ ထွက်ခွာခွင့်မပြုကြစေရေး၊ သတ်မှတ်ထားသော လူဦးရေထက် ပိုမတင်ကြစေရေး၊ အသက်ကယ်အင်္ကျီများအား သတ်မှတ်လူဦးရေနှင့်အညီ ထားရှိစေရေး၊ အချက်ပြမီး တပ်ဆင်ထားရှိစေရေး၊ ခရီးသည်များအနေဖြင့် မိမိအသက် လုံခြုံမှုရှိစေရေးအတွက် အသက်ကယ်အင်္ကျီများ ဝတ်ဆင်ထားကြရန်၊ ခရီးသွားမိဘပြည်သူများအား လမ်းခရီး အဆင်ပြေချောမွေ့စေရေး ယဉ်ကျေးပျူငှာစွာ ဆက်ဆံခြင်း၊ ရေယာဉ်မောင်းနေစဉ် အရက်သေစာများသောက်စားခြင်း မပြုလုပ်ရန်နှင့် ပြည်သူများကလည်း သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပေးဖို့လိုအပ်ကြောင်း ဒလမြို့နယ် စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင်ကူးတို့သမ္ဗန်ဆိပ် ခြောက်ဆိပ်ရှိရာ ကမာအောင်ကူးတို့ဆိပ် အစင်း ၁၈၀၊ ရေကန်ကူးတို့ဆိပ် ၂၂ စင်း၊ တံလျှပ်ကူးတို့ဆိပ် ၄၆ စင်း၊ ဆာပါချောင်ကူးတို့ဆိပ် ၄၁ စင်း၊ ကျောင်းစု(စက်မြေ)ကူးတို့ဆိပ် ၂၂ စင်း၊ ကျောင်းစု(လက်၊ ခပ်)ကူးတို့ဆိပ် အစင်း ၂၀ စုစုပေါင်း ၃၃၁ စင်းရှိပြီး သမဝါယမအသင်းပိုင် ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ်၌ သမ္ဗတကမ်းခြေကူးတို့ဆိပ် ၃၄ စင်း၊ ကမာကသွယ်ကူးတို့ဆိပ် အစင်း ၃၀၊ ကမာကဆစ်ကူးတို့ဆိပ် ၄၁ စင်း၊ စက်မြေကူးတို့ဆိပ် ၃၁ စင်း၊ မော်စက်ကူးတို့ဆိပ် ၃၁ စင်း စုစုပေါင်း ၁၆၇ စင်းရှိရာ ဒလမြို့နယ်တွင် စက်တပ်သမ္ဗန်ပေါင်း ၄၉၈ စင်းရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပြည်သူ့အတွက် မြန်မာဥပဒေသတင်းအချက်အလက်

■လွင်သစ္စာ(ဥပဒေ)




မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် တရားဥပဒေစိုးမိုးရေး(Rule of Law) သည် ဦးစားပေးကဏ္ဍတွင် ပါဝင်ပါသည်။ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူပြုစေမည့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ကို မေလ ၂၄ ရက်မှစပြီး အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ်သည် ဥပဒေသတင်းအချက်အလက်များအား တစ်နေရာတည်းတွင် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထုတ်ယူခြင်းများကို ပြုလုပ်နိုင်ရန် အခမဲ့ဝန်ဆောင်မှုပေးနေသော စနစ်ဖြစ်ပေသည်။ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုအဖွဲ့အစည်းများသာမက တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အသီးသီးက စီမံခန့်ခွဲသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာနှင့် စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာဥပဒေအလိုက် အများပြည်သူတို့ ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးနေသော ဝက်ဘ်ဆိုက်ဖြစ်ပါသည်။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို www.mlis.gov.mm မှတစ်ဆင့် ဖြစ်စေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဝက်ဘ်ဆိုက်ဖြစ် သည့် www.oag.gov.mm မှတစ်ဆင့်ဖြစ်စေ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဥပဒေသတင်းအချက်အလက်များကို ပြည်သူများ ကွန်ပျူတာမှတစ်ဆင့် အင်တာနက်ချိတ်ဆက်သည့် portal မှ လည်းကောင်း၊ မိမိတို့၏ စမတ်ဖုန်းမှ တစ်ဆင့်လည်းကောင်း Myanmar3 font အသုံးပြု၍ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို ပြည်သူများအနေဖြင့် လွယ်ကူစွာရှာဖွေနိုင်ရန်အတွက် အသုံးပြုပုံအဆင့်ဆင့်ကို တင်ပြလိုက်ရပါသည်။

**မြန်မာဥပဒေသတင်းအချက်အလက်များကို ရှာဖွေခြင်း**

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၏ ပင်မစာမျက်နှာ (Home Page) ကို ဖွင့်လိုက်လျှင် Menu Bar တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဆင့်ခံဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသတစ်ဆင့်ခံဥပဒေများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ စီရင်ထုံးများ၊ ဇယားသို့မဟုတ်ပုံစံများ၊ အခြားဟူ၍ ခေါင်းစဉ်ကြီး ၁၁ ခု ခွဲခြားထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ထိုခေါင်းစဉ်များအနက် မိမိရှာဖွေလိုသော အကြောင်းအရာခေါင်းစဉ်ကို ကလစ်နှိပ်လိုက်ပါက ဆိုင်ရာအချက်အလက်များ ပွင့်လာပြီး မိမိနှစ်သက်ရာ ခေါင်းစဉ်မှတစ်ဆင့် ကလစ်နှိပ်၍ ဆက်လက်ရှာဖွေနိုင်ပါမည်။ အဆိုပါ Menu Bar ၏ အောက်တွင် တည်ဆဲဥပဒေ၊ ဘာသာပြန်သည့်ဥပဒေနှင့် ဥပဒေသမိုင်းဆိုသည့် အကြောင်းအရာ သုံးမျိုးအား တွေ့ရှိရမည်ဖြစ်ပါသည်။ အသုံးပြုသူအနေဖြင့် အဆိုပါ အကြောင်းအရာ သုံးမျိုးအနက်မှ မိမိကြည့်ရှုလိုသော အကြောင်းအရာကို ကလစ်နှိပ်၍ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ခေါင်းစဉ်ကို ကလစ်နှိပ်၍ ဖွင့်လိုက်လျှင် ၂၀၀၈ ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြင်တွေ့ရမည်ဖြစ်ပြီး အဆိုပါ စာမျက်နှာ၏ Menu Bar အောက်တွင်ရှိသော ဥပဒေသမိုင်းကို ထပ်မံကလစ်နှိပ်ပါက မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ပြီးသော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**ဥပဒေအမျိုးအစားများကို ခွဲခြားရှာဖွေခြင်း**

MLIS ၏ Home Page စာမျက်နှာတွင် ဥပဒေအမျိုးအစား ခွဲခြားခြင်းဇယား၌ ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ခေတ်အလိုက်ဟူ၍ သုံးမျိုးခွဲခြားပြီး ရှာဖွေ နိုင်ပါသည်။ **ဝန်ကြီးဌာနအလိုက်** ရှာဖွေရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက စီမံခန့်ခွဲသောဥပဒေများကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ ထို့အတူ **ကဏ္ဍအလိုက်**တွင်လည်း ကဏ္ဍ ၁၂ ရပ်ခွဲခြား၍ ဥပဒေများကို စုစည်းဖော်ပြထားသဖြင့် စီးပွားရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍစသဖြင့် ကဏ္ဍအလိုက် ရှာဖွေနိုင်ပါသည်။ **ခေတ်အလိုက်** ရှာဖွေရာတွင် လွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို မြန်မာနိုင်ငံဥပဒေအတွဲ ၁ မှ ၁၃ တွင် စုစည်းဖော်ပြထား၍ လွတ်လပ်ရေးမရမီကာလမှ ယနေ့ခေတ်ကာလ ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို ခေတ်ကာလအလိုက် ခွဲခြားပြီး လွယ်ကူလျင်မြန်စွာ ရှာဖွေနိုင်မည်ဖြစ်ပါသည်။

အသုံးပြုသူက မိမိဝင်ရောက်ရှာဖွေလိုသော ဥပဒေကို ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ခေတ်အလိုက် ရွေးချယ်ကလစ်နှိပ်ပါက မိမိရှာဖွေလိုသော ဥပဒေနှင့် ယင်းဥပဒေနှင့် သက်ဆိုင်သော နည်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ အစရှိသည့် တစ်ဆင့်ခံဥပဒေများကို တွေ့ရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုက စီမံခန့်ခွဲသော ဥပဒေရွေးချယ်၍ ကလစ်နှိပ်ပါက ဥပဒေပြဋ္ဌာန်းချက်ကို ဖတ်ရှုနိုင်ပြီး ယင်းပြဋ္ဌာန်းချက်ကို ဖတ်ရှုနိုင်ပြီး ယင်းပြဋ္ဌာန်းချက် စာမျက်နှာ၏ ဝဲဘက်အပေါ်ထောင့်တွင် သမိုင်း၊ ပြင်ဆင်ခြင်းဥပဒေ၊ ဥပဒေများဆိုသည့် Box သုံးခုအား တွေ့ရှိရမည်ဖြစ်ပါသည်။ အဆိုပါ Box များအား တစ်ခုချင်းစီ ကလစ်နှိပ်ဝင်ရောက်ပါက သက်ဆိုင်ရာဥပဒေ၏ ပင်ရင်းဥပဒေ၊ ပြင်ဆင်သည့်ဥပဒေ၊ ပြင်ဆင်သည့် အကြိမ်အရေအတွက်အပေါ် မူတည်၍ နောက်ဆုံးတည်းဖြတ်ပြင်ဆင်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များကို ဖတ်ရှုနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာတစ်ဆင့်ခံဥပဒေများကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ မိမိတို့ ရှာဖွေကြည့်ရှုသည့် ဥပဒေပြဋ္ဌာန်းချက်၏ ဝဲဘက်ဘေးတွင်လည်း အခန်းလိုက်၊ ပုဒ်မအလိုက် ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ရှိသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပါက Law in English ဆိုသည့် box ကို နှိပ်၍ ဘာသာပြန်ဆိုချက်ကို ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် Sub Menu Bar အောက်ရှိ Box တွင် အက္ခရာအလိုက်၊ ဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ဥပဒေအမျိုးအစားအလိုက်၊ ပြဋ္ဌာန်းသည့် ရက်စွဲအလိုက်၊ အာဏာတည်သည့် ရက်စွဲအလိုက်၊ ပြဋ္ဌာန်း၊ ပြင်ဆင်သည့် ဥပဒေအလိုက်တို့ကို ရွေးချယ် select မှတ်၍ ကလစ်နှိပ်ပြီး ရှာဖွေနိုင်ပါသည်။

**ဥပဒေအမည်ဖြင့် ရှာဖွေခြင်း**

မိမိရှာဖွေလိုသော ဥပဒေအမည်ကို Search Box တွင် အက္ခရာအလိုက် ရှာဖွေနိုင်ပါသည်။ ထိုသို့ ရှာဖွေရာတွင် မိမိရှာဖွေလိုသော ဥပဒေသည် ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဆင့်ခံဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတစ်ဆင့်ခံဥပဒေများဟူ၍ ကနဦး ရွေးချယ်ရမည်ဖြစ်ပါသည်။

ဥပဒေအမည်နှင့် ပုဒ်မအကြောင်းအရာကို အတိအကျ မသိစေကာမူ အကြောင်းအရာတစ်ခုကို ရှာဖွေလိုပါက Search Box တွင် ရိုက်ထည့်ပြီး Menu Bar ပေါ်ရှိ ပြည်ထောင်စုဥပဒေများကို ကလစ်နှိပ်လျှင် ယင်းအကြောင်းအရာပါရှိသည့် ဥပဒေများစာရင်းကို ဦးစွာ တွေ့ရှိနိုင်ပါသည်။ အဆိုပါ ဥပဒေစာရင်း၏ ဝဲဘက်အပေါ်ထောင့်တွင် ဥပဒေအမည်နှင့် ပုဒ်မအကြောင်းအရာ Box နှစ်ခုကိုလည်း တွေ့ရှိရမည်ဖြစ်ပြီး ပုဒ်မအကြောင်းအရာ Box အား ကလစ်နှိပ်လိုက်ပါက မိမိရှာဖွေလိုသည့် စာသားပါ ဥပဒေများအား ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို ရှာဖွေခြင်း**

Home Page ၏ Menu Bar ပေါ်ရှိ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များဆိုသည့် ခေါင်းစဉ်ကို ကလစ်နှိပ်၍သော်လည်းကောင်း၊ Search box တွင် မိမိသိရှိလိုသော သဘောတူစာချုပ်အမည် သို့မဟုတ် သဘောတူစာချုပ် အကြောင်းအရာကို ရိုက်ထည့်၍သော်လည်းကောင်း ရှာဖွေနိုင်ပါသည်။

**စီရင်ထုံးများကို ရှာဖွေခြင်း**

Search Box တွင် စီရင်ထုံးအမည် သို့မဟုတ် စီရင်ထုံးအကြောင်းအရာကို ရိုက်ထည့်ပြီး ရှာဖွေနိုင်သကဲ့သို့ Menu Bar ပေါ်ရှိ စီရင်ထုံးဆိုသည့် ခေါင်းစဉ်အား ကလစ်နှိပ်၍လည်း ရှာဖွေနိုင်ပါသည်။ ထို့အပြင် မိမိသိရှိလိုသော စီရင်ထုံးများကို အက္ခရာအလိုက်၊ တရားရုံး၊ စီရင်ထုံးအမျိုးအစား အသေးစိတ်တို့အား select ပေး၍ ရွေးချယ်ပြီးနောက် တရားမပြင်ဆင်မှု၊ တရားမအယူခံမှု၊ တရားမအထူးအယူခံမှု၊ တရားမအထွေထွေလျှောက်ထားမှု၊ ရာဇဝတ်ပြင်ဆင်မှု၊ ရာဇဝတ်အယူခံမှု၊ ရာဇဝတ်အထူးအယူခံမှုနှင့် ရာဇဝတ်အထွေထွေလျှောက်ထားမှုတို့ကိုလည်း မိမိတို့ ရွေးချယ်လိုသော စီရင်ထုံးအမျိုးအစားများကို ရွေးချယ်ကြည့်ရှုနိုင်ပါသည်။

**ဇယား သို့မဟုတ် ပုံစံများဖြင့် ရှာဖွေခြင်း**

Home Page မှ Search Box တွင် မိမိရှာလိုသော ဇယား သို့မဟုတ် ပုံစံအမည် သို့မဟုတ် အကြောင်းအရာကို ရိုက်ထည့်၍ Menu Bar ပေါ်ရှိ ဇယား သို့မဟုတ် ပုံစံများ ခေါင်းစဉ်ကို ထပ်မံကလစ်နှိပ်၍သော်လည်းကောင်း၊ Home Page မှ Menu Bar ပေါ်ရှိ ဇယား သို့မဟုတ် ပုံစံများ ခေါင်းစဉ်ကို ကလစ်နှိပ်၍သော်လည်းကောင်း Download ရယူကြည့်ရှုနိုင်ပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ်၏ အားသာချက်တစ်ခုမှာ ဥပဒေပြဋ္ဌာန်းချက်တစ်ခု၏ စာမျက်နှာ ညာဘက်အပေါ်ထောင့်တွင် လိပ်စာကူးယူရန်နှင့် ဖွင့်ထားသောစာမျက်နှာတွင် ရှာဖွေခြင်းဆိုသည့် Box များမှတစ်ဆင့် လိပ်စာကူးယူပြီး အခြားသူတစ်ဦးထံ ပို့ပေးနိုင်ခြင်း၊ ပြဋ္ဌာန်းချက်အကြောင်းအရာစာသားဖြင့် ရှာဖွေခြင်းတို့ ပြုလုပ်နိုင်သည့်အပြင် world file ဖြင့်ဖြစ်စေ၊ PDF File ဖြင့် ဖြစ်စေ Download ရယူ၍ Print ထုတ်ပြီးလည်း ဖတ်ရှုနိုင်ပါသည်။

Menu Bar ၏ အခြားခေါင်းစဉ်အောက်တွင် အသိပေးချက်၊ အမေးအဖြေကဏ္ဍ၊ Q&A တို့ ပါရှိသဖြင့် မြန်မာဥပဒေသတင်းအချက်အလက်စနစ်နှင့် စပ်လျဉ်း၍ သိရှိလိုသည်ကို မေးမြန်းနိုင်ပါသည်။ အသိပေးချက်အောက်၌ MLIS အသုံးပြုမှုလက်စွဲစာစောင်ကို Download ရယူ၍ ဖတ်ရှုနိုင်သကဲ့သို့ Myanmar 3 font နှင့် Keyboard ကိုလည်း Download ရယူနိုင်ပါသည်။ ဥပဒေသက်ရောက်မှုအောက်တွင် မူပိုင်ခွင့်နှင့် အကျိုးသက်ရောက်မှုတို့ကို ဖော်ပြထားပါသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)သည် ဥပဒေသတင်းအချက်အလက်အလုံးစုံကို တစ်နေရာထဲတွင် တစ်စုတစည်းတည်း ကြည့်ရှုနိုင်မည်ဖြစ်၍ ဥပဒေလေ့လာလိုသူများ၊ ဥပဒေကျောင်းသား၊ ကျောင်းသူများ၊ ရှေ့နေ ရှေ့ရပ်များအတွက် ဥပဒေစာကြည့်တိုက်တစ်ခုပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရမီ ပြဋ္ဌာန်းခဲ့သော ဥပဒေများကို မြန်မာနိုင်ငံ ဥပဒေအတွဲ ၁ မှ ၁၃ နှင့် ပါလီမန်ကာလ ပြဋ္ဌာန်းခဲ့သော ဥပဒေတချို့ကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြဋ္ဌာန်းခဲ့သော ဥပဒေများကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရှာဖွေနိုင်ပေရာ နိုင်ငံခြားသားများအတွက် လွန်စွာ အသုံးဝင်လှပါသည်။ ထို့အပြင် ဥပဒေသမိုင်းတွင် ရုပ်သိမ်းသည့် ဥပဒေများကို ဖတ်ရှုနိုင်ရန် ထည့်သွင်းဖော်ပြထားသည့်အပြင် ပြင်ဆင်သည့် ဥပဒေများတွင် ဥပဒေပြဋ္ဌာန်းချက် သမိုင်းပါရှိသဖြင့် ယခင်ပြဋ္ဌာန်းချက်နှင့် ပြင်ဆင်လိုက်သည့် ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ် ကြည့်ရှုနိုင်၍ ဥပဒေသုတေသီများအတွက် များစွာအကျိုးရှိလှပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် လွှင့်တင်ခြင်းအခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် ကြွရောက်အမှာစကားပြောကြားရာ၌ ကိုရီးယားသမ္မတနိုင်ငံသည် ပြည်သူများ၏ ဥပဒေအသိပညာ ဗဟုသုတနှင့် ဥပဒေ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်ခဲ့၍ ကိုရီးယားနိုင်ငံ၏စီးပွားရေးသည် အချိန်တိုအတွင်း လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာဥပဒေရေးရာ တိုးတက်ရေးတွင် မြန်မာဥပဒေသတင်းအချက်အလက်စနစ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို လွှင့်တင်နိုင်ခဲ့ခြင်းသည် နိုင်ငံသားတို့၏ ဥပဒေရေးရာ၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့ကို များစွာ အထောက်အကူပြုစေသည့်အပြင် e-Government လုပ်ငန်းစဉ်ကို တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပေသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် www.mlis.gov.mm တွင် မိမိသိလိုသည့် ဥပဒေသတင်းအချက်အလက်များကို ဝင်ရောက်ရှာဖွေလေ့လာနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

# ရန်ကုန်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေဝေရေလဲတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြို့တော်ဝန် ဦးမောင်မောင် စိုးနှင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် ပါဝင်လှူဒါန်းသည့်ကုမ္ပဏီများမှ ဝန်ထမ်းအလှူရှင်များ၊ အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်တက်ရောက်လာသူများက သစ်ပင်များစိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ဒေသစိမ်းလန်းစိုပြည်ရေး၊ မြေဆီလွှာဆုံးရှုံးမှုမရှိစေရေး၊ သဘာဝမိုးရေပိုမိုထိန်းသိမ်း နိုင်ရေး၊ ဂေဟစနစ်များ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ သစ်တောဥယျာဉ်အဖြစ် တည်ဆောက်နိုင်ရေး၊ သစ်တောဆိုင်ရာဗဟုသုတ အပြည့်အဝရရှိနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ယခုနှစ် သစ်ပင်စိုက်ပွဲတွင် ကျွန်းပင်နှင့်အရိပ်ရအပင်များဖြစ်သည့် ခရေ၊ မဟော်ဂနီ၊ ကံ့ကော်၊ ပျဉ်းမ၊ ဆီသပြေ၊ ကုက္ကို၊ ရေတမာ၊ မည်စည်၊ တည်ကြီး စသည့် သစ်ပင်ပေါင်း ၁၀၉၇၄၀ စိုက်ပျိုးရန် သတ်မှတ်လျာထားပြီး ယနေ့တွင် အပင်ပေါင်း ၂၁၆၀၀ စိုက်ပျိုးကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်အတွင်း ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သစ်ပင်ပေါင်း သိန်း၂၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၇၅ ရာခိုင်နှုန်းကျော် အောင်မြင်မှုရှိကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် တစ်သိန်းငါးသောင်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၇၄ ရာခိုင်နှုန်း အောင်မြင်မှုရရှိကြောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ၆၆ ဒသမ ၆၉ ရာခိုင်နှုန်း အောင်မြင်မှုရရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**






# လှုပိုးခေါင်ကြားစခန်း၌ နေအိမ်တည်ဆောက်နေမှုနှင့် ရေတံခါးတို့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကြည့်ရှုစစ်ဆေး

**မောင်တော ဇွန် ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမှတစ်ဆင့် ဘူးသီးတောင်သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လှုဖိုးခေါင်ကြားစခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှုဖိုးခေါင်စခန်း၌ နေအိမ်တည်ဆောက်နေမှုများနှင့် လှုဖိုးခေါင် ရေတံခါး ရေဝင်၊ ရေထွက်(ဝဲပုံ)တို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို စခန်းတာဝန်ရှိသူများအား မှာကြားသည်။

ခရီးစဉ်အတွင်း လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်သည် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် မောင်တောခရိုင်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်း-နေဝင်းထွန်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇွန် ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ယနေ့နံနက် ၈ နာရီက စစ်တွေမြို့ လေယာဉ်ကွင်းအဆင်းလမ်း အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတိုက်ရှေ့ မြေကွက်လပ်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူစိန်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ မန်ကျည်းရှား စသည့် သစ်ပင်ပေါင်း ၁၂၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**



တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း
ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်း
ကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# မိုင်းငေါ့မြို့ရှိ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မိုင်းငေါ့ ဇွန် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နယ်မြေခံတပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဇွန် ၃၀ ရက်တွင် မိုင်းငေါ့မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး၊ ဆေးတပ်သားသုံးဦးတို့ဖြင့် သွေးတိုး၊ ဆီးချို၊ လေဖြတ်၊ ပန်းနာရင်ကျပ်၊ အရေပြားနှင့် ပွေးရောဂါ၊ ရာသီတုပ်ကွေး၊ အစာအိမ်၊ အဆစ်အမျက်၊ ရေယုန်၊ အဆုတ်အအေးမိရောဂါ၊ အသည်းခြောက်နှင့် သည်းခြေကျောက်ရောဂါ၊ အရက်စွဲရောဂါနှင့် အသည်းရောင်ရောဂါရှိသောလူနာ ၇၁ ဦးကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာများ ဟောပြောခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

**လွိုင်ကော် ဇွန် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လွိုင်ကော်ခရိုင်ရုံးစာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာန (Community Centre)အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက လွိုင်ကော်မြို့ရှိ အဆိုပါ ရုံးနေရာ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မျက်နှာစာ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ငွေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ ကျောင်းသား ကျောင်းသူများက ဘင်ခရာနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာန (Community Centre) ဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

**ထုတ်လွှင့်ဖော်ပြ**

ထို့နောက် လူထုအခြေပြုဗဟိုဌာန ရှေ့မျက်နှာစာရှိ ယာယီမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ ပြည်သူလူထုအတွက် အသိပညာဗဟုသုတဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ပြည်သူလူထုအတွက် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သတင်းအချက်အလက် ဖြန့်ဝေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံနှင့် ရေဒီယိုထုတ်လွှင့်မှုဖြင့်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံပိုင်သတင်းစာများအပြင် Myanmar Digital News-MDN အမည်ဖြင့် Online မှလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ သတင်းများကို နိုင်ငံပိုင်မီဒီယာများအပြင် MOI Website မှလည်းကောင်း ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း။

**တန်ဖိုးရှိပြီး အသုံးဝင်**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာနအနေဖြင့်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်နိုင်ရန် ဆောင်ရွက်ခြင်း၊ စာတမ်းဖတ်ပွဲများနှင့် စာအုပ်ဈေးတန်း စီစဉ်ဆောင်ရွက်ပေးခြင်း၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရန်နှင့် "မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်"ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးနှင့် စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များ ထည့်သွင်းဆောင်ရွက်ခြင်းများအပြင် သင်တန်းများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စာဖတ်ဝိုင်း၊ ပြည်သူ့စကားဝိုင်းများ ကျင်းပမှုမှစပြီး ရပ်ရွာလူထုအတွက် တန်ဖိုးရှိပြီး အသုံးဝင်သည့်နေရာ၊ လူအများစုဝေးသည့် လူထုအခြေပြုဗဟိုဌာနများဖြစ်လာစေရန် အဆင့်မြှင့်တင်မှုနှင့်အတူ ပြောင်းလဲဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

**ဆွေးနွေးပြောကြားနိုင်**

ထိုသို့ဆောင်ရွက်ရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်လည်း ပူးပေါင်းပြီး ရွေ့လျားစာကြည့်တိုက်များ အပါအဝင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် Community Centre များတွင် Book Club, Youth Club, Woman's Club များလည်း ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီ အင်္ဂါရပ်များနှင့်အညီ ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန် ပြည်သူ့စကားဝိုင်း (Public Talk)များကို ကျင်းပနေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရ တစ်နည်းအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးနေသည့် အခွင့်အလမ်းများကို အမိအရ အသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးက ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်နေမှုများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမှု၊ ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေသခံပြည်သူများကိုယ်စား ဦးမိုးဇက်အောင်လေးက လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှုနှင့် ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဟု လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆောင်ရွက်သည့် ရွေ့လျားစာကြည့်တိုက်ကို ကြည့်ရှုအားပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် လူထုအခြေပြုဗဟိုဌာနအတွင်းရှိ ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေကြသော ကလေးများအား ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ကစားစရာအရုပ်များ ပေးအပ်ကြသည်။

ယင်းနောက် စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ပြတိုက်ငယ် ခင်းကျင်းပြသထားရှိမှု၊ ကွန်ပျူတာသင်တန်း ဖွင့်လှစ်လေ့ကျင့်မှုများအား လှည့်လည်ကြည့်ရှုကြကာ ၎င်းတွင်ကျင်းပသည့် လွိုင်ကော်မြို့ရှိ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)၏ စာဖတ်ဝိုင်းကျင်းပမှုတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ လွိုင်ကော်ခရိုင်ရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

---

☆ **ကျောဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရှစ်စက္ကန့်ငြိမ်သက်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အားအလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံအဆက်ဆက်တွင် ကျဆုံးခဲ့ရသော ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူတို့ကို ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးဝင်းထိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူးအဖွဲ့ဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်မျိုးဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က အမှာစကားပြောကြားကြသည်။

**ဆွေးနွေးဖတ်ကြား**

ယင်းနောက် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မြသီတာနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာပြုံးမိုအိတို့က အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးဖတ်ကြားကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် အတူတကွ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုံညီတွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးလုပ်ငန်းကော်မတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အစီရင်ခံစာများ ဖတ်ကြားကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ အခမ်းအနား ကျင်းပစဉ်။

---

## ပြင်ဆင်ဖတ်ရှုရန်

ဇွန် ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉)တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဆုချီးမြှင့်သတင်းအောက်ဆုံးပိုဒ်တွင် "ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်" (အစား) "လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်"ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်း(သတင်းစဉ်)**

# မူးယစ်၊ အရက်စွဲပါက ပျောက်ကင်းအောင် ကုသနိုင်ပါတယ်

ခင်ရတနာ

မည်သူမဆို စွဲလမ်းစေတဲ့ မူးယစ်နွယ်ဝင်အရာတစ်ခုခုကို သုံးစွဲနေပြီဆိုရင်တော့ ကုသဖို့ ကြိုးစားရပါတော့မယ်။ ပျောက်ကင်းအောင်ကုသနိုင်သလို မူးယစ်ဆေးသုံးနေသူတွေအတွက် အရင်ကလို အဖမ်းအဆီးခံရမှာမျိုးကိုလည်း စိုးရိမ်စရာမလိုတော့ပါဘူး။ လူနာတွေကို အကောင်းဆုံးကုသပေးတာတွေ၊ နွေးထွေးစွာ ဖေးမပေးတာတွေနဲ့ နှစ်သိမ့်ပညာပေးအစီအစဉ်ကောင်းတွေ အများကြီးရှိလာပါပြီ။ မိသားစုဝင်တွေကလည်း အရက် ဒါမှမဟုတ် မူးယစ်ဆေးစွဲနေသူအပေါ်ကို နားလည်ပေးဖို့ အသိပညာတွေနဲ့ လူနာတွေခံစားရတဲ့ စိတ်ရောဂါ အခြေအနေကိုသိဖို့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါတွေကလည်း ပြည်သူနဲ့လက်တစ်ကမ်းမှာရှိနေပြီး ကူညီပေးနေတဲ့ လူမှုအဖွဲ့အစည်းတွေဟာလည်း အများကြီးရှိနေတာကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရပါတယ်။

စုစုပေါင်းရဲ့ ၃၇ ရာခိုင်နှုန်းနဲ့ မူးယစ်ဆေးစွဲသူတွေရဲ့ ၅၃ ရာခိုင်နှုန်းမှာ ခံစားနေကြရတာပါ။ အရက်စွဲသူ သုံးယောက်မှာ တစ်ယောက်နဲ့ မူးယစ်ဆေးစွဲသူ နှစ်ယောက်မှာ တစ်ယောက်ဟာ ပူးတွဲစိတ်ရောဂါခံစားရတာဖြစ်ပြီး ပူးတွဲစိတ်ရောဂါကိုလည်း ကုသနိုင်ပါတယ်။

အဲဒီလို ပူးတွဲစိတ်ရောဂါအမျိုးအစားတွေက စိတ်ကျရောဂါ(စိတ်ဓာတ်အတက်၊ အကျဖြစ်တဲ့ရောဂါ)၊ စိုးရိမ်စိတ်လွန်ကဲတဲ့ရောဂါနဲ့ စိတ်ကစဉ့်ကလျားရောဂါ (Schizophrenia နဲ့ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းတဲ့ရောဂါမျိုး)တွေ ဖြစ်လာတာပါ။ အရက် ဒါမှမဟုတ် မူးယစ်ဆေး မစွဲလမ်းခင်ကတည်းက စိတ်ရောဂါက စဖြစ်လာတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ စိုးရိမ်စိတ်လွန်ကဲသူတွေဟာ စိတ်တည်ငြိမ်အောင်၊ အများအမြင်မှာ ပုံမှန်လို့ ထင်ရအောင် အရက်တို့ မူးယစ်ဆေးတို့ကို ရဲဆေးအနေနဲ့ သုံးတာပါ။ အလုပ်ပင်ပန်းသူတွေနဲ့ အိမ်နဲ့အဆင်မပြေသူတွေဟာလည်း စိတ်ငြိမ်အောင်၊ ခံနိုင်ရည်ရှိအောင် သုံးကြပါတယ်။ ဒါကို Self Medication (ကိုယ့်ကိုယ်ကိုယ် ဆေးကုတဲ့သူတွေ)လို့ ခေါ်ပါတယ်။ ဒီလိုသုံးနေရင်းနဲ့မှ စွဲသွားပြီးရောဂါနှစ်မျိုး တစ်ပြိုင်နက်ခံစားရလာပါတော့တယ်။





## ဆေးကြောင်တယ်ဆိုတာ ဘာလဲ

လူငယ်တွေမှာ အရက်နဲ့မူးယစ်ဆေးတွေ စမ်းသပ်သုံးကြတဲ့အခါကနေ စွဲလမ်းပြီး ကြာလာပြီးမှ စိတ်ရောဂါတွေ ဖြစ်လာတာလည်း ရှိပါတယ်။ များများစွဲလမ်းလာကြတာနဲ့ ထပ်ဆင့်စိတ်ရောဂါက ဆက်တိုက်ဖြစ်လာပါတော့တယ်။ ဒီလိုလူတွေဟာ စိတ်အလွန်ကျပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တာမျိုး၊ ဒေါသတွေ မလိုအပ်ဘဲ ထွက်ပြီး လူသတ်မှု ကျူးလွန်တာမျိုးနဲ့ နားထဲမှာ အသံတွေကြားလာတာမျိုးကလည်း ပူးတွဲစိတ်ရောဂါတွေဖြစ်ပါတယ်။ ဒါတွေကို ဆေးကြောင်တယ်လို့ အရပ်ထဲမှာတော့ ပြောကြပါတယ်။ ခြွင်းချက်ကတော့ အချို့ ဆေးစွဲ၊ အရက်စွဲ ရောဂါအဆင့်မြင့်လာရင်လည်း စိတ်ရောဂါလက္ခဏာနဲ့ ဆင်တူနေတတ်ပါတယ်။

## ပူးတွဲစိတ်ရောဂါအကြောင်း သိထားဖို့လို

မူးယစ်ဆေး၊ အရက်စွဲတဲ့အခါ နောက်ဆက်တွဲအဖြစ် စိတ်လှုပ်ရှားမှုဆိုင်ရာ ရောဂါတစ်မျိုးမျိုးကို ပူးတွဲခံစားရနိုင်ပါတယ်။ Dual Diagnosis လို့ခေါ်ပြီး အရက်စွဲသူ

## ဆေးဖြတ်မယ်၊ အရက်ဖြတ်မယ်

ဆေးဖြတ်တာ၊ အရက်ဖြတ်တာကို ကုသဖို့အတွက် စွဲနေသူတိုင်း ကြောက်ရွံ့တတ်ကြပါတယ်။ သေမတတ် ခံစားရတယ်ဆိုပြီးလည်း စွဲလမ်းသူတွေက ပြောတတ်ပါတယ်။ ဒါကတော့ ဟိုးယခင်က ကုထုံးတွေကြောင့်လည်း ဖြစ်ပါတယ်။ အရင်ကုထုံးတွေဟာ တုံးတိဖြတ်ပြီး ကုသတဲ့အတွက် ခံစားမှုကလည်း ကြောက်မယ်ဆိုရင် ကြောက်လောက်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ဆေးအဆိပ်ဖြေကုသတာကို အန္တရာယ်ကင်းကင်း၊ နာကျင်မှုကင်းကင်းနဲ့ ကုပေးနေပြီဖြစ်ပါတယ်။ လူနာရဲ့ ခန္ဓာကိုယ်ထဲက အရက်နဲ့ မူးယစ်ဆေးတွေ လျော့ပါးသန့်စင်သွားအောင် ကုသပေးတာဖြစ်ပြီး အများအားဖြင့်တော့ ရက်သတ္တတစ်ပတ်ကနေ သုံးပတ်သာ ကြာမြင့်တတ်ပါတယ်။

ဆေးအဆိပ်ပြေသွားရင်တော့ ပြန်လည်ထူထောင်ပေးရမှာပါ။ ပြန်လည်ထူထောင်ပေးရာမှာ တစ်ဦးချင်းရော၊ အုပ်စုလိုက်ရော စိတ်ကုထုံးနည်းနဲ့ ကုသတာ၊ အရက်နဲ့ မူးယစ်ဆေးဝါးရဲ့ အန္တရာယ်တွေကို ပြောပြပြီး ပညာပေးတာနဲ့ ပြည့်ဝတဲ့အာဟာရရှိအောင် ပြုစုတာ၊ ကာယကံရှင်ကို ဆေးစွဲတဲ့အကြောင်း ပိုသိလာအောင်နဲ့ စွဲထားတဲ့အရာတွေကို ပြန်ပြီးသုံးလိုတဲ့စိတ်အပေါ် အနိုင်ယူနိုင်အောင် လေ့ကျင့်သင်ကြားပေးပါတယ်။ ဥပမာဆိုရင်တော့ ဝိပဿနာနည်းနဲ့ တရားထိုင်တာမျိုး၊ ယောဂကျင့်တာမျိုးတွေလို လုပ်နိုင်ပါတယ်။ အဓိကကတော့ ဆေးပြန်မသုံးတာအပြင် ဘဝတစ်လျှောက် သာယာရေးနဲ့ စိတ်ဓာတ်ခိုင်မာရေးကိုလည်း ဖြည့်တင်းသင်ကြားပေးတာပါပဲ။

## သူတို့ကို ဘယ်လိုဆက်ဆံကြမလဲ

မိသားစုဝင်တွေနဲ့ သူငယ်ချင်းမိတ်ဆွေတွေရဲ့ အားပေးကူညီမှုက ဒီအချိန်မှာ အရေးကြီးပါတယ်။ နားလည်မှုပေးပြီး သူတို့အပေါ် ဝေဖန်တာ၊ နှိမ့်ချတာမျိုး မလုပ်သင့်ပါဘူး။ စိမ်းစိမ်းကားကားဆက်ဆံတာ၊ စိတ်မချတဲ့ အမူအရာတွေပြတာနဲ့ သူတို့ကို ကြောက်ရွံ့နေတာမျိုး လုံးဝမဖြစ်သင့်ဘူးလို့ စိတ်ရောဂါပညာရှင်တွေက ဆိုပါတယ်။ သွယ်ဝိုက်တဲ့ပုံစံနဲ့ အားပေးအားမြှောက်ပြုတာလည်းမလုပ်သင့်ပါဘူး။ ငွေကြေးတွေပေးတာ၊ သနားလို့ အနည်းငယ်ပြန်သုံးခိုင်းတာမျိုးဟာ အန္တရာယ်များသလို ကုသရာမှာလည်း အနှောင့်အယှက်ဖြစ်စေပါတယ်။ သူ့ရဲ့ အားနည်းချက်အဖြစ် အမြဲပြစ်တင်ပြောနေတာတွေဟာလည်း လူနာနဲ့ ပတ်ဝန်းကျင်အကြား ဆက်ဆံရေးတွေ ပျက်ပြားပြီး တစ်အိမ်လုံး နှစ်ရှည်လများ အကြာကြီး စိတ်ဆင်းရဲနေတာပဲ အဖတ်တင်မယ်ဆိုတာ သတိထားဖို့ လိုပါတယ်။

အားလုံးသိထားသင့်တာက အရက်နဲ့ မူးယစ်ဆေးစွဲရောဂါတွေနဲ့ ပူးတွဲဖြစ်တတ်တဲ့ စိတ်ရောဂါတွေဟာ အခြားရောဂါတွေလိုပဲ တိကျမှန်ကန်တဲ့ဆေးကုသမှုနဲ့ဆိုရင် ပျောက်ကင်းနိုင်ပါတယ်။ ဒါကြောင့် ဝေဒနာခံစားရသူတွေကို နားလည်စာနာပေးရင်းနဲ့ လမ်းကြောင်းမှန်ပေါ်ကို လျှောက်လှမ်းနိုင်ဖို့ အကူအညီတွေပေးဖို့ တိုက်တွန်းပါရစေ။ ။





# ပုလဲမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပုလဲ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု ပိတောက်ကုန်း(တောင်)ကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက် ရွှေနှင့်မြဓမ္မာရုံ၌ ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝေက ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်ထွန်းမြင့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထိုက်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဇော်မြင့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟန်ဇေယျာလင်းတို့က "ကျေးလက်ဒေသ ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဒေသခံပြည်သူ စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် အင်္ဂလိပ်စာဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

2019
MATRICULATION EXAMINATION
DEPARTMENT OF MYANMAR EXAMINATION
ENGLISH    Time Allowed: (3) Hours
WRITE YOUR ANSWERS IN THE ANSWER BOOKLET.
ANSWER ALL QUESTIONS.

I. **Read the passage.**

Helen's world was a dark and silent place. She became a very difficult child to live with. She ran about the house doing whatever she wanted. She became angry and violent very easily and threw things onto the floor or at other people. She fought with other children and sometimes hurt them.

Helen was almost a wild child. No one could control her. The Kellers didn't know what to do. They needed help. In February, 1887, Captain Keller contacted the Perkins Institute for the Blind in Boston. He asked the director of the Institute for help with Helen.

The director of the Institute spoke to a young woman called Annie Sullivan. He told Annie about Helen and asked her if she would like to become Helen's teacher. The director explained, "Helen is a very intelligent child, but she has no language. There's a treasure inside her that needs to be opened. And I think you can open it for her."

(A) **Write the correct word or words to complete each sentence.** **(5 marks)**

(1) The ---------- of Helen was a dark and silent place.
(2) Helen could not ---------- by anyone, because she was almost a wild child.
(3) The director of the Institute asked Annie if she would like to ---------- Helen.
(4) Helen is very ----------, but she has no language.
(5) The director of the Institute requested Annie to open ---------- inside Helen.

(B) **Answer each question in one sentence.** **(5 marks)**

(6) What kind of child was Helen?
(7) When Helen became angry and violent, what did she do?
(8) Why did the Kellers need help with Helen?
(9) Why did the Kellers contact the Perkins Institute for the Blind in Boston?
(10) Which two adjectives show that Helen was an uncontrollable child?

II. **Fill in each numbered blank with a word from the list given. There are five extra words. Write down only the number of the blank and the word that fills it.** **(10 marks)**

| | | | | |
|---|---|---|---|---|
| about | and | and | because | birds |
| by | develop | feed | female | for |
| from | habitats | her | into | male |
| One | other | others | pests | the |
| the | the | This | veins | wigglers |

Nearly two million species of insects, grouped ---(1)--- about 30 orders, live in many different ---(2)--- throughout the world. They are very important ---(3)--- they pollinate flowers and are food for ---(4)--- and other animals. However, many insects are ---(5)--- that feed on crops or spread diseases. ---(6)--- such insect is the mosquito.

There are ---(7)--- 3,000 species of mosquitoes, which are distinguished ---(8)--- their antennae of 14 or 15 segments ---(9)--- by the presence of scales on the ---(10)--- of their wings. The larvae are called ---(11)--- and are aquatic, feeding on plants, algae, ---(12)--- microscopic animal life. Some mosquitoes feed on ---(13)--- juices of plants, and some do not ---(14)--- at all in their adult stage. Only ---(15)--- mosquitoes suck the blood of humans and ---(16)--- warm-blooded animals, because they need blood to ---(17)--- each batch of fertile eggs. But like ---(18)--- male mosquito, females feed only on nectar ---(19)--- their food source. The female mosquito locates ---(20)--- human targets by following the carbon dioxide that we exhale.

III. (A) **Choose the appropriate word to complete each sentence.** **(5 marks)**

(1) The main task of the police is to detect and ----------- crime.
A. defend  B. protect  C. prevent
(2) The Shwedagon pagoda is clearly ----------- from the Hlaing river as it is situated on a hill.
A. observed  B. visible  C. looked at
(3) Space travel is one of the ----------- of modern science and technology.
A. activities  B. wonders  C. surprises
(4) As she had to get up early tomorrow, she set the ---------- for 5 a.m. before she went to bed.
A. alarm  B. watch  C. time
(5) We don't need to go out to have breakfast as it is ---------- at the hotel.
A. prepared  B. provided  C. supplied

(B) **Write the appropriate words or groups of words to complete the lines of verse.** **(5 marks)**

(6) For, so swiftly it flew, the sight
Could not follow it in ----------.
(7) It changed into an elephant
Of most -----------------,
(8) An old covered bridge
That -------------------;
(9) In -------------
Earth must disrobe her;
(10) Thus let me live, unseen, unknown;
Thus unlamented -------------;

IV. **Give complete answers to these questions.** **(10 marks)**

(1) Give a description of Jenny Tier Bishop.
(2) How did Julius Caesar fix his calendar and why?
(3) What are nightmares and when do they occur?
(4) How must the organizers of self-services store display their goods?
(5) What do these lines mean?
He plants the friend of sun and sky;
He plants the flag of breezes free;

V. **Read the passage.**

Forests and trees aren't just pretty to look at. They do an important job making the earth's environment suitable for life. They clean the air, store water, preserve soil, and provide homes for animals. They also supply food, fuel, wood products, and paper products for humans. In the past fifty years, more than half of the world's rainforests have been destroyed. Today, the forests of the world are being cut down at a rate of fifty acres every minute! Scientists say that if it continues, the world's climate may change, floods may become more common, and animals will die. One solution to the problem of deforestation is to use less paper. How can you use less paper? One answer is to reduce your paper use by using both sides of the paper when you photocopy, write a letter, or write a paper for school. A second answer is to reuse old paper when you can, rather than using a new sheet of paper. The backs of old envelopes are perfect for shopping lists or phone messages, and when you write a rough draft of an essay, write it on the back of something else. A final answer is to recycle used paper products instead of throwing them away. Most schools, offices, and neighbourhoods have some kind of recycling centre. If you follow the three Rs – reduce, reuse, and recycle – you can help save the world's forests.

**Answer these questions. Give complete answers.** **(10 marks)**

(1) What do forests and trees provide animals and humans?
(2) What has happened to rainforests of the world in the last fifty years?
(3) State any two ways of using less paper mentioned in the passage.
(4) What does the underlined word, **'it'** refer to?
(5) What other materials can we recycle apart from paper?

VI. **Punctuate the following.** **(5 marks)**

(1) why are you so late for the class nilar said the teacher
(2) he said no it didnt it rained two days ago
(3) you like watching tv dont you said my uncle to me
(4) no shouted mother dont touch the pot
(5) she exclaimed look what a beautiful flower it is

VII. (A) **Finish each sentence in such a way that it means exactly the same as the sentence given.** **(10 marks)**

(1) The day was so wet and cold that the children were kept indoors.
It was such -------------------------------------------------------------.
(2) Ko Ko was punished by his father. He did not misbehave anymore.
After --------------------------------------------------------------------.
(3) He decided to apply for the job although he didn't meet all the requirements.
In spite of ---------------------------------------------------------------------------.
(4) As soon as he set foot on the island, he looked around for a hiding place from the pirates.
No sooner -------------------------------------------------------------------------------------.
(5) The director said to the actress, "Wait for my signal before you say your part of the dialogue."
The director told ------------------------------------------------------------------------------.
(6) They had an early night in order to be ready for the exam the next day.
They had an early night so that ---------------------------------------------.
(7) Self-study is the best approach to successful learning.
No other approach -------------------------------------------.
(8) We can see the larvae of mosquitoes only through a microscope.
Mosquito larvae ------------------------------------------------------.
(9) Place things where you can see them or you will lose them.
Unless ------------------------------------------------------------.
(10) They haven't got the time to go on a vacation. They haven't got the money, either.
They have got neither -----------------------------------------------------------------.

(B) **Using the prompts given, write a very short paragraph on ONE of the following:** **(10 marks)**

**Why advertisements can be a problem**

- most people – advertisements – useful – give information – products – available – market
- they – give information – try – influence – emotions
- advertisers know – everyone tends – dream– having – better life
- they – try – make us believe – our dreams – true – we buy – products
- feelings – advertisers try – play on – differ according – age groups
- problem – advertisements – they imply – money – make – dreams come true
- we – not buy personal good looks – intelligence– good friendships – happy family
- a lot – advertisements – form – lying – not all advertisements – good
- can make people feel depressed – discontented– ordinary lives
- advertisements – problem – people – small amount – money – spend – luxuries

စာမျက်နှာ ၁၄ သို့ ❂

# ချူကလီးယားလက်နက် စွန့်ပယ်ရေးဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို ပြုံယမ်းသို့ သွားမည်

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် မြောက်ကိုရီးယား ချူကလီးယားလက်နက်စွန့်ပယ်ရေး ဆိုင်ရာကိစ္စရပ်များကို အသေးစိတ်တိုင်ပင်ဆွေးနွေးရန် လာမည့်ရက်သတ္တပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ဇူလိုင် ၆၊ ၇ ရက်တွင် ပြုံယမ်းသို့သွားရောက်ရန် စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်ဟု အမေရိကန်အစိုးရသတင်း အရင်းအမြစ်များက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

ဝန်ကြီး မိုက်ပွန်ပီယိုက မြောက်ကိုရီးယားတာဝန်ရှိသူ များနှင့်တွေ့ဆုံကာ ချူကလီးယားလက်နက် စွန့်ပယ်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးမည်ဖြစ်ပြီး ချူကလီးယားလက်နက်စွန့်ပယ်မည့် နောက်ဆုံး နေ့ရက်ကို တိုင်ပင်ညှိနှိုင်းဖွယ်ရှိကြောင်း သိရသည်။

ဇွန် ၁၂ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ချူကလီးယားစွန့်ပယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြုံယမ်းက ချူကလီးယားလက်နက်ကို အပြီးတိုင် စွန့်ပယ်မည်ဖြစ်ပြီး အမေရိကန်အနေဖြင့် ပြုံယမ်း၏ လုံခြုံရေးကို တာဝန်ယူပေးမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက မြောက်ကိုရီးယားခေါင်းဆောင်များနှင့် မကြာမီတွေ့ဆုံကာ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမည်ဖြစ် ကြောင်း သမ္မတထရန့်က ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် အီရန်နှင့် ပါကစ္စတန် သဘောတူ




**တီဟီရန် ဇွန် ၃၀**

နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အီရန်နှင့် ပါကစ္စတန် နိုင်ငံတို့မှ အထက်တန်းစစ်ဘက်တပ်မှူးများက ဇွန် ၂၉ ရက်တွင် သဘောတူညီခဲ့ကြကြောင်း အီရန်အစိုးရသတင်းဌာန အိုင်အာရ်အင်န်အေက သတင်းဖော်ပြသည်။

ပါကစ္စတန်ကြည်းတပ်ဦးစီးချုပ် ဘီလယ်အက်ဘာနှင့် အီရန်တော်လှန်ရေးအစောင့် တပ်ဖွဲ့မှ ကြည်းတပ်အကြီးအကဲ မိုဟာမက်ပက်ပူဇာတို့ ဇွန် ၂၉ ရက်က အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းသို့ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် ပါကစ္စတန် အထက်တန်းတပ်မှူးများ အစည်းအဝေးမှ နှစ်နိုင်ငံ စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာ ဆက်ဆံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်း၌ အကြမ်းဖက် သမားများအား တိုက်ခိုက်ရေးအတွက် အရေးပါသော ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက် အလက်များ အပြန်အလှန် မျှဝေပေးရန်တို့ကို အလေးပေးဆွေးနွေးခဲ့ကြသည်။

ဇွန် ၂၆ ရက်က အီရန်နှင့် ပါကစ္စတန်နှစ်နိုင်ငံ နယ်စပ်ဒေသတွင် အီရန် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဇွန် ၂၈ ရက်တွင် အီရန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး အဆစ်အလီခန်ဒူရာနီအား အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဆင့်ခေါ်ခဲ့သည်။

လက်နက်ကိုင်ပါကစ္စတန်လူမျိုး ဓားပြများ၏တိုက်ခိုက်မှုကြောင့် အီရန်စစ်ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး မီရာဂျာဗက်မြို့မှ စစ်ရဲတပ်ဖွဲ့ဝင်ရှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မီရာဂျာဗက် မြို့သည် အီရန်နိုင်ငံ စစ္စတန်နှင့် ဘလူချီစတန်ပြည်နယ်မှ မြို့တစ်မြို့ဖြစ်ပြီး ပါကစ္စတန်နှင့် အီရန်နှစ်နိုင်ငံနယ်စပ်ကို အဓိကဖြတ်သန်းရာလမ်းတွင် တည်ရှိသည်။ **ဆင်ဟွာ**

# အာဖဂန်အစိုးရကသတ်မှတ်သည့် အပစ်ရပ်ကာလပြီးဆုံး လုံခြုံရေးတပ်ဖွဲ့များက ထိုးစစ်များ ပြန်လည်စတင်

**ကဘူး ဇွန် ၃၀**

တာလီဘန်စစ်သွေးကြွများအပေါ် အာဖဂန်နစ္စတန် အစိုးရက တစ်ဖက်သတ် သတ်မှတ်ထားခဲ့သည့် အပစ်အခတ် ရပ်စဲရေးကာလသည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သမ္မတ အာရှက်ဖ်ဂါနီက ကြေညာချက် တစ်ရပ်ထုတ်ပြန်ခဲ့ပြီးနောက် အာဖဂန် နစ္စတန်အစိုးရ လုံခြုံရေးတပ်ဖွဲ့များက တာလီဘန်တို့အား ထိုးစစ်ဆင်မှုများ ပြန်လည်စတင်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်အစိုးရက သတ်မှတ် ခဲ့သော အပစ်အခတ်ရပ်စဲရေးကာလ သည် ၁၈ ရက်မျှ ကြာမြင့်ခဲ့ပြီး တာလီဘန်အဖွဲ့ အိ(ဒ်)ကာလအတွင်း သုံးရက်တာ အပစ်အခတ် ရပ်စဲရေး အပေါ် ထပ်ဆောင်းသတ်မှတ်ကာ တစ်ကြိမ်သက်တမ်းတိုးခဲ့ကြောင်း၊ ယင်းလုပ်ဆောင်ချက်မှာ ၉၈ ရာခိုင် နှုန်းခန့် အောင်မြင်မှုရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်သမ္မတ အာရှက်ဖ်ဂါနီ က ပြောကြားသည်။



ယခုအခါတွင် သတ်မှတ်ထားသည့် အပစ်အခတ်ရပ်မှုပြီးဆုံးသွားပြီဖြစ် ရာ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ များနှင့် ကာကွယ်ရေးတပ်ဖွဲ့များ အနေဖြင့် ၎င်းတို့၏ စစ်ဆင်ရေးများ ပြန်လည်စတင်ရန်ခွင့်ပြုလိုက်ပြီဖြစ် ကြောင်း သမ္မတက ပြောကြားသည်။

တာလီဘန်တို့က တစ်ဖက်သတ် သတ်မှတ်သော အပစ်အခတ်ရပ်စဲရေး ကာလဖြစ်သည့် သုံးရက်အတွင်း ၁၇ နှစ်နီးပါးကြာမျှ စစ်ပွဲဖြင့် ပင်ပန်း နွမ်းနယ်နေသည့် အာဖဂန်နစ္စတန် နိုင်ငံတစ်ဝန်းလုံးတွင် မကြုံစဖူး ထူးကဲစွာ တိုက်ခိုက်မှုများ လုံးဝ ဖြစ်ပွားခြင်း မရှိခဲ့ပေ။ **အေအက်ဖ်ပီ**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အမေရိကန်နုတ်ထွက်မည်ဟု သမ္မတ ထရန့် ခြိမ်းခြောက်

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့မှ နုတ်ထွက်ရန်ဆန္ဒရှိကြောင်း အိမ်ဖြူတော်ထိပ်တန်း တာဝန်ရှိသူများကို ပြောကြားခဲ့သည်ဟု မီဒီယာအချို့က ယနေ့သတင်း ထုတ်ပြန်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အမေရိကန်နိုင်ငံအပေါ် ကောင်းကျိုး ပေးမှုမရှိဘဲ ဆိုးကျိုးများကိုသာ အများဆုံးပေးလျက်ရှိပြီး အဘယ်ကြောင့် အမေရိကန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်နေသလဲဆို သည်ကို စဉ်းစား၍မရကြောင်း သူ၏အကြံပေးများကို သမ္မတ ထရန့်က ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက အမေရိကန်နိုင်ငံ အပေါ် မှီခိုအားထားကာ ကုန်သွယ်မှုများလုပ်ဆောင်လျက်ရှိကြောင်း သမ္မတ ထရန့်က ဆိုသည်။

သမ္မတ ထရန့်၏ပြောကြားချက်များကို the Axios သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သော်လည်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင် မျူချင်က ဖောက်စ်နယူးစ်သတင်းအေဂျင်စီနှင့် အင်တာဗျူးတစ်ခုတွင် အဆိုပါသတင်းနှင့်ပတ်သက်ပြီး ချက်ချင်းပြန်လည်ငြင်းပယ်ခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ နုတ်ထွက်မည် ဆိုသည်မှာ မဖြစ်နိုင်ပါကြောင်းနှင့် ယင်းသို့လုပ်ဆောင်မည်ဆိုပါက ကွန်ဂရက်လွှတ်တော်တွင် ထောက်ခံမှုရရှိမှသာ လုပ်ဆောင်နိုင်ပါကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ ယခုကဲ့သို့ သမ္မတ ထရန့်၏ ပြောကြားချက်များသည် 'အမေရိကန်သည်သာ ပထမ' ဟူသည့် ၎င်း၏ မူဝါဒကို လက်ကိုင်ကျင့်သုံးလျက်ရှိသည်ကို ပိုမိုပေါ်လွင်စေကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ

## ပြင်သစ်အသင်းက အာဂျင်တီးနားအသင်းကို နိုင်ပြီး ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့် တက်လှမ်း

ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ၁၆ သင်းအဆင့် ရှုံး၊ ထွက်ပွဲစဉ်အဖြစ် ဇွန် ၃၀ ရက်ညပိုင်းက ပြင်သစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက အာဂျင်တီးနားအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ ပွဲစဉ်တွင် ပြင်သစ်အသင်းသည် ပွဲကစားချိန် ၁၃ မိနစ်တွင် ဂရစ်ဇ်မန်း၏ ပင်နယ်တီသွင်းဂိုး၊ ပွဲကစားချိန် ၅၇ မိနစ်တွင် ပါဗက်၏ သွင်းဂိုး၊ ပွဲကစားချိန် ၆၄ မိနစ်နှင့် ၆၈ မိနစ်တို့တွင် သွင်းယူခဲ့သည့် မက်ပီ၏ သွင်းဂိုးနှစ်ဂိုးတို့ဖြင့် လေးဂိုးအထိသွင်းယူနိုင်ခဲ့ပြီး အာဂျင်တီးနားအသင်းမှာမူ ပွဲကစားချိန် ၄၁ မိနစ်တွင် ဒီမာရီယာ၏ သွင်းဂိုး၊ ပွဲကစားချိန် ၄၈ မိနစ်တွင် မာကာဒို၏ သွင်းဂိုးနှင့် နာကျင်အချိန်ပိုတွင် သွင်းယူခဲ့သည့် အဂူရို၏ သွင်းဂိုးတို့ဖြင့် သုံးဂိုးရရှိခဲ့သည်။

အဆိုပါပွဲစဉ်သည် ကမ္ဘာ့အဆင့်ငါးနေရာတွင် ရပ်တည်လျက်ရှိသည့် ပြင်သစ်အသင်းနှင့် အဆင့်ခုနစ်နေရာတွင် ရပ်တည်လျက်ရှိသည့် အာဂျင်တီးနားအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး ရှုံး၊ ထွက်အဆင့်တွင် ပြင်သစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့မှာ ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ခဲ့ကာ ပြင်သစ်အသင်းက ကစားကွက်အသာစီးရယူနိုင်ခဲ့သည့်အပြင် မက်ဆီ၊ အဂူရိုနှင့် ဒီမာရီယာတို့ဦးဆောင်လာသည့် အာဂျင်တီးနားအသင်းကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ပီမှာ လက်ရှိကမ္ဘာ့ဖလားတွင် သုံးဂိုးမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းမှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၆ သင်းအဆင့်မှာပင် နှုတ်ဆက်ခဲ့ရပြီဖြစ်ပြီး ယခုရှုံးပွဲသည် အာဂျင်တီးနားအသင်းနည်းပြ ဆမ်ပါအိုလီနှင့် တိုက်စစ်မှူး မက်ဆီတို့၏ အနာဂတ်အတွက်လည်း အဆုံးအဖြတ်ဖြစ်လာခဲ့သည်။



## စပိန်နဲ့ ခရိုအေးရှား အောင်ပွဲခံခွင့်ရမယ့် ၁၆ သင်းအဆင့် ပွဲစဉ်များ

**ဒီနေ့ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်တွေထဲမှာ အိမ်ရှင်ဖြစ်တဲ့ ရုရှားအသင်းရဲ့ပွဲစဉ် ပါဝင်နေပါတယ်။ ဒါပေမယ့် ရုရှားအသင်းဟာ ကမ္ဘာ့အဆင့်မှာ နာမည်ကြီးအသင်းဖြစ်တဲ့ စပိန်အသင်းနဲ့ ထိပ်တိုက်တွေ့နေတာဖြစ်လို့ စပိန်နဲ့ ရုရှားတို့ရဲ့ ပွဲစဉ်ကလည်း စိတ်ဝင်စားစရာကောင်းနေသလို ခရိုအေးရှားအသင်းနဲ့ ဒိန်းမတ်အသင်းတို့ရဲ့ ပွဲစဉ်ကလည်း ပရိသတ်အများစုက ခရိုအေးရှားအသင်းဘက်မှာ ရှိနေတာကြောင့် စိတ်ဝင်စားစရာအပြည့်ပေးမယ့်ပွဲစဉ်လည်း ဖြစ်ပါတယ်။**

**စပိန်-ရုရှား** **ည ၈း၃၀ နာရီ၊ ၁-၇-၂၀၁၈**

စပိန်အသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့အသင်းဖြစ်ပေမယ့် အိမ်ရှင်ဖြစ်တဲ့ ရုရှားအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်လို့ အကြိတ်အနယ်ကစားရမှာပါ။ စပိန်အသင်းက နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲမှ ရှုံးပွဲမရှိထားတဲ့အသင်းလည်းဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်ပြီး သုံးပွဲက သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ရုရှားအသင်းကတော့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးပြီး တစ်ပွဲက သရေရလဒ်ထွက်ပေါ်ထားပါတယ်။ စပိန်နဲ့ ရုရှားတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးပွဲမှာဆိုရင်တော့ စပိန်အသင်းက ရှုံးပွဲမရှိ စံချိန်တင်ထားတာကိုလည်းတွေ့ရမှာပါ။ စပိန်အသင်းဟာ ရုရှားအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးပွဲမှာဆိုရင် သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားပါတယ်။ ရုရှားအသင်းကတော့ စပိန်အသင်းနဲ့ ပွဲစဉ်မှာ အိမ်ရှင်အားသာချက်နဲ့ အဓိကခံကစားဖို့ရှိနေပါတယ်။ စပိန်အသင်းဟာ အုပ်စုအဆင့်ပွဲစဉ်တွေမှာလည်း ပေါ်တူဂီအသင်းကို တစ်ဖက်သုံးဂိုးစီသရေ၊ မော်ရိုကိုအသင်းကို တစ်ဖက်နှစ်ဂိုးစီသရေ၊ အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တာကြောင့် ရမှတ်ငါးမှတ်နဲ့ နောက်တစ်ဆင့်တက်ခဲ့တာပါ။ ရုရှားအသင်းကတော့ ဆော်ဒီအာရေဗျအသင်းကို ငါးဂိုးပြတ်၊ အီဂျစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ် ပြီး ဥရုဂွေးအသင်းကိုတော့ သုံးဂိုးပြတ်နဲ့ ရှုံးခဲ့တာပါ။ ဒီနှစ်သင်းရဲ့ အုပ်စုအဆင့်ပွဲစဉ်တွေကို ကြည့်မယ်ဆိုရင် အိမ်ရှင်ရုရှားအသင်းက နာမည်ကြီးအသင်းတွေနဲ့ တွေ့တဲ့အချိန်မှာ အားရစရာခြေစွမ်းမရှိခဲ့ပါဘူး။ စပိန်အသင်းကတော့ ဒီယေဂိုကော်စတာ၊ ဒေးဗစ်ဆေးလ်ဗား၊ အင်နီယေစတာ တို့လို ကစားသမားတွေရှိနေတာမို့ ကမ္ဘာ့ဖလားမှာ အစဉ်အလာကြီးမားတဲ့ စပိန်အသင်းကပဲ အနိုင်ရလဒ်တစ်ခုကို ဆောင်ကြဉ်းသွားဖို့ရှိနေပါတယ်။

**ခရိုအေးရှား-ဒိန်းမတ်** **နံနက် ၀၀း၃၀ နာရီ၊ ၂-၇-၂၀၁၈**

ခရိုအေးရှားအသင်းဟာ အာဂျင်တီးနားအသင်းကိုတောင် သုံးဂိုးပြတ်အနိုင်ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ ခရိုအေးရှားအသင်းမှာဆိုရင် ရာကီတစ်၊ မန်ဇူကစ်၊ လူကာမိုဒရစ်တို့လို အတွေ့အကြုံရင့်ကျက်ပြီး တစ်ဦးချင်းခြေစွမ်းပိုင်ဆိုင်ထားတာကြောင့် ဒိန်းမတ်အသင်းကို အသာစီးရယူပြီး ကစားသွားဖို့ရှိပါတယ်။ အုပ်စုအဆင့်မှာဆိုရင်လည်း နိုင်ဂျီးရီးယားအသင်းကို နှစ်ဂိုးပြတ်၊ အာဂျင်တီးနားအသင်းကို သုံးဂိုးပြတ်နဲ့ အိုက်စလန်အသင်းကို နှစ်ဂိုး-တစ်ဂိုး အဲဒီလို ရလဒ်တွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အုပ်စုအဆင့်မှာ ရှုံးပွဲမရှိစံချိန်နဲ့အတူ ရမှတ်ကိုးမှတ်ရရှိထားပြီး ၁၆ သင်းအဆင့်ကို ရမှတ်ကိုးမှတ်နဲ့ အုပ်စုပထမနေရာကနေ တက်ခဲ့တာဖြစ်ပါတယ်။ ဒိန်းမတ်အသင်းကတော့ ပီရူးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဩစတြေးလျအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေ၊ ပြင်သစ်အသင်းနဲ့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ခရိုအေးရှားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီး လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဒိန်းမတ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ အဲဒါကြောင့် ခြေစွမ်းပိုင်းအရရော တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာပါ သာနေတဲ့ ခရိုအေးရှားအသင်းကပဲ အနိုင်ရယူသွားဖို့ရှိနေပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးပွဲမှာတော့ နှစ်ပွဲစီအနိုင်ရရှိခဲ့ပြီး တစ်ပွဲက သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ဆုံးဖြတ်ရခက်ခဲတဲ့အနေအထားတစ်ခုဖြစ်နေပေမယ့် ခရိုအေးရှားအသင်းကသာ ပွတ်ကာသီကာ အနိုင်ရသွားဖို့ရှိနေပါတယ်။

## ၁၆ သင်း အဆင့်မှာ ကိုလံဘီယာနဲ့ တွေ့ဆုံနေခြင်းက ရှုံးထွက်အဆင့် အကြီးမားဆုံးပြိုင်ဘက်ဟု ဆောက်ဂိတ်ဆို

အင်္ဂလန်အသင်းဟာ အုပ်စု(G)ရဲ့ နောက်ဆုံးပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုဒုတိယနေရာနဲ့သာ နောက်တစ်ဆင့်တက်ခဲ့ပြီး ကိုလံဘီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်နဲ့ ဘယ်လ်ဂျီယံအသင်းနည်းပြ မာတီနက်ဇ်တို့ဟာ ကလီနင်ဂရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာ ကစားသမားအပြောင်းအလဲအတော်များများလုပ်လာခဲ့တာဖြစ်ပြီး အဓိက ကစားသမားအများစုကို ချန်ပြီး ပွဲထွက်ကစားစေခဲ့တာပါ။

ဒါပေမယ့် အသင်းလိုက်စုဖွဲ့မှုနဲ့ တစ်ဦးချင်းခြေစွမ်းကောင်းမွန်မှုရှိတဲ့ ဘယ်လ်ဂျီယံအသင်းကပဲ အသာစီးရယူခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၅၁ မိနစ်မှာ ရရှိခဲ့တဲ့ တောင်ပံကစားသမား ဂျာနျူဇက်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ဘယ်လ်ဂျီယံအသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တောင်ပံကစားသမားဂျာနျူဇက်ဟာ ဘယ်လ်ဂျီယံအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘယ်လ်ဂျီယံအသင်းနဲ့အတူ ကိုးပွဲကစားခဲ့ရာမှာ ပထမဆုံးသောနိုင်ငံတကာသွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာမို့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်နောက်ဆုံးခုနစ်ပွဲမှာ ခုနစ်ပွဲစလုံးအနိုင်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ် စိုက်ထူနိုင်ခဲ့ပြီး အုပ်စုအဆင့်မှာ သုံးပွဲစလုံး အနိုင်ရရှိခဲ့တဲ့အသင်းလည်းဖြစ်လာခဲ့ပါတယ်။ ၁၆ သင်းအဆင့်ကို အုပ်စုပထမနေရာနဲ့ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး နောက်တစ်ဆင့်မှာ ဂျပန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အင်္ဂလန်အသင်းကတော့ ဘယ်လ်ဂျီယံအသင်းကို ရှုံးခဲ့တာကြောင့် နောက်တစ်ဆင့်မှာ တောင်အမေရိကအသင်းဖြစ်တဲ့ ကိုလံဘီယာအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပြီး အဲဒီလိုတွေ့ဆုံနေတာဟာ အင်္ဂလန်အသင်းအတွက်တော့ ဆယ်စုနှစ်တစ်ခုအကြာမှာ ရှုံးထွက်အဆင့်ရဲ့ အကြီးမားဆုံးပြိုင်ဘက်ဖြစ်တယ်လို့လည်း အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ဆိုခဲ့ပါတယ်။

### ကမ္ဘာ့ဖလားပွဲစဉ်များ

FIFA WORLD CUP RUSSIA 2018

| | | | | |
|---|---|---|---|---|
| စပိန် | Vs | ရုရှား | ဇူလိုင် ၁ ရက် ည ၈း၃၀ |
| ခရိုအေးရှား | Vs | ဒိန်းမတ် | ဇူလိုင် ၂ ရက် နံနက် ၀၀း၃၀ |

### ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

FIFA WORLD CUP RUSSIA 2018

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၄ | - | ၃ | အာဂျင်တီးနား |

ငွေကြယ် - ရေးသားသည်

❂ စာမျက်နှာ ၁၁ မှ

**The Royal Kingdom of Cambodia**
- kingdom – Cambodia occupies part – Indochina peninsula – Southeast Asia
- many interesting places – see –Phnom Penh – capital –Cambodia
- can start – tour – Silver Pagoda – visit – National Museum – Independence Monument – Wat Phnom – market areas
- there – hand-woven silks – silver – gems – antiques – compete – attention
- located – Royal Palace compound – Silver Pagoda – named – floor made – 5,000 silver tiles
- walls surrounding – compound – covered – frescoes – depict episodes – Khmer version – Ramayana – Reamker
- National Museum – located – north – Royal Palace – represents – finest – Phnom Penh's architecture
- more than 5,000 works – art – range – 6th–13th Century –displayed inside
- visitors – rest – peaceful – palm-shaded central courtyard – lotus ponds
- think – one – Asia's richest cultures – resting there

VIII. **Choose a situation given below and write a letter. Do not write more than 300 words.** **(10 marks)**

You are **Aung Myat**. Now you are staying with your aunt's family at No. 45, Main Road, Taungdwingyi. Write a letter to your parents, telling them how you and your cousin are preparing for the matriculation examination and how they are taking great care of you.

**(OR)**

You are **Khin Khin**. You live at No. 2, Shweman Road, Mandalay. Write a letter to your cousin, **Ohnmar** who has put on a lot of weight these days, telling her to try to lose her weight and why she should do so.

IX. **Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** **(15 marks)**

How to stay safe in an earthquake

**(OR)**

Benefits of living in the countryside

**(OR)**

The advantages of watching cartoon movies

## ရေပူစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၃၀**

ရေပူအမြတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇွန် ၂၉ ရက်တွင် NISSAN ၁၂ဘီးယာဉ်တစ်စီး၊ AD VAN ယာဉ်တစ်စီးနှင့် TOYOTA HIACE ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွဲသား ၃ ဒသမ ၄၉၉၆ တန်၊ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စ ဆိုဒ်စုံ ၄၀၂ ကီလိုဂရမ် ခန့်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈ ဒသမ ၅၉၈ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၆ စီး၊ သွင်းကုန် ၉၇၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် အစီး ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀ ဒသမ ၅၁၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၅၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆ ဒသမ ၁၀၈ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်တွင် အမျိုးသမီးတစ်ဦးအား ဓားစာခံအဖြစ်ခေါ်ယူပြီး ထွက်ပြေးသူကို ပစ်ခတ်ဖမ်းဆီး

**ရန်ကုန် ဇွန် ၃၀**

ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်လှည့်ကင်း နှစ်ဖွဲ့ခွဲ၍ ဇွန် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က အမှတ် ၂ ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်တွင် လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် အင်းစိန်မြို့နယ် တညင်းကုန်းလမ်းဆုံဘက်မှ ဆိုင်ကယ်တစ်စီးအား သုံးယောက်အတူ စီးလာသည်ကို မသင်္ကာသဖြင့် စစ်ဆေးရန် ရပ်တန့်စေရာ ဆိုင်ကယ်အား ရပ်တန့်ပေးခြင်း မရှိဘဲ မောင်းနှင် ထွက်ပြေးခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသားတစ်ဦးမှာ ရွှေပြည်သာမြို့နယ် အမှတ် ၂ ရပ်ကွက်အရောက်၌ ဓားကိုင်ဆောင်ကာကျန်ရစ်ခဲ့ပြီး ကျန်နှစ်ဦးမှာ ဆက်လက်မောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း၊ ဓားကိုင်ကျန်ရစ်သူ အမျိုးသားမှာ ဒေါင်းမင်းလမ်းအတိုင်း ထွက်ပြေးသွားသဖြင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းအမျိုးသားမှာ လမ်းလျှောက်လာသူ အမျိုးသမီးတစ်ဦး၏ လည်ပင်းအား ဓားဖြင့်ထောက်ကာ ဓားစာခံအဖြစ်ခေါ်ယူပြီး ထွက်ပြေးရန်ကြိုးစားစဉ် ရဲတပ်ဖွဲ့ဝင်များက အဖမ်းခံရန်ပြောဆိုရာ လက်ခံခြင်းမရှိဘဲ ပြန်လည်ခုခံ ရန်ပြုသဖြင့် ရဲတပ်သား မျိုးကိုကိုကျော်က ၎င်းကိုင်ဆောင်သည့် MA 13 သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့ရာ ဓားကိုင်သူ အမျိုးသား၏ ဘယ်ဘက်ခါးမှ ဝမ်းဗိုက်သို့ ဖောက်ထွက်ဒဏ်ရာ တစ်ချက်ရရှိခဲ့ကြောင်း၊ ၎င်းအမျိုးသားမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေ ဝင်းထွန်းနိုင် (၃၆)နှစ် ဖြစ်ကြောင်း သိရပြီး အင်းစိန်ဆေးရုံသို့ ပို့အပ်ကာ အတွင်းလူနာ (စိုးရိမ်ရ)အဖြစ် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဝင်းထွန်းနိုင်အား ရွှေပြည်သာမြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်တွင် ခရီးသည်တင်ယာဉ်တစ်စီး လမ်းဘေးသို့ တိမ်းမှောက်

**သီပေါ ဇွန် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာနှင့် နားခဲကျေးရွာကြားရှိ ဇလီဖားတုံးစက်ရုံအနီး ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ဇွန် ၃၀ ရက် နံနက် ၂ နာရီခွဲက လားရှိုးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးသည် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်ပေါ်၌ ခရီးသည်၂၀ ပါဝင်ပြီး နှစ်ဦးဒဏ်ရာရရှိသွား၍ သီပေါမြို့ ပြည်သူ့ဆေးရုံသို့ သယ်ဆောင်ကုသပေးလျက်ရှိသည်။ တိမ်းမှောက်သွားခဲ့သည့် ခရီးသည်တင်ယာဉ်အား ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ကရိန်းဖြင့်ဆွဲတင် ပေးခဲ့သဖြင့် ပြည်ထောင်စုကားလမ်းမကြီးကို ခေတ္တပိတ်ထားခဲ့ရပြီး နံနက် ၁၀ နာရီတွင် လမ်းပြန်လည်ဖွင့်ပေး၍ ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

**သီပေါကိုလတ်**



## နယ်လှည့်ခိုးနေသော အဖွဲ့ဝင်သုံးဦးအား ခိုးရာပါပစ္စည်းများနှင့်အတူ ဖမ်းမိ

**မုံရွာ ဇွန် ၃၀**

နယ်တကာပွဲဈေးနှင့် လမ်းဘေးဈေးဆိုင်များကို ပစ်မှတ်ထား၍ ကားဖြင့် နယ်လှည့်ခိုးနေသော အဖွဲ့ဝင်သုံးဦးကို ခိုးရာပါပစ္စည်းများနှင့်အတူ မုံရွာမြို့နယ် ကျောက်ကာရွှေဂူနီဘုရား ဈေးတန်းအနီး၌ ဇွန် ၂၈ ရက် ညနေပိုင်းက ဖမ်းဆီးရမိကြောင်း မုံရွာနယ်မြေရဲစခန်းမှူး ရဲအုပ်ဆန်းလင်းထံမှ သိရသည်။

"နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်တင့်လွင်ဦးနဲ့အဖွဲ့က နယ်မြေသတင်းစုံစမ်းနေတဲ့အချိန် ကျောက်ကာရွှေဂူနီဘုရားအနီး ကျောက်ကာလမ်းဘေးမှာ အမိုးချထားတဲ့ မသင်္ကာစရာ လိုက်ထရပ်အဖြူရောင်ယာဉ်တစ်စီးကို တွေ့တယ်၊ ကားနောက်ခန်းမှာ အဝတ်အစားအစုံနဲ့အတူ ပုဆိုးတွေ၊ ဘက်ထရီအိုးတွေ တွေ့ပါတယ်၊ ကားပေါ်မှာရှိနေတဲ့ ကံမမြို့နယ် ဖလံခုံကျေးရွာက ကိုဇော်နိုင်၊ ကိုမိုးဆွေနဲ့ မသီတာအေးတို့ကို စစ်ဆေးမေးမြန်းတော့ အထောက်အထားခိုင်လုံစွာ မပြောနိုင်တဲ့အတွက် ရှာဖွေပုံစံနဲ့ ပစ္စည်းတွေကို သိမ်းဆည်းခဲ့တယ်၊ အနီးစပ်ဆုံးသံသယရှိတဲ့ ကျောက်ကာ အမှတ်တရအင်္ကျီအဖြူတွေ တွေ့တော့ ကျောက်ကာရွာကိုသွားစုံစမ်းလိုက်တာ အင်္ကျီတွေပျောက်သွားတယ်၊ CCTV မှတ်တမ်းပြန်ကြည့်တော့ ကားနဲ့လာပြီး ခိုးသွားတယ်ဆိုတာ တွေ့ရတယ်၊ သူတို့သုံးဦးနဲ့အတူ ပါဝင်တဲ့အမျိုးသမီးသုံးဦးက ထွက်ပြေးသွားတဲ့အတွက် ဖမ်းဆီးရမိဖို့ ဆောင်ရွက်နေပါတယ်"ဟု ရဲအုပ်ဆန်းလင်းက ရှင်းပြသည်။ နယ်လှည့်ခိုးနေသောအဖွဲ့တွင် ဖမ်းမိသော ကံမမြို့နယ် ဖလံခုံကျေးရွာမှ ကိုဇော်နိုင်၊ ကိုမိုးဆွေနှင့် မသီတာအေးတို့ကို စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့နှင့် ထွက်ပြေးတိမ်းရှောင်နေသော အမျိုးသမီးသုံးဦး စုစုပေါင်းခြောက်ဦးတို့သည် နယ်လှည့်ကာ ဘုရားပွဲဈေးဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များကို ပစ်မှတ်ထားခိုးယူနေခြင်းဖြစ်ကြောင်း သိရသည်။



ဖမ်းမိသူသုံးဦးနှင့်အတူ ဘက်ထရီအိုးအသစ်လေးလုံး၊ ဆိတ်ခွန်လုံချည် အထည်၂၀ ခန့်၊ အမျိုးသားဝတ်ဘောင်းဘီတို၊ အမျိုးသမီးဝတ်ဇာအင်္ကျီ၊ ချည်သားလုံချည်၊ ကလေးဝတ်အင်္ကျီ၊ စွပ်ကျယ်၊ ကျောင်းစိမ်းလုံချည်၊ စင်ကြယ်ဖိနပ်၊ မီးကွေးများ၊ ပလတ်စတစ်လက်ဆွဲခြင်း၊ ပစ်တိုင်းထောင်ရုပ်များ စသည့် ပစ္စည်းတို့နှင့်အတူ လက်ကိုင်ဖုန်းလေးလုံး၊ လက်ကိုင်အိတ်သုံးလုံး အတွင်းမှာ ငွေကျပ် တစ်သိန်းသုံးသောင်းကျော်နှင့် လိုက်ထရပ်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသော အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို စစ်မေးကာ ထွက်ပြေးလွတ်မြောက်နေသော အမျိုးသမီးသုံးဦးကို အမြန်ဆုံးဖမ်းမိရေး ဆောင်ရွက်လျက်ရှိကြောင်း မုံရွာနယ်မြေရဲစခန်းမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁-၇-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "အံ့ဖွယ်ကိုးစုံမြတ်ဘုရား ရွှေစည်းခုံ" |
| ၈း၃၅ | မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ (ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ တစ်စိတ်တစ်ဒေသ) |
| ၉း၁၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ခင်ဗျားညီမကို" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်) |
| ၉း၂၀ | "ငွေခေတ်သူရဲကောင်းများ" (အပိုင်း-၂) |
| ၉း၄၀ | MRTV Travelogue |
| ၁၀း၀၀ | Sanday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၁၅ | ကဗျာရိပ်မြုံ "ဖေဖေ့စာအုပ်စင်" |
| ၁၁း၄၅ | "ရိုးရာဓလေ့အောက်က ကယန်း အမျိုးသမီးလေးတွေအကြောင်း" |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာဂန္ထဝင်ရုပ်ရှင် "ပန်းမြို့တော်သို့ခြေလှမ်းသုံးဆယ်" (ဝင်းဦး၊ ကျော်စွာဝင်း၊ ချိုပြုံး) (ဒါရိုက်တာ-ဝင်းဦး) |
| ၁၅း၀၀ | Sunday Talk |

**ညပိုင်း**

| | |
|---|---|
| ၁၅း၄၅ | Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yangon United FC Vs Magwe FC) |
| ၁၈း၂၀ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "သာစွဌာနေ မော်လိုက်မြေ" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း -၂) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | လပတ်မိုးလေဝသအခြေအနေ -"In & Out" (Taiwan ခရီးစဉ်) (အပိုင်း-၆) (လေးဖြူနှင့်အဖွဲ့) -မဟာဇနကဇာတ်တော်ကြီး (ပထမပိုင်း) - မြန်မာဗီဒီယိုဇာတ်လမ်း "မုန်းမိမယ်" (ဇာတ်သိမ်းပိုင်း) (မြင့်မြတ်၊ ခိုင်သင်းကြည်၊ ခင်လေးနွယ်) (ဒါရိုက်တာ-မီးပွား) |
| ၁၂း၀၀ | ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Croatia Vs Denmark) - အစီအစဉ်ပြီး၏။ |

# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို) များ (၆၆)



ကြည်လွင်မြင့် (မုဒြာ)
www.facebook.com/
Kyi-Lwin-Myint-Mudra

**ဆရာ၊ ကျွန်တော့်နှာခေါင်းက ယားပြီး အနံ့ထွက်နေတယ် ဆရာ။ ကြက်သား၊ ပုစွန် စားရင် နှာခေါင်းက ယားပြီး အပုပ်နံ့ ထွက်ပါတယ်။ ကျွန်တော် နား၊ နှာခေါင်း၊ လည်ချောင်း ဆေးခန်းလည်း ပြပါတယ်။ ကောင်းကောင်း မသက်သာပါ။ ဆေးနည်းရှိရင် ညွှန်ကြားပေးပါ။**

ထိပ်ကပ်နာ အမျိုးအစားဝင် နှပ်ပုပ်ရောဂါဖြစ်ပါတယ်။ မျက်နှာသစ်တဲ့ အခါတိုင်း ရေကိုလက်ခုပ်နဲ့ယူပြီး နှာခေါင်းအတွင်းကို ရှူသွင်း၊ ရှူထုတ်လုပ်ပေးပါ။ နှာခေါင်းအတွင်းက သန့်စင်ပြီး နံရံသွေးကြောတွေ ကောင်းလာပါလိမ့်မယ်။ ချိုးလိုက်ရင် အစေးထွက်တဲ့ မုရိုးပင်ခေါ် ဖြေုကြီးပင်ကအရွက်တွေ အခြောက်လှန်းထားပြီး အမှုန့်ပြုလုပ်ပါ။ အဲဒီအမှုန့်ကို မီးခဲပေါ်ဖြူးပြီး မှိုင်းရှူပေးပါ။ နှာခေါင်း အပုပ်နံ့ထွက်တာ၊ ထိပ်ကပ်နာဖြစ်တာ သက်သာပျောက်ကင်းစေနိုင်ပါတယ်။ မရိုးပင်ကို အညာဒေသမှာ ပေါပေါများများတွေ့ရပါတယ်။ နွားနို့ထဲ မရိုးအစေးထည့်ကျိုရင် နွားနို့ခဲရလို့ နို့ခဲပင်လို့လည်းခေါ်ကြတယ်။ မရိုးပင်ကို ဆေးကျမ်းတွေမှာ ဖြေုကြီးပင်၊ ကျွဲနပေါင်းပင်လို့လည်း ရေးသားပါတယ်။ အရှင်နာဂသိန် ဆေးကျမ်း(အတွဲ-၂)မှာ အစေးသည် ခါး၏၊ ငန်၏၊ ပူသောဝိရိယရှိ၏၊ နူးညံ့၏၊ ကြေကျက်လွယ်၏၊ နူနာ ဂူလုံးရောဂါများနိုင်၏၊ ဝမ်းနုတ်ဆေးအဖြစ်သုံးနိုင်၏၊ ချွေးထွက်စေ၏၊ အန်စေ၏၊ ထိုအပင်၏ အမြစ်ခေါက်သည် ခါး၏၊ သက်၏၊ ချပ်၏၊ ပူ၍ ဝမ်းမီးတောက်၏၊ သည်းခြေယိုစီးခြင်းကို ပြု၏၊ အားကိုဖြစ်စေ၏၊ အသက်ရှည်ခြင်းကိုပြု၏လို့ ဆိုထားပါတယ်။ (မရိုးပင်သည် လူတစ်ရပ်နည်းပါးခန့်မြင့်ပြီး ချုံပင်ကြီးမျိုးဖြစ်သည်။ အရွက်ပင်စည် တစ်ပင်လုံး အဖြူရောင်အမွေးနုများဖြင့် ဖုံးအုပ်ထားသည်။ ချိုးဖွဲ့ရင် အဖြူရောင် နို့စေးတွေ ထွက်တတ်သည်။ အပင်ရဲ့ထိပ်ကနေ ပန်းခိုင်ကြီးတွေ အစုလိုက်ထွက်သည်။ ပန်းပွင့်အရောင်က အဖြူရောင်ကနေ Lavender အရောင်ရှိကြသည်။ နို့စေး milky latex ထဲမှာတော့ cardiac glycosides, fatty acids,နဲ့ calcium oxalate တွေပါဝင်လို့ ဆေးဖက်ဝင်လှတယ်။ ရိုးရာဆေးဝါးအနေနဲ့ သူတစ်ခုတည်း သို့မဟုတ် အခြားဆေးဝါးနှင့်ရောပြီး အသုံးပြုနိုင်ကြောင်းကို Caius 1986 က သုတေသနပြု တင်ပြခဲ့တယ်။ ကုသနိုင်တဲ့ ရောဂါတွေက fevers အဖျား၊ rheumatism အဆစ်အမျက် ကိုက်ခဲခြင်း၊ indigestion အစာမကြေ၊ cough ချောင်းဆိုး၊ cold အအေးမိ၊ eczema, asthma ပန်းနာ၊ elephaltiasis ဆင်ခြေထောက်၊ nausea, vomiting အော့အန်ခြင်း၊ diarrhea ကာလဝမ်း တို့ဖြစ်ကြသည်။ ဖြေုကြီးပင်နှင့် ရောဂါအတော်များများ ပျောက်ကင်းနိုင်ကြောင်း တွေ့ရသည်)။ Rf; Dr. Thet Naing Oo, Botanist

**ဆရာရှင့်၊ ကျွန်မ အသက်က ၅၀ ကျော်ပါပြီ။ ပြီးခဲ့တဲ့ သင်္ကြန်မှာ တရားစခန်း ၁၅ ရက်ဝင်ပါတယ်။ ရှစ်ရက်လောက်မှာ ခြေထောက်က ထုံကျဉ်ပြီး လမ်းလျှောက်ရင် ဘယ်ခြေထောက်က အပေါ် ဆွဲတင်မရဘဲ တရွတ်ဆွဲသွားနေရပါတယ်ရှင့်။ ဘယ်ဘက်အပြင် ညာဘက်ပါ ကူးလာပြီး ခြေဖဝါးနဲ့ ခြေချောင်းထိပ်လေးတွေ ထုံလာပါတယ်ရှင့်။ ပြီးတော့ ဆိုင်ရောင်းသူဆိုတော့ တစ်နေကုန် ရပ်ပါများရင် ခြေဖဝါးတွေ ကျိန်းစပ်လာပါတယ်။ ကျေးဇူးပြုပြီး ပျောက်ကင်းနိုင်တဲ့ ဆေးနည်းလေး အကြံပေးပါရှင့်။**

ခြေထောက်နှစ်ဖက်ကို ခြေမျက်စိမြုပ်အောင် ဆားရည်နွေးနွေးမှာ စိမ်ပေးပါ။ ထုံကျဉ်ပျောက်အောင် ဆင်တုံးမန္ဒယ်အမှုန့်ကို (ပရဆေးဆိုင်ဝယ်) ပျားရည်နဲ့ တေစားပါ။ ဟင်းစားဇွန်း တစ်ဇွန်း မနက်၊ ည စားပါ။ အကြောလိမ်းဆေးအဖြစ် ချင်းခြောက်အမှုန့် နှစ်ဆ၊ လင်းနေမှုန့်တစ်ဆ ရောစပ်ပြီးရေနွေးနဲ့ ဖျော်လိမ်းပါ။

**ဆရာခင်ဗျာ၊ မရိုမသေ မေးမြန်းတာ မဟုတ်ပါ။ ကျွန်တော့်အိမ်က ခွေးမလေးက မွေးရာပါ အတက်ရောဂါ ပါလာပါတယ်။ ဖြစ်လာရင် လမ်းမသွားနိုင်ဘဲ ယိမ်းယိုင်ပြီး လျှာထွက်လာပါတယ်။ လူတွေလိုပဲ နှိပ်ပေးရင် သက်သာပါတယ်။ တိရစ္ဆာန်ဆရာဝန်ပြပြီး အင်္ဂလိပ်ဆေးနဲ့ ကုနေတာလည်း မပျောက်လို့ပါ။ အတက်ရောဂါအတွက် ဆေးနည်းရှိရင် လမ်းညွှန်ပေးဖို့ လေးလေးစားစား တောင်းခံပါတယ်။**

တိရစ္ဆာန်တွေမှာလည်း အတက်ရောဂါ ဖြစ်လေ့ရှိပါတယ်။ စပါးလင်ရွက်ကိုထောင်း ထန်းလျက်ခဲနဲ့ ရောလုံးပြီး ကွမ်းသီးလုံးလောက် နေ့စဉ်ခွံ့ပေးရင် အတက်ရောဂါ ပျောက်နိုင်ပါတယ်။ တမာရွက်ပြုတ်ရည်နဲ့ တစ်ပတ်တစ်ကြိမ်လောက် ရေချိုးပေးပါ။ ပိုက်ဆံကြေးပြားကို အပေါက်ဖောက်ပြီး ခွေးလည်ပင်းမှာ ဆွဲပေးရင်လည်း အတက်ရောဂါ ပျောက်တယ်ပြောပါတယ်။ ငှက်ပျောဖက်ခင်းပြီး အစာကျွေးပေးရင်လည်း ခွေးနေကောင်းတယ် ပြောပါတယ်။ ဆရာလည်းသိသလောက် တင်ပြတာပါ။

**ဆရာရှင့်၊ ကန်တော့ပါ ဆရာ။ သမီးအရင်တုန်းက ချိုင်းမွေးရိတ်ပါတယ်။ ပြီးခဲ့တဲ့ လတုန်းက ချိုင်းမွေးနုတ်လိုက်တာ တအားနာပြီး နောက်ကျတော့ အကျိတ်ပေါက်လာလို့ပါ ဆရာ။ အကျိတ်ကတော့ သေးသေးလေးပါ။ စမ်းကြည့်ရင် ပြေးနေသလိုပါ။ ကင်ဆာအကျိတ် ဖြစ်မှာစိုးလို့ပါ ဆရာ။**

ရွှေ့တဲ့အကျိတ်က ကင်ဆာမဖြစ်ပါ။ အမွေးနုတ်တာ အငုတ်ကျန်ခဲ့လို့ အကျိတ်ဖြစ်လာတာပါ။ ဇာတိပ္ဖိုလ်သီးသွေးလိမ်းပါ။ ကွမ်းရွက်မီးကင်ပြီး ကပ်ပေးပါ။ မှည့်လာလို့ ပြည်ပေါက်မယ်ထင်ရင် ခွေးတောက်ရွက် မီးကင်ပြီး ကပ်ပေးပါ။ အနာပြည်မှည့်လို့ ကိုက်ရင် လက်ဖက်ခြောက်ကို ဝါးပြီး အုံပေးပါ။

**ဆရာခင်ဗျာ၊ နားကလော်ရင်းနဲ့ ထိခိုက်မိပြီး အတွင်းက ကိုက်နေတာ ဆေးနည်းလေး ညွှန်ပေးပါ။ ကျွန်တော်က ထိုင်းမှာ အလုပ်လုပ်နေတာပါ။ ဆေးခန်းပြဖို့ အခက်အခဲရှိလို့ပါ။**

လက်ဖက်ခြောက် အဖန်ရည်မှာ ဆားခါးထည့်ဖျော်ပါ။ အဖတ်တွေ မပါအောင်စစ်ပြီး နားထဲကို ခပ်နွေးနွေး လောင်းထည့်ပါ။ ဘေးစောင်းပြီး ပြန်သွန်ထုတ် သုံးကြိမ်၊ လေးကြိမ်ပြုလုပ်ပါ။ လက်ဖက်ခြောက် အဖန်ရည်က နားတွင်းရောင်တာကို အရောင်ကျစေပါတယ်။

**ဆရာရှင့်၊ သမီးအသက် ၂၄ နှစ်ပါ။ အစားမှားပြီး ဝမ်းသုံးခါလောက် လျှောရင်းကနေ အူရောင်နေပါတယ်တဲ့ (ဆေးခန်းပြတော့)။ ပိုးသတ်ဆေးတွေ သောက်ခိုင်းပါတယ်ဆရာ။ ဆေးတွေက ပြင်းတော့ အိပ်ချင်ပြီး လူက ခြေလက်မသယ်ချင် နုံးနေပါတယ်။ ဆေးသောက်တာ ငါးရက်ရှိပြီ။ မသက်သာပါ။ အူရောင်ရောဂါ ပျောက်မယ့် ဆေးနည်းလေး လမ်းညွှန်ပေးပါဦးရှင့်။**

ထမင်းမစားဘဲ ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်၊ ပဲရာဇာ လက်တစ်ဆုပ်ရော ရေနွေး မတ်ခွက်တစ်လုံးနဲ့ ပြုတ်သောက်ပါ။ ကြက်သွန်နီဥ တစ်လုံး၊ နှစ်လုံးထည့်ပြုတ်ပါ။ ပဲရာဇာခေါ် ပဲနီလေးက တည့်တယ်။ ကြေလွယ်ပြီး အူရောင် သက်သာစေတယ်။ အုန်းစိမ်းရည်အနုကိုသောက်ပါ။ မနက် ရေမချိုးခင် သောက်ပေးပါ။ ဝမ်းတွင်း အပူငြိမ်းစေပါတယ်။

**ဆရာရှင့်၊ သမီးအမေက ချော်လဲပြီး ဒူးခေါင်းမှာ ပွန်းသွားပါတယ်။ ဆီးချိုရောဂါလည်းရှိတော့ အနာမကျက်မှာကို စိတ်ပူလို့ပါ။ ဘာဆေးထည့်ပေးရမယ်ဆိုတာ ဖြေကြားပေးပါရှင့်။**

ကုက္ကိုရွက်ကို ရေစင်အောင်ဆေး ထောင်းပြီး အရည်ညှစ်ယူ အနာမှာ လိမ်းပေးပါ။ အနာကျက်လွယ်ပါတယ်။ ပိစပ်ရွက်ကို ထောင်းပြီး အရည်ညှစ် လိမ်းပေးရင်လည်း အနာကျက်လွယ်ပါတယ်။

**ဆရာ၊ သမီးအသက် ၂၀ ပါ။ အလုပ်က မတ်တတ်ရပ်ပြီး လုပ်ရတာ များပါတယ်။ အခုနောက်ပိုင်း ခြေထောက်တွေ ကျဉ်ပြီး ကိုက်နေပါတယ်။ မတ်တတ်ကြာကြာ မရပ်နိုင်တော့ပါ။ ဆေးခန်းပြတော့ ခါးမှာ အာရုံကြောညပ်တယ် ပြောပါတယ်။ ဘယ်လိုကုသရင် သက်သာမလဲ ဆရာ။**

ခါးမှာ အာရုံကြောညပ်ရင် မတ်တတ်ရပ်တဲ့ အလုပ်က ခဏအနားယူမှ ဖြစ်ပါမယ်။ လုံးဝမတ်တတ်မရပ်ဘဲ ရက်သတ္တတစ်ပတ်လောက် လဲလျောင်းနေရင် သက်သာနိုင်ပါတယ်။ မုန်ညင်းဆီထဲမှာ ချင်းတက်အနည်းငယ်



ထည့်ပြီး မီးနဲ့ချက်ပါ။ ခပ်နွေးနွေး ခါးမှာလိမ်းပါ။ ရဲယိုရွက်ကို မီးကင် ခါးမှာကပ်ပါ။ အဝတ်နဲ့ ပတ်အိပ်ပါ။ ခါးကြောညပ်တာ သက်သာနိုင်ပါတယ်။

**တစ်လသားအရွယ် နှာစေးရင် ဘယ်လိုလုပ်ရမလဲ ဆရာ။**

ကွမ်းရွက်မီးကင် အရည်ညှစ် အုန်းဆီနဲ့ရော ကလေးငယ်ထိပ်လိမ်းပါ။ ရာသီဥတုအေးရင် ကလေးခြေဖဝါး နွေးအောင် အနှီးနဲ့ထုပ်ထားပါ။ (သို့မဟုတ်) ကလေးခြေအိတ်စွပ်ထားပေးလျှင် နှာစေးသက်သာပါသည်။

**ဆရာခင်ဗျာ၊ ကျွန်တော် ညအိပ်ရင် သွေးကြောထဲမှာ အကောင်လေးတွေသွားနေသလို ခံစားရပြီး တအားယားပါတယ်။ တစ်ခါတစ်ရံ နေ့ဘက်လည်း ဖြစ်ပါတယ်။ အနာပေါက်တာ၊ အဖုအပိမ့် ထတာတွေ မရှိဘဲ ယားနေပါတယ်။ ဆေးနည်းတွေ ညွှန်ကြားပေးပါ ခင်ဗျာ။**

သွေးထဲမှာ လေပူရှိလို့ပါ။ တမာရွက်ပြုတ်နဲ့ ရေချိုးပါ။ တစ်ပတ်ကို နှစ်ကြိမ်လောက် ချိုးပေးပါ။ ခြေလေးချောင်းသား၊ ပင်လယ်စာ၊ အကြေးမပါတဲ့ ငါးတွေ ရှောင်စားပါ။ ညအိပ်ရာ မဝင်ခင် သွေးကြောထဲ လေပူကင်းစင်အောင် ရှောက်သီးစိတ် (ဒါမှမဟုတ်) သံပရိုသီးအခွံပါ ရေနွေးစိမ်ပြီး သောက်ပေးပါ။ အဲဒီလိုသောက်လို့ သွေးယားပျောက်ကင်းသူ ရှိဖူးပါတယ်။ တောင်တန်ကြီး အတုံးသွေးလိမ်းရင်လည်း သွေးပူသွေးယား သက်သာစေပါတယ်။ ဆားအနည်းငယ် ရောထည့်သွေးပါ။

**မင်္ဂလာပါ ဆရာ။ သမီးက ရုံးဝန်ထမ်းပါ။ ကွန်ပျူတာ ကြည့်ရပါတယ်။ နောက်ကျောတွေတက်၊ မျက်စိတွေ ညောင်းနေတာ မျက်စိဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ မျက်မှန်လည်းတပ်ပါတယ်။ ဒါပေမယ့် ဇက်ကြောတွေ ထိုးတုန်းပါပဲ ဆရာ။ အခုနောက်ပိုင်း သမီးခြေထောက်ကနေစပြီး ဇက်ကြောထိ အကြောတွေ တင်းနေသလို ခံစားရပါတယ်။ ညဘက်ဆိုရင်လည်း အိပ်မပျော်ပါဘူး။ ဝမ်းလည်းချုပ်ပါတယ် ဆရာ။ ဘယ်လို ဆေးမျိုး စွဲစားသင့်တယ်ဆိုတာ ညွှန်ကြားပေးပါ ဆရာ။**

ရှားစောင်းလက်ပပ် အနှစ်၊ မန်ကျည်းမှည့်အနှစ် ဆတူ ထန်းလျက်နဲ့ ရောကျိုပြီး ဆားအနည်းငယ်ထည့် လက်ကော်ရရင်ချပါ။ အအေးခံပြီး ဖန်ပုလင်း အဝကျယ်မှာ ထည့်ပါ။ အပေါ်ကနေ နှမ်းဆီထည့် ထားပါ။ အကြောတက်၊ အညောင်းအကိုက် သက်သာစေတဲ့ ချက်ဆေးဖြစ်တယ်။ မနက်အိပ်ရာထ၊ ညအိပ်ရာဝင် ဟင်းစားဇွန်း တစ်ဇွန်းကနေ နှစ်ဇွန်းစားပါ။ ၁၄ ရက်လောက်စားပြီးရင် ဆေးပတ်လည်ပြီး အကြောတွေ လျော့လာပါလိမ့်မယ်။

**ဆရာရှင့်၊ ကိုယ်ဝန်နှစ်လ ရှိပါတယ်။ အဲဒါ ဇက်ကြောတွေတက်ပြီး ခေါင်းမထူချင်သလို အစားအသောက်လည်း ပျက်ပါတယ်။ အကိုက်အခဲ ပျောက်ဆေးတွေ သောက်ရင် ကလေးထိမှာစိုးလို့ မသောက်ရဲပါဘူးရှင့်။ သက်သာမယ့် နည်းလမ်းလေး ညွှန်ကြားပေးပါ ဆရာ။**

ရှောက်သီး အရည်ညှစ် သုံးဇွန်းစား၊ ဆားလှော် ဇွန်းတစ်ဝက် ထည့်ဖျော်ပါ။ အဲဒီ ရှောက်ရည်ကို သောက်လိုက်ပါက အပေါ်ကို လေအန်ထွက်ပြီး အကြောတက်သက်သာသွားပါလိမ့်မယ်။ ကိုယ်ဝန်နုတုန်းမှာ အစာအိမ်မှာ လေပူဖြစ်ပြီး အန်ပေးရင် သက်သာပါတယ်။ ချင်းကို ပါးပါးလှီး နားထင်နှစ်ဖက်မှာ ကပ်ထားရင် အန်ပြီး ခေါင်းကိုက်တာ သက်သာစေပါတယ်။

**ဆရာကြီးရှင့်၊ ကန်တော့ပါနော်။ သမီး ဆီးကျဉ်နေလို့ပါ။ ဘာဆေး မှီဝဲရပါမလဲရှင့်။**

ဆန်ဆေးရည်အကြည် တစ်ဖန်ခွက်မှာ သကြားအနည်းငယ် ထည့်ဖျော်သောက်ပါ။ (တစ်နည်း) ကြက်သွန်နီဥထောင်း အရည်ညှစ် သကြားတစ်ဇွန်း စပ်သောက်ပါ။ ဆီးမကြာခဏ အောင့်တတ်ရင် ထမင်း စားတိုင်း ကြက်သွန်နီဥ ပါးပါးလှီး သံပရာရည် ဆမ်းစားပါ။

**ဆရာခင်ဗျာ၊ ကျွန်တော်ဟာ ဆီးချို အမျိုးအစား(၂) ဖြစ်ပြီး အင်္ဂလိပ်ဆေးသောက်နေပါတယ်။ အခု ကျွန်တော့ခြေဖဝါးနှစ်ဖက်လုံး ထုံပြီး နင်းရင်လည်း ခုနေသလို မျိုး ခံစားရတယ်။ ထိတွေ့မှုတော့ သိပါတယ် ဆရာ။ တစ်လလောက်ရှိပါပြီ ဆရာ။ ဘယ်လို လုပ်ဆောင်ရမယ်ဆိုတာ ညွှန်ကြားပေးဖို့ လေးလေးစားစား တောင်းပန်အပ်ပါတယ်။**

ဆီးချိုရှိသူတိုင်း ဖြစ်လေ့ရှိပါတယ်။ ခြေဖဝါးဆားပွတ်၊ ဒူးအထက်ကနေ ရေလောင်း ခြေဆေးအိပ်ပါ။ ဆေးခါးကြီးပင်ခေါ် ရှမ်းဆေးခါးပင်ပြုတ်ရည် အကြမ်းပန်းကန် တစ်လုံးစာ မနက်၊ ည သောက်ပေးရင် ဆီးချို ထုံကျဉ်ရောဂါ ပျောက်ပါတယ်။ ဆေးခါးကြီးပင်ကို ပရဆေးဆိုင် မေးဝယ်ပါ။

**ဆရာရှင့်၊ အိမ်မှာ ပုရွက်ဆိတ်တွေ များလွန်းလို့ ဘယ်လို လုပ်ရမယ်ဆိုတာ လမ်းညွှန်ပေးပါရှင့်။ အဝတ် ဗီရိုတွေထဲမှာ လာနေလို့ပါ။ တစ်နေ့ နှစ်ကြိမ် ကြမ်းတိုက်ဆေးဖျန်းပြီး နန္တင်းမှုန့်တွေ လိုက်ချလည်း မရလို့ပါ။ အိမ်က တစ်ထပ်တိုက်အိမ် အမျိုးအစားပါ။**

အိမ်ထောင့် အခြေတွေမှာ ဆားပုံပေးပါ။ ဆားများများ ပုံပေးပါ။ တောရွာတွေမှာဆို ပြာပုံပေးလေ့ ရှိပါတယ်။ ပုရွက်ဆိတ်က ပြာနဲ့ဆားကို ကြောက်ပါတယ်။

**ဆရာရှင့်၊ ကျွန်မတို့က ပြည်ပမှာ နေပါတယ်။ တိုက်ခန်းမှာ မြွေတွေ မကြာခဏတွေ့ရလို့ မြွေတွေ မခိုအောင်းနိုင်တဲ့ နည်းလမ်းလေးရှိရင် ကျေးဇူးပြုလို့ ညွှန်ကြားပေးပါရှင့်။**

ငရုတ်ကောင်းမှုန့် ဖြူးထား (ဒါမှမဟုတ်) ငရုတ်ကောင်းစေ့တွေ မြွေလာနိုင်တဲ့ နေရာတွေမှာ ကြဲချ ထားပါ။ မြွေမလာတဲ့အပြင် မြွေရဲ့အစာ ကြွက်တွေလည်း မလာပါ။ လက်တွေ့ပြုလုပ်ဖူးသူက ပြောပါတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ ဆီးဖြူသီးကို နေအိမ်အောက်နဲ့ ခြံဝင်းတွေမှာ ကြဲထားရင် (ဒါမှမဟုတ်) ဆီးဖြူသီး အခြောက်မှုန့်ဖြူးထားရင် မြွေမလာဘူး ပြောပါတယ်။ အိမ်ခြံထောင့်များမှာ ကိုယ်ရံကြီးဂမုန်းပင် စိုက်ထားရင်လည်း မြွေကြောက်တယ် ပြောပါတယ်။ ။













# အခြေခံအဆောက်အအုံ ကုံလုံဖို့အရေး အာရှအလေးပေး

ကိုရင်ဩ

အာရှ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (အေအိုင်အိုင်ဘီ) သည် အာရှတိုက်ကြီး ကြီးပွားတိုးတက်စေရေးနှင့် လုံခြုံမှုတည်တံ့ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုလျက် တတိယအကြိမ် နှစ်ပတ်လည်ညီလာခံကို အိန္ဒိယနိုင်ငံ မဟာရာရှတြာပြည်နယ် မွမ်ဘိုင်းမြို့၌ ဇွန် ၂၇ ရက်က အဆုံးသတ်ခဲ့၏။ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အေအိုင်အိုင်ဘီဘဏ်တို့က ပူးတွဲစီစဉ်ကျင်းပခဲ့သော နှစ်ပတ်လည်ညီလာခံကြီးမှာ အဖွဲ့ဝင် ၈၇ နိုင်ငံမှ ကိုယ်စားလှယ်တော်ကြီး ၃၀၀၀ ကျော် တက်ရောက်သည့် ညီလာခံကြီးဖြစ်ပေရာ ဝှဲချီးထိုက်သည့် ညီလာခံအဖြစ် ကျွန်ုပ်ရှုမြင်မိပြီးလျှင် အာရှတိုက်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စိန်ခေါ်မှုများ အသို့ရှိသနည်းဟု စူးစမ်းလေ့လာရန် အာရုံဝင်စားမိလေ၏။

"အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး ဘဏ္ဍာငွေကြေးအရ အသင့်ပြင်ဆင်ရေး၊ တီထွင်ဆန်းစစ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အလေးပေးရေး" မှာ ယင်းညီလာခံကြီး၏ ဦးတည်ချက် ဆောင်ပုဒ်ဖြစ်ပေရာ စည်ပြောသံတညံညံ သာယာရွှေပြည် အာရှတိုက်ကြီးအခိုင်အမာ ပေါ်ထွန်းလာတော့မည်လောဟု အတွေးနိမိတ်ပုံဖော်မိ၏။

အေအိုင်အိုင်ဘီ၏ ရည်မှန်းချက်အရ အာရှနိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချိတ်ဆက်မှု ကောင်းမွန်လာကာ သာယာဝပြောသော လူ့ဘောင်ဘဝကို ပြည်သူတို့ ပယ်ပယ်နယ်နယ် တည်ဆောက်လာနိုင်ကြပေအံ့။

သို့တစ်မူကား ရည်ရွယ်ချက်ပေါက်မြောက်ရေးအတွက် သိမ်းကျုံးဆောင်ရွက်ရာတွင် ကြုံလာနိုင်သော အခြင်းအရာ၊ အခြေအနေများက တစ်ပုံတစ်ခေါင်းရှိနေသေး၏။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာဗွန်ဓာတ်ငွေ့လျှော့ချရေး၊ မီးခိုးမြူကင်းစင်ရေး၊ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး ကွန်ရက်ချိတ်ဆက်နိုင်ရေးတို့မှာ စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်ပေရာ ဒေသတွင်း နိုင်ငံများအချင်းချင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွှေလမ်းငွေလမ်းဖောက်နိုင်ရေးမှာ နီးလျက်နှင့် ဝေးနေဆဲဖြစ်၏။

### အေအိုင်အိုင်ဘီဟူသည်

အေအိုင်အိုင်ဘီဟူသည်ကား နိုင်ငံတကာဖွံ့ဖြိုးရေးကို ငံ့လင့်သော ဘဏ်ကြီးပါပေတည်း။ တရုတ်နိုင်ငံက ကျောထောက်နောက်ခံပြုထားသော ဘဏ်ကြီးသည် အာရှတစ်ခွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုရှိစေမည်ဟု အခိုင်အမာ ကြွေးကြော်လျက် ရှန်းကန်လာခဲ့ရာ ယခုအခါ သုံးနှစ်သားဘဏ်အဖြစ် ရပ်တည်နိုင်ပေပြီ။

အာရှနှင့် ပစိဖိတ်ဒေသတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုရှိရေး ဒေသတွင်း နိုင်ငံများအချင်းချင်း ချိတ်ဆက်နိုင်ရေးတို့အတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဘဏ္ဍာငွေကြေးထောက်ပံ့ပေးနိုင်ရန် အနှီ ဘဏ်ကြီးက မြန်မြန်ထက်ထက် ဝန်ဆောင်လျက်ရှိ၏။

သုံးနှစ်သားဘဏ်ကြီး တစ်ဆစ်ချိုးပေါ်ပေါက်လာပုံမှာ တရုတ်နိုင်ငံက ကမ္ဘာ့အလယ် တစ်ပွဲတစ်လမ်း အကဲစမ်းသည့် အသွင်ဖြင့် ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြရ၏။ အကြောင်းမူကား အေအိုင်အိုင်ဘီဘဏ်သည် အမေရိကန်နှင့် ဂျပန်တို့ ဦးဆောင်သော အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၏ ယှဉ်ဖော်ယှဉ်ဖက်၊ ပြိုင်ဖော်ပြိုင်ဖက်အဖြစ် သန္ဓေတည် မွေးဖွားလာခြင်းကြောင့်ပါပေတည်း။

အေအိုင်အိုင်ဘီဘဏ်သည် ချေးငွေများကို ပို၍ မြန်မြန်ဆန်ဆန် ချေးပေးမည်ဆိုခြင်းကြောင့် နိုင်ငံအများက ယင်းဘဏ်ကြီးကို အာရုံစိုက်လာခဲ့ကြလေသည်။

ယခုအခါ အဖွဲ့ဝင် ၈၇ နိုင်ငံအထိရှိလာပြီဖြစ်သော အေအိုင်အိုင်ဘီဘဏ်၏ အဖွဲ့ဝင်နိုင်ငံများကို ရှုလတ်သော် အာရှ၊ ဥရောပ၊ တောင်အမေရိကနှင့် အာဖရိကတိုက်တို့မှ နိုင်ငံများဖြစ်ကြပေရာ ကမ္ဘာကို လွှမ်းခြုံထားသည့် ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် စန့်စန့်ရန့်ရန့် ရပ်တည်နေပုံကို ကျွန်ုပ်တို့ သတိမူနိုင်ကြကုန်၏။

ဇွန်လ ၂၅ ရက် အခြေပြစာရင်းအရ အဆိုပါဘဏ်သည် စီမံကိန်း ၂၆ ခုအတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။ ချေးငွေအများစု၏ ဦးတည်ရာသည်ကား တရုတ်နိုင်ငံက ဦးဆောင်သော 'ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း' အစီအစဉ်နှင့် သက်ဆိုင်နေသော စီမံကိန်းများဖြစ်ကြသည်။

အေဒီဘီက ၂၀၁၇ ခုနှစ်အထိဖြစ်သော နှစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၆ ဘီလီယံအထိ ထုတ်ချေးခဲ့မှုနှင့် နှိုင်းယှဉ်ကြည့်လျှင်မူ မူလလက်ဟောင်း ဘဏ်ကြီး၏ ချေးငွေပမာဏမှာ ကိုးဆယ်ဆသာနေပေသေးသည်။

အေဒီဘီနှင့် အေအိုင်အိုင်ဘီဘဏ်နှစ်ခုတို့မှာ ဝါရင့်၊ ဝါနု ကွာဟချက်ကြီးမားလှပေရကား အေအိုင်အိုင်ဘီမှာ လုံးလုံးလျားလျား ပြိုင်ဘက်အဆင့်သို့ တက်လှမ်းခြင်း မရှိသေးဘဲ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် လုပ်နည်းကိုင်နည်းတို့ကို သင်ယူနေရဆဲဖြစ်ကြောင်း ဂျပန်နိုင်ငံ ဒိုင်ဝါ သုတေသနဌာန၏ သုတေသီချုပ် အာဆုရှိခဲ့မီအိုးက သုံးသပ်ထားပုံကို ကျွန်ုပ် လေ့လာတွေ့ရှိရ၏။

အေအိုင်အိုင်ဘီဘဏ်သည် ငွေထုတ်ချေးရာတွင် ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ချိတ်ဆက်နိုင်မှု နိမ့်ကျနေသည်လောဟူ၍ အစောပိုင်းမှာပင် စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။ သို့ရာတွင် အေအိုင်အိုင်ဘီဘဏ်သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးတွဲ၍ ငွေထုတ်ချေးခဲ့ခြင်းကြောင့် ယင်းစိုးရိမ်ပူပန်မှုများ လျော့ပါးသွားခဲ့သည်။

အေအိုင်အိုင်ဘီဘဏ်သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးတွဲလုပ်ဆောင်နေရခြင်း အချက်ကို ထောက်ချင့်၍ ယင်းဘဏ်အနေဖြင့် စီမံကိန်းအသစ်များကို ကိုယ်တိုင်ကိုယ်ကျ စတင်စီမံနိုင်စွမ်းနည်းနေသေးသည်ဆို၏။

အာရှဒေသ၏ အခြေခံအဆောက်အအုံလိုအပ်ချက်သည်ကား တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံ ရှိလာမည်ဟု အေဒီဘီက ခန့်မှန်းပြီး ယင်းမှာ နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ချေးနိုင်သော ငွေကြေးပမာဏထက် အဆပေါင်းများစွာ ပိုမိုများပြားလျက်ရှိပေရကား အေအိုင်အိုင်ဘီဘဏ်က ချေးငွေပမာဏ ပိုမိုထုတ်ချေးပေးနိုင်ရေးအတွက် ခြေလှမ်းကျယ်ကျယ်လှမ်းလာဖို့ လိုနေသေးသည်။

ပစ္စက္ခကာလတွင်မူ နိုင်ငံတကာ ဖွံ့ဖြိုးရေး ဘဏ္ဍာရေး ထောက်ပံ့မှု နယ်ပယ်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံများက လွှမ်းမိုးထားဆဲဖြစ်သည်။ သို့ဖြစ်ပေရာ တရုတ်နိုင်ငံအနေဖြင့် ယင်း၏ အခန်းကဏ္ဍကို မြှင့်တင်ကာ နိုင်ငံတကာ စည်းမျဉ်းရေးဆွဲသတ်မှတ်ခြင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် ဩဇာလွှမ်းလာနိုင်အောင် တရုတ်နိုင်ငံ ကြိုးပမ်းလာမည်ကား ထင်ရှားပါ၏။

### ဂျပန်ရပ်တည်ချက်

အေအိုင်အိုင်ဘီဘဏ်၌ အဖွဲ့ဝင်အဖြစ် ဂျပန်ပါဝင်ခြင်းမရှိသေးသော်လည်း အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် အေအိုင်အိုင်ဘီဘဏ်က တင်ဒါခေါ်ယူရာတွင် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများလည်း ပါဝင်ခွင့်ရှိပေရာ ယင်းဘဏ်၌ အဖွဲ့ဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်းမှာ ဂျပန်အတွက် စိုးရိမ်စရာ မဟုတ်နိုင်ပေ။ သို့ရာတွင် မည်ကဲ့သို့သော စီမံကိန်းများအတွက် ငွေထုတ်ချေးမည်ကို အေအိုင်အိုင်ဘီအဖွဲ့ဝင်နိုင်ငံများကသာ ဆုံးဖြတ်ချက်ချနိုင်သည်။

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် နွေးထွေးသော ဆက်ဆံရေး ထားရှိနိုင်ရန်ဟူသော ရှုထောင့်အရ အေအိုင်အိုင်ဘီဘဏ်သို့ ဝင်ရန် သင့်၊ မသင့် ချိန်ဆရလိမ့်မည်ဟု သုတေသီချုပ် အာဆုရှိခဲ့မီအိုးက သုံးသပ်ထားသည်။

မျက်မှောက်တွင်ကား ဂျပန်အစိုးရ၏ ငွေချေးရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (ဂျိုက်ကာ) က အာရှဒေသတစ်လွှားရှိ အရေးပါ အရာရောက်သော အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ငွေထုတ်ချေးလျက်ရှိသည်ကို ကျွန်ုပ်လေ့လာတွေ့ရှိရ၏။

ကျွန်ုပ်တို့၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံကြီးသည်ပင်လျှင် ဂျိုက်ကာနှင့် ချိတ်ဆက်၍ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကို အကောင်အထည်ဖော်လျက်ရှိလေသည်။

ဥဒါဟရုဏ်ညွှန်းဆိုရသော် မြို့တော် နယူးဒေလီ၌ မြေအောက်မီးရထားစနစ် စီမံကိန်းအတွက် ဂျိုက်ကာက အကူအညီပေးလျက်ရှိခြင်းဖြစ်သည်။ ဂျိုက်ကာသည် ယင်းစီမံကိန်း ပထမအဆင့်၏ လုပ်ငန်းပမာဏ ၆၀ ရာခိုင်နှုန်းအတွက် ရန်ပုံငွေထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် အာမီဒါဘတ် မြို့ကြီးနှစ်မြို့အကြား ကျည်ဆန်ရထား စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဂျိုက်ကာက အကူအညီပေးလျက်ရှိ၏။

ထို့မျှမကသေး အိန္ဒိယနိုင်ငံ၏ အမှတ်-၅၄ ပြည်ထောင်စုလမ်းမကြီးနှင့် အမှတ် - ၅၁ ပြည်ထောင်စုလမ်းမကြီးတို့ကဲ့သို့ မဟာဗျူဟာအရ အရေးပါသော အခြေခံအဆောက်အအုံ စီမံကိန်းကြီးများအတွက်လည်း ဂျိုက်ကာက အကူအညီပေးရန် ပြင်ဆင်နေသည်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ စီမံကိန်းများ အကောင်အထည်ဖော်မှုတွင် ဂျပန်နိုင်ငံ ပါဝင်ခွင့်ရှိလာသည်မှာ ပထမဆုံးအကြိမ်ပင်ဖြစ်လေသည်။

အေအိုင်အိုင်ဘီဘဏ်တွင် ထဲထဲဝင်ဝင် ပိုမိုပါဝင်ရန် အိန္ဒိယနိုင်ငံလိုလားသည်ဟု ဝန်ကြီးချုပ် နရိန္ဒြာမိုဒီကပြောကြားခဲ့ပြီး သူ၏ နိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများနှင့် သဟဇာတရှိသော စီးပွားရေးဝန်းကျင်ကို ဖန်တီးပေးလျက်ရှိသည်ဟု ယင်းဘဏ်၏ နှစ်ပတ်လည် ညီလာခံဖွင့်ပွဲအခမ်းအနားတွင် မြွက်ဟခဲ့သည်။

အေအိုင်အိုင်ဘီဘဏ်သည် လာမည့် နှစ်နှစ်တာ ကာလအတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ပေးမှုကို ၁၀ ဆမြှင့်တင်ရန် ဝန်ကြီးချုပ် မိုဒီက တိုက်တွန်းခဲ့သည်။ ယင်းတိုက်တွန်းချက်အရ အမေရိကန် ဒေါ်လာ ၄ ဘီလီယံမှ ဘီလီယံ ၄၀ အထိ မြှင့်တင်ရပေလိမ့်မည်။

အဖွဲ့ဝင် ၈၇ နိုင်ငံ ပါဝင်သော အေအိုင်အိုင်ဘီဘဏ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများနှင့် လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာလျက် အာရှနိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ 'ကြွေးမြီ ထောင်ချောက်' အတွင်းသို့ သက်ဆင်းမှု မရှိစေရေး၊ ဆင်းရဲချမ်းသာ ကွာဟချက် လျှော့ချနိုင်ရေးတို့ကို မျက်ခြည်ပြတ်မခံဘဲ ရှေ့သို့ ချီတက်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိရင်း "အခြေခံအဆောက်အအုံ ကုံလုံဖို့အရေး အာရှအလေးပေး" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



နယူးဒေလီ မြေအောက်ရထားဘူတာရုံကြီး။ ဓာတ်ပုံ- rockying

Ref:
PM Modi inaugurates 3rd annual meeting of AIIB: Key takeaways (Business Today)

# 'ဒီနိုင်ငံကြီးသား' ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်နှင့် နေပြည်တော်မြို့များ၌ စတင်ရိုက်ကူး

**ရန်ကုန်  ဇွန်  ၃၀**

ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ချိရိုက်ကူးနေသော ရုပ်ရှင်ဇာတ်ကားများမှာ ယခုအခါ အရည်အသွေးပိုမိုတိုးတက်လာပြီး မြန်မာရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုအားပေးကြသူများပြားလာသောကြောင့် တစ်မူထူးခြားစွာ ရိုက်ကူးနေသည့် နာမည်ကြီး အနုပညာရှင် ရုပ်ရှင်သရုပ်ဆောင် ၁၄ ဦးနှင့် အခြားသရုပ်ဆောင်များပါဝင်သော 'ဒီနိုင်ငံကြီးသား' ရုပ်ရှင်ဇာတ်ကားကြီးကို ရန်ကုန်မြို့နှင့် နေပြည်တော်၌ ဇွန် ၂၇ ရက်မှစတင်ကာ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)က "ဒီနိုင်ငံမှာ မွေးပြီး ဒီနိုင်ငံမှာကြီးပြင်းလာတဲ့ ကျွန်တော်တို့ဟာ နိုင်ငံကြီးသားတွေပဲဖြစ်ပါတယ်၊ အဲဒီတော့ ကိုယ့်တိုင်းပြည် ကိုယ်ချစ်ကြတယ်။ ကိုယ့်တိုင်းပြည်အပေါ် သစ္စာ၊ စည်းကမ်းရှိကြမယ်၊ ဒါဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ ဒီထက်မက ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ မှားရင် မှားတယ်ဆိုတာကို ဝန်ခံရဲရမယ်၊ မှန်လို့ရှိရင်လည်း ရင်ကော့ရဲရမယ်၊ ဒီတော့ ဒီစာသားလေးကို အကြောင်းပြုပြီး ဒီရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးဖြစ်တာဖြစ်ပါတယ်၊ ဒီရုပ်ရှင်ဇာတ်လမ်းကို အဓိကတည်ဆောက်သွားဖြစ်ပုံကလည်း သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ရဲ့ ဆောင်ပုဒ်လေးတစ်ခုဖြစ်တဲ့ ဒီလူဆိုတာ အမှန်တရားဘက်က ရပ်ရုံ၊ အမှန်တရားကို ထောက်ခံရုံနဲ့ မပြီးသေးဘူး၊ အမှားကိုလည်း ဖော်ထုတ်ရမယ်၊ အမှားလုပ်နေတဲ့သူတွေကိုလည်း ဆွဲထုတ်ပြရမယ်၊ ဒီစာသားကို ဇာတ်ညွှန်းရေးဆရာက ကျွန်တော့်ကို ပြောပြလို့ ဖတ်မိပြီး အဲဒီကရလာတဲ့ အသိတစ်ခုကို အကြောင်းပြုပြီး ရိုက်ကူးနေတာပါ၊ ဒီရုပ်ရှင်ဇာတ်ကားက ပွဲကြည့်ပရိသတ်ပြည်သူအတွက် အကျိုးရှိစေမှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်သည့် ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) ပုံဖော်ရိုက်ကူးတင်ဆက်နေသော အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးရန်အတွက် ကြိုတင်ပြင်ဆင်ထားသည်မှာ တစ်နှစ်ခန့်ရှိနေပြီဖြစ်ပြီး ရိုက်ကူးတင်ဆက်မည့် ဇာတ်လမ်းနှင့်အနုပညာရှင်များ သိရှိထားသည့် အသိတစ်ခုကို ပြည်သူများသိရှိစေရန်အတွက် အသိပေးခြင်းဖြစ်ကြောင်း၊ ၎င်းဇာတ်ကားတွင်ပါဝင်သော သရုပ်ဆောင်အားလုံးလိုလိုမှာလည်း ပြည်သူချစ်သရုပ်ဆောင်များ ဖြစ်နေကြသည့်အတွက် ထိုသရုပ်ဆောင်များမှတစ်ဆင့် ပြည်သူများအား အသိပေးခြင်းဖြစ်ပြီး တစ်မူထူးခြားမှုအနေဖြင့် ဝါရင့်သရုပ်ဆောင်များကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ကိုယ့်အနီးအနားပတ်ဝန်းကျင်မှာ ဒုစရိုက်မှုတစ်ခုဖြစ်မယ့်ဟာကို ကြိုတင်ကာကွယ်ထားမယ်ဆိုရင် ဒုစရိုက်မှုက ဖြစ်လာမှာမဟုတ်ပါဘူး၊ ကြိုတင်ကာကွယ်ထားမယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်ဟာ အေးချမ်းသာယာသွားမှာဖြစ်ပြီး ရပ်ကွက်အေးချမ်းပြီဆိုရင် မြို့နယ်၊ မြို့နယ်ကတစ်ဆင့် မြို့၊ မြို့ကတစ်ဆင့် နိုင်ငံပါ အေးချမ်းသွားမှာဖြစ်တဲ့အတွက် ကျွန်တော်သိတဲ့ အသိတစ်ခုကို ပရိသတ်အတွက် ဝေမျှပေးချင်တဲ့ သဘောတရားနဲ့ ရိုက်ကူးနေတာဖြစ်ပါတယ်၊ ရုံတင်ပြသတဲ့အခါကျရင်လည်း ပွဲကြည့်ပရိသတ်တွေ လာရောက်အားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ၎င်းက ပြောသည်။



အဆိုပါ "ဒီနိုင်ငံကြီးသား" ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးရန်အတွက် ရာသီဥတုအခြေအနေကိုကြည့်ပြီး ဇူလိုင် ၂၀ ရက်တွင် ရိုက်ကူးပြီးစီးရန် ခန့်မှန်းထားကြောင်းနှင့် ယင်းဇာတ်ကား၌ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ထွန်းထွန်း၊ နေထက်လင်း၊ နေမျိုးအောင်၊ အကယ်ဒမီ ဇင်ဝိုင်း၊ မောင်သီ၊ ထူးခြား၊ မိုးယံဇွန်၊ မင်းသွေး၊ စည်ဖြိုး၊ ထွန်းကိုကို၊ နေရဲ၊ သိန်းလင်း၊ ရွှေသမီး၊ အောန်ဆိုင်း၊ ဆာရာဆောင်းဦးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

## နိုင်ငံတကာအနုပညာ

# အမေရိကန်ဂီတနယ်ပယ်ကို ခြေလှမ်းနေတဲ့ BLACK PINK

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK"ဟာ အမေရိကန်ဂီတနယ်ပယ်ထဲကို စတင်ခြေချဖို့ရာ ပြင်ဆင်နေပြီဖြစ်ပါတယ်။ "BLACK PINK" ကို အမေရိကန် တေးသံသွင်းတစ်ခုက အမေရိကန်ဂီတနယ်ပယ်အတွင်းစတင်ခြေချနိုင်ဖို့ရာ ကမ်းလှမ်းမှုတွေ ပြုလုပ်လာပြီး အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ကလည်း ကူညီမှုတွေပြုလုပ်သွားဖို့ရာ ဆန္ဒရှိနေကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၇ ရက်မှာတော့ အမေရိကန်ရဲ့ ကျော်ကြားတဲ့ တေးသံသွင်းတစ်ခုက ဆက်သွယ်ကာ အမေရိကန်မှာ ပရိုမိုးရှင်းလုပ်ငန်းတွေ စတင်လုပ်ဆောင်ရင်း အမေရိကန်ဂီတနယ်ပယ်အတွင်း ခြေချဖို့ ကမ်းလှမ်းခဲ့တာပါ။ ဒါကို အဖွဲ့ရဲ့ အေဂျင်စီကလည်း သဘောတူပြီး လိုအပ်သည်များကို ကူညီထောက်ပံ့သွားဖို့ရာ ဆန္ဒရှိနေတာဖြစ်ပါတယ်။

"BLACK PINK"ရဲ့ ပထမဆုံးသော တေးအယ်လ်ဘမ် "Square Up" ကို ပြီးခဲ့တဲ့ ဇွန် ၁၅ ရက် ညပိုင်းက စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "DDU-DU DDU-DU" ဟာ ဇွန် ၂၂ ရက် နေ့လယ်ပိုင်းမှာတော့ ယင်းတေးဗီဒီယိုကို ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုခဲ့သူပရိသတ် သန်း ၈၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါတေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ရက်သတ္တပတ်မပြည့်မီမှာပင် ပရိသတ် သန်း ၈၀ ပိုင်ဆိုင်ခွင့်ရခဲ့ကာ ပရိသတ် သန်း ၈၀ ကို အချိန်အတိုဆုံး ပိုင်ဆိုင်နိုင်ခဲ့တဲ့ အမျိုးသမီးကေပေ့ါ်ပ်တေးဂီတအဖွဲ့အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ ယခင်က ဒီစံချိန်ကို အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"က "Likey"တေးသီချင်းနဲ့ ရယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ "TWICE" ကတော့ ပရိသတ် သန်း ၈၀ ကို စတင်ထုတ်လွှင့်ခဲ့သည်မှ ၂၂ ရက်အတွင်း ပိုင်ဆိုင်နိုင်ခဲ့တာ ဖြစ်ပါတယ်။




"DDU-DU DDU-DU" တေးဗီဒီယိုကတော့ ပရိသတ် ၁၀ သန်းစီပြည့်ခဲ့တဲ့ မှတ်တိုင်တိုင်းမှာ စံချိန်သစ်တွေ တင်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေး "DDU-DU DDU-DU" ဟာ စတင်ထုတ်လွှင့်ပြီး မကြာမီမှာပင် ဒေသတွင်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီး ဇွန် ၁၆ ရက်မှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယား ၃၈ ခုမှာ နံပါတ်တစ်နေရာယူထားခဲ့တာ တွေ့ရပါတယ်။ ဒ့ါအပြင် "DDU-DU DDU-DU "တေးသီချင်းရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် ၁၀ သန်း၊ သန်း ၂၀ ကို အချိန်အတိုဆုံးနဲ့ ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးဗီဒီယိုဖြစ်လာခဲ့ပါတယ်။

စတင်ထုတ်လွှင့်ခဲ့သည်မှ ၈၂ နာရီအတွင်း ကြည့်ရှုသူပရိသတ် သန်း ၆၀ ပြည့်ခဲ့ကာ စံချိန်သစ်ချိုးခဲ့ပြီး ဇွန် ၂၂ ရက်မှာတော့ ပရိသတ် သန်း ၈၀ ပြည့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ အဲဒီနောက် ဇွန် ၂၄ ရက်မှာတော့ ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ပြည့်မြောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဟာ ပရိသတ်သန်း ၁၀၀ ကို အမြန်ဆုံးပြည့်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်ခဲ့ပြီး ကေပေ့ါ်ပ်အဖွဲ့တွေအားလုံးထဲမှာတော့ "BTS"က အမြန်ဆုံးဖြစ်တာကြောင့် "BLACK PINK" ကတော့ ဒုတိယနေရာမှာ ရှိနေပါတယ်။ "BLACK PINK"ဟာ ကေပေ့ါ်ပ်သမိုင်းတစ်လျှောက် အချိန်အတိုဆုံးနဲ့ အောင်မြင်မှုရရှိလာတဲ့ တေးဂီတအဖွဲ့လည်း ဖြစ်တယ်လို့ သိရပါတယ်။

ဒီလိုအောင်မြင်မှုတွေရလာတဲ့ "BLACK PINK"ဟာ လတ်တလောမှာတော့ အမေရိကန်တေးသံသွင်းနဲ့ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့အနေနဲ့ အမေရိကန်မှာ ခြေချဖို့ ပြင်လာတဲ့အပေါ် အဖွဲ့ဝင်တွေကလည်း သူတို့ရဲ့ ခံစားချက်တွေကို ထုတ်ဖော်ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဂျီဆိုးက အမေရိကန်တေးအယ်လ်ဘမ် ထုတ်လွှင့်သွားမှာမဟုတ်ကြောင်း၊ အမေရိကားကို သွားရောက်ကာ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကိုသာ လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ အမေရိကန်မှာ ခြေချရသည်ဖြစ်စေ၊ မချရသည်ဖြစ်စေ သူ့အတွက် အရေးမကြီးကြောင်း၊ လက်ရှိမှာတော့ ဒေသတွင်း ဖျော်ဖြေတင်ဆက်မှုတွေကိုသာ အလေးပေးလုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဂျင်းနီက "ကျွန်မတို့ လက်ရှိကာလနဲ့ လွဲချော်သွားလို့ မရပါဘူး။ အနာဂတ်မှာဖြစ်လာမယ့်အရာတွေအတွက် ရင်ခုန်စိတ်လှုပ်ရှားနေမယ့်အစား ကျွန်မတို့အနေနဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ်အတွက်ပဲ အကောင်းဆုံးကြိုးစားချင်ပါတယ်။ ဒါဟာလည်း ကျွန်မတို့ အဖွဲ့ဝင် တစ်ဦးချင်းစီရဲ့တာဝန်ဖြစ်သလို ရည်မှန်းချက်လည်းဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။



# ချစ်သူသက်တမ်း ငါးနှစ်အကြာမှာ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်တို့နှစ်ဦးဟာ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်း ငါးနှစ်ခန့်အကြာမှာ လမ်းခွဲခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို လမ်းခွဲခဲ့ရတဲ့အကြောင်းအရင်းကတော့ ယုံကြည်မှုနဲ့ သက်ဆိုင်နေတာလည်း ဖြစ်ပါတယ်။ ဘယ်အချိန်ကမှ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတဲ့ ဒီစုံတွဲဟာ လတ်တလောမှာ ဇာတ်လမ်းပြီးခဲ့ပြီဖြစ်ကြောင်း ရင်းနှီးသူတွေက ထုတ်ဖော်ပြောကြားလာတာလည်း ဖြစ်ပါတယ်။ ပဲရစ်မှာ မင်္ဂလာပွဲ တိတ်တဆိတ်ကျင်းပဖို့ရာ စီစဉ်ထားပေမယ့် ဂျေမီဖောက်ဇ်ရဲ့ အများရှေ့မှာ ကေတီဟုမ်းစ်နဲ့ လက်တွဲဖို့ရာ နှောင့်နှေးနေတဲ့စိတ်တွေနဲ့ တစ်ကိုယ်တည်းသမားဘဝကိုသာ မက်မောတဲ့စိတ်တွေကြောင့် နှစ်ဦးသား ဆက်ဆံရေး မပြေလည်ဖြစ်ကာ လမ်းခွဲခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် – ရေးသားသည်**

# ရိုးရာနတ်ပွဲများနီးလာသည့်အတွက် မြန်မာ့ရိုးရာစက္ကူဖြင့်ပြုလုပ်သည့် အရုပ်များ အားထားလုပ်ဆောင်



**စစ်ကိုင်း ဇွန် ၃၀**
စစ်ကိုင်းမြို့မှ စက္ကူဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာ အရုပ်လုပ်ကိုင်သူများမှာ ရိုးရာနတ်ပွဲများနီးလာသည့်အတွက် အရုပ်များကို အားထားလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

မြန်မာ့လူမှုနယ်ပယ်တွင် ရှေးယခင်ကတည်းက စတင်ကာ ယခုအချိန်အထိ မြန်မာ့ရိုးရာ စက္ကူရုပ်ကလေးများကို နှစ်သက်မြတ်နိုးစွာဝယ်ယူခဲ့ကြသည်။ မြန်မာ့ရိုးရာ ၁၂လ ရာသီပွဲများနှင့် နာမည်ကြီး ဘုရား၊ စေတီများတွင် စက္ကူဖြင့်ပြုလုပ်သည့် အရုပ်မျိုးစုံကို အမြဲရောင်းချလေ့ရှိသည်။ အများစုပြုလုပ်သော စက္ကူအရုပ် ကလေးများမှာ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဇီးကွက်ရုပ်နှင့်အတူ အခြားအရုပ်ကလေးများပင်ဖြစ်သည်။ ဇီးကွက်ရုပ်ကိုမူ လာဘ်ကောင်ဟုယူဆကာ ဝယ်ယူချိတ်ဆွဲလေ့ရှိသည်။ ပစ်တိုင်းထောင်ရုပ်ကိုမူ လောကဓံမမှုဘဲ ခေါင်း မော့ရင်ကော့သည့် ခွန်အားပေးသည့်အရုပ်အဖြစ် ဝယ်ယူလေ့ရှိသည်။ အရုပ်များမှာလှပအောင် ခြယ်သထားသည့်အတွက် ကလေးငယ်များကို အထူးဆွဲဆောင်စေသည်။

ဒေသအနှံ့ဈေးကွက်တွင် ဖြန့်ချိရောင်းချလျက်ရှိသော စက္ကူအရုပ်မျိုးစုံကို စစ်ကိုင်းမြို့အဘယစေတီတောင်ဘက်ရှိကနားတော်ရွာနှင့်အဘယစေတီအနောက်ဘက်တွင်ရှိသော ဂုံညင်းတောင်ရွာတွင် အများဆုံးပြုလုပ်လျက်ရှိသည်။ စက္ကူဖြင့် ပြုလုပ်သောအရုပ်များကို စက္ကူအရုပ်ပွဟုခေါ်ကြသည်။ အရုပ်မျိုးစုံအတွက် မိုပုံစံထားရှိပြီး စက္ကူကိုကော်ဖြင့် ကပ်ကာပြုလုပ်ကြသည်။ အရုပ်ပြုလုပ်သူများမှာ အရုပ်မျိုးစုံကို မိုပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။

မိုပုံစံပေါ်တွင် စက္ကူကိုကော်ဖြင့် ကပ်ကာ ပုံဖော်ရသည်။ကော်ခြောက်ပြီဆိုသည်နှင့် သဘော်ာဆေးဖြင့် ဆေးရောင်ခြယ်သကြသည်။ အရုပ်မျိုးစုံကို လှပစွာ ပြုလုပ်ပြီးသည်နှင့် အရုပ်များစွာ ဝယ်ယူရောင်းချသူထံဖောက်သည်ပေးသည်လည်းရှိသည်။ တစ်ပိုင်တစ်နိုင် ကိုယ့်အိမ်တွင်ပင် ကိုယ်တိုင်ပြုလုပ်စုဆောင်းကာ ၁၂ ပွဲဈေးများတွင် လိုက်လံရောင်းချသည်လည်းရှိ သည်။ အများစုမှာ ဆိုင်များကိုဖောက်သည်ပေးကြသည်။ လက်ရှိကာလတွင် ရိုးရာနတ်ပွဲများ၊ ဘုရားပွဲများနီးလာသည့်အတွက် မြန်မာ့ရိုးရာ စက္ကူဖြင့်ပြုလုပ် သော အရုပ်များကို အားထားလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။ **တိမ်တမန်**

# ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်စစ်ဆေး

**မြစ်ကြီးနား ဇွန် ၃၀**
ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့်အဖွဲ့သည် ဇွန် ၂၉ ရက် မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးရာတွင် အကျဉ်းထောင်အတွင်း အိပ်ဆောင် (၆)၊ စားရိပ်သာတိုးချဲ့ဆောင်၊ ဆေးရုံဆောင်၊ အမျိုးသမီးတိုးချဲ့ဆောင် ဆောက်လုပ်မှု သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ဆေးရုံတက်လူနာများအား ဆေးဝါးကုသမှုများ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား တွေ့ဆုံကာ နေထိုင်စားသောက်မှု အခြေအနေများနှင့် အကျဉ်းဦးစီးဌာနအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းရှိ၊ မရှိတို့ကို မေးမြန်းကာ ဥပဒေအရ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေး၊ အမှုများ ကြန့်ကြာမှုမရှိစေရေး မေးမြန်းခဲ့ပြီး ပြည်နယ်တရားသူကြီးချုပ်နှင့်အတူ တရားလွှတ်တော် တရားသူကြီးဦးဇော်ဝင်း၊ ပြည်နယ်တရားရေးဦးစီးမှူးဦးတူးမော်၊ ခရိုင်တရားသူကြီးဦးညွန့်လင်းနှင့် တရားရေးအရာရှိများ လိုက်ပါခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# မိုင်းဖြတ်မြို့နယ်တွင် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဇွန် ၃၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းကျော်၊ ဦးအားကို၊ ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့်အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဝန်းဆမ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိဌာနဆိုင်ရာများသည် ဇွန် ၂၉ရက် နံနက် ၉ နာရီခွဲက မိုင်းဖြတ် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။



ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့်အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တောညုအုပ်စုအတွင်းမှ ဆိုက်ခေါင်ကျေးရွာ၊ ဆွပ်ပန်းကျေးရွာနှင့် အိုက်လုံအုပ်စုမှ ဟကြားဟုန်၊ ဟကြားမုဒိ၊ အိုက်ငို့အုပ်စုမှ ဝမ်ပိန်း၊ ဟကြားဟုန်မိုင်၊ ဟကြားဟုန်ကောင် စသည့် ကျေးရွာများမှ ကျန်းမာရေး ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးရွာများတွင် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ၏ အခြေအနေများကိုကွင်းဆင်းစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းနှင့် တာဝန်ရှိသူများသည် မွန်းလွဲ ၁ နာရီတွင် မိုင်းဟဲကျေးရွာအုပ်စု ဘိုရှိုးကျေးရွာသို့သွားရောက်၍ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**ဆီဆိုင် ဇွန် ၃၀**
မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန် ရည်ရွယ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဇွန် ၃၀ ရက် နံနက် ၇ နာရီခွဲက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်စုမှူးများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မင်္ဂလာရပ်ကွက်အတွင်းရှိ စာသင်ကျောင်း၊ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများကို လက်တွေ့ သရုပ်ပြကာ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ ရေစည်၊ အမှိုက်ကန်များတွင် ပိုးလောက်လမ်းများ မရှိစေရေးအတွက် အဘိတ်ဆေးများ ခတ်ပေးခဲ့သည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

## တိုတိုထွာထွာ ဖတ်စရာ

### စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတော် ဟားခါး၌ ကျင်းပ

**ဟားခါး**
နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းဝင်း စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၃၀ ရက် နံနက် ၇ နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်နှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးနေမျိုးအောင်ထံသို့ ပေးအပ်သည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ နည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသူများက ချယ်ရီပင်၊ တောင်ဇလပ်ပင်၊ မိုင်းဘောပင်၊ ရေသင်းဝေပင်၊ ယူကလစ်ပင်၊ မျောက်ငိုပင်နှင့် ဂျပန်ပိတောက်ပင် စုစုပေါင်း ပျိုးပင် ၆၀၀ ကို သတ်မှတ်နေရာ၌ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

### ခရိုင်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ကန့်ဘလူ**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မြို့မအားကစားကွင်း၌ ညနေ ၃ နာရီခွဲက ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် ဌာနဆိုင်ရာများ၊ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့မှဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဘောလုံးဝါသနာရှင်များလာရောက်ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကန့်ဘလူမြို့နယ် ဘောလုံးအသင်းနှင့် ကျွန်းလှမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကန့်ဘလူမြို့နယ်ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက အသက် ၂၅ နှစ်အောက်အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရ အသင်းများနှင့်အသက် ၁၇ နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရအသင်းများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ထန်တလန်**
ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများသည်ကလေးငယ်များ၏ တီထွင်ကြံဆတတ်စေရန်နှင့် စာကြည့်တိုက်ကိုအသုံးပြုတတ်စေရန် ရည်ရွယ်၍ အမှတ်(၂)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းနှင့် ပူးပေါင်းကာ ကလေးငယ်များအား ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ကလေးသူငယ် ၂၀ ယှဉ်ပြိုင်ကြသည့်အနက် ၁၀ ဦးကို ရွေးချယ်ကာ အသပ်ရပ်ဆုံးနှင့် အကောင်းဆုံးဆေးရောင်ခြယ်နိုင်သူ သုံးဦးအား ရောင်စုံခဲတံ၊ ပုံဆွဲစာအုပ်နှင့် ကျန် ခုနစ်ဦးတို့အား နှစ်သိမ့်ဆုအဖြစ် လက်ရေးလှစာအုပ်တစ်အုပ်စီကိုလည်းကောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခမ်ငိုက်မန်က ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ဖားကန့်**
ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဖားကန့်မြို့၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဖားကန့်မြို့ မရှိကထောင်ရပ်ကွက် ဘောလုံးကွင်းဘေး ဥရုချောင်းကမ်းနား တာရိုးပေါ်နှင့် ဆိပ်မူကျေးရွာ အုပ်စု၊ မော်တောင်းကျေးရွာ အနီးရှိ ဥရုချောင်းဘေးတို့၌ ဇွန် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ မြို့နယ်သစ်တော ဦးစီးဌာနမှ အကေးရှား၊ အော်ရေးရှား၊ မဲဇလီ၊ ပျဉ်းကတိုး၊ မအူ၊ မဟော်ဂနီနှင့် ယူကလစ် အပင်ပေါင်း ၁၀၀၀ ခန့်အား ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး၊ ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာ အောင်နှင့် ရပ်မိ၊ ရပ်ဖများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ အခြေခံပညာ အထက်တန်းကျောင်း (မရှိကထောင်)နှင့် မော်တောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့်က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ စာစောင်မိတ်ဆက်ရှင်းလင်းခြင်းနှင့် အခွန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဇွန် ၃၀**

အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အာရှဖောင်ဒေးရှင်းနှင့် Renaissance Institute တို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ခု ဘဏ္ဍာနှစ် အကူးအပြောင်းကာလ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်မိတ်ဆက်ရှင်းလင်းခြင်းနှင့် အခွန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ၂၀၁၇-၁၈ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး၏ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ စာစောင်ကို ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ပြည်သူများ၏ပွင့်လင်းမြင်သာသည့် အကြံပြုချက်များကို ၂၀၁၈ခုနှစ် ခြောက်လတာ ဘတ်ဂျက်ရေးဆွဲရာတွင် ပိုမိုအကျိုးရှိစေရန် ထည့်သွင်း ဂရုပြုခဲ့ကြောင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် သတင်းအချက်အလက်မျှဝေရန် အရေးကြီးသည်ကိုယုံကြည်ကြောင်း၊ တိုင်းဒေသကြီး၏ ဝင်ငွေနှင့်အသုံးစရိတ်များကို သေချာစွာနားလည်သဘောပေါက်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး တာဝန်ခံမှု၊ တာဝန်ယူမှုရှိရေး ပြည်သူလူထု၏ ပါဝင်နိုင်မှုအပေါ် အလေးထားသောကြောင့် စာစောင်ကိုဆက်လက်ထုတ်ဝေခဲ့ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုမရှိအောင် အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အသုံးစရိတ်အနေဖြင့် ရငွေသုံးငွေများကိုလည်း ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများ လေ့လာသိရှိနိုင်အောင် Citizen Budget အား နှစ်စဉ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ အခွန်တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်သူများထဲမှ အများဆုံးထမ်းဆောင်သူများကို ရွေးချယ်ပြီး နိုင်ငံ့ဂုဏ်ဆောင်၊ တိုင်းဒေသကြီးဂုဏ်ကို ဆောင်နိုင်သူများ အဖြစ်မှတ်ကျောက်တင်ထားကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ဖြစ်ရန် ပြည်သူလူထုတစ်ရပ်လုံးက အခွန်တာဝန်ကို တိတိကျကျ ရိုးရိုးသားသား ထမ်းဆောင်ခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် Renaissance Institute မှတာဝန်ရှိသူတို့ကအမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ခုနှစ် ဘဏ္ဍာရေးအကူးပြောင်းကာလ Citizen's Budget နှင့်ပတ်သက်၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးခင်မောင်လွင်ကလည်းကောင်း၊ အခွန်ဆိုင်ရာအကြောင်းအရာကို ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးအောင်မိုးကလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပဲခူးမြို့နယ်အတွင်းမှ အခွန်အများဆုံးထမ်းဆောင်ကြသည့် ဝင်ငွေခွန်ထမ်း ၁၅၃၉ ဦး၊ ကုန်သွယ်ခွန်ထမ်း ၁၈၈ ဦး စုစုပေါင်း အခွန်ထမ်း ၁၇၂၇ ဦး အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြကြောင်းသိရသည်။



**တင်စိုး(ပဲခူး)**

## တိုတိုထွာထွာဖတ်စရာ



ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရွှေမော်ဝန်း သာသနာ့ဗိမာန်၌ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ကျောက်တန်းမြို့ ရွှေမော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့မှ သတ္တမအကြိမ် အသက်(၈၅)နှစ် အထက်အဘိုး၊ အဘွား ၂၃၀ အား အလှူငွေနှင့် ပစ္စည်းများပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

### မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅မှစတင် ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ထိ မြစိမ်းရောင်စီမံကိန်း ယူနစ် ၃၃ ယူနစ်၊ စီမံကိန်းကျေးရွာ ၆၄ ရွာအားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း ကျေးရွာများထဲမှ ဖန်ခါးပင်ကျေးရွာသို့ ဇွန် ၂၉ ရက်က မြို့နယ်ဦးစီးမှူး ဦးမျိုးသူ (လက်ထောက်ညွှန်ကြားရေးမှူး) နှင့်အဖွဲ့သွားရောက်ကာ မြစိမ်းရောင်စီမံကိန်းအသင်းသား အသင်းသားသူများမှ စီမံကိန်းချေးငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုခြင်း၊ ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီ၏ ငွေစာရင်းပုံစံများဖြည့်သွင်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မြတ်သူရိန်**

### မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၃၀**

လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝဏ္ဏရှိန်က မူခင်းကျဆင်းရေး ပြခန်းယာဉ်ဖြင့် ဇွန် ၂၈ ရက် နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းမဘေး၌ ပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ညောင်တုန်းမြို့၌ ပညာရေးငွေစုငွေချေးအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ညောင်တုန်း ဇွန် ၃၀**

ညောင်တုန်းမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာလုပ်ငန်းနှင့်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအေးသိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အသင်းသား ၇၀၀ ခန့် တက်ရောက်သည်။

ရှေးဦးစွာအသင်းအုပ်ချုပ်မှုဒါရိုက်တာဦးယဉ်ထွေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်ပညာရေးမှူးဒေါ်ညွန့်ညွန့်က အသင်း၏တိုးတက်အောင်မြင်မှုများကို အကျဉ်းချုပ်ပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာအေးက အသင်းသားများ ငွေစုငွေချေးလုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက်စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်ဝင်းအေးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍အသင်းအတွင်းရေးမှူးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စုဆောင်းငွေအများဆုံးဆုရ ဦးအောင်နိုင်ဦး၊ ဒုတိယဆုရ ဒေါ်ယဉ်ယဉ်နွယ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေလက်ဆောင်များပေးအပ်ချီးမြှင့်သည်။ ထို့နောက် အသင်းသား ၁၇၇၀ ကျော်အား အစုပေါ် အမြတ်ငွေသိန်းပေါင်း ၅၀၀ ကျော်အား အသင်းသားများလက်ဝယ်သို့ ခွဲဝေထုတ်ပေးခဲ့ကြောင်းသိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## အသေးစား အရင်းအနှီးချေးငွေများနှင့် လယ်ယာလုပ်ငန်း အထောက်အကူပြု ဝန်ဆောင်မှုပေးလျက်ရှိ

**ဝါးခယ်မ ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သမဝါယမဦးစီး ဌာနနှင့် သမဝါယမအသင်းစုတို့က မြို့နယ်အတွင်းရှိ အခြေခံစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေသမဝါယမအသင်းများသို့ အသေးစား အရင်းအနှီးချေးငွေများ ထုတ်ချေးပေးသည့် လုပ်ငန်းအပြင် လယ်ယာလုပ်ငန်း အထောက်အကူပြု ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်တွင် အခြေခံစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေသမဝါယမအသင်း ၂၅၉ သင်းရှိပြီး နဝမအကြိမ်မြောက် အသေးစားအရင်းအနှီးချေးငွေ ပံ့ပိုးထုတ်ချေးထားသည့် ပမာဏမှာ ၄၈၃၃၉ ဒသမ ၅၅၈၉၈ သိန်းဖြစ်ကြောင်း၊ ချေးငွေများ ပြန်လည်ကောက်ခံမှုကို ဇွန် ၂၀ ရက်မှစကာ ဇွန် ၂၉ ရက်အထိ ၆၈ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရကြောင်း သိရသည်။

"နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက လမ်းညွှန်မှာကြားချက်နဲ့အတူ အသင်းသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးစားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ သမဝါယမအသင်းစုက အခြေခံအသင်းများကို အသေးစား အရင်းအနှီးချေးငွေထုတ်ချေးမှုတွေ ဆောင်ရွက်ပေးတယ်။ လယ်ယာသုံးစက်ကိရိယာများ၊ သွင်းအားစု ဓာတ်မြေဩဇာများ၊ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းတွေ၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းအတွက် ပံ့ပိုးချေးငွေထုတ်ချေးခြင်း၊ လယ်ယာလုပ်ငန်း အထောက်အကူပြု ဝန်ဆောင်မှုအနေနဲ့ Daedong လယ်ထွန်စက် သုံးစီး၊ ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးနဲ့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်" ဟု မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ဝင်းက ပြောသည်။

**လွမ်းသီဟ (ပြန်/ဆက်)**

## သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**သရက်ချောင်း ဇွန် ၃၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက မြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က သမဝါယမအကြောင်းသိကောင်းစရာများပြောကြားကာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အမှုဆောင်အဖွဲ့က ဖတ်ကြားရှင်းလင်းအတည်ပြုခဲ့ကြသည်။

ထိုနောက် အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာများမှ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမလီမိတက်အသင်းများစုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ သမဝါယမအသင်း အမှုဆောင်များ၊ အသင်းသားများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## မြောက်ဦးမြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) လွှဲပြောင်းပေးအပ်

**မြောက်ဦး ဇွန် ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိန်လွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ တက်ရောက်လာသူများက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်အား လွှဲပြောင်းပေးအပ်ခဲ့သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ကျေးရွာအုပ်စုပေါင်း ၂၂ အုပ်စု၊ တောင်သူစုစုပေါင်း ၁၀၃ ဦး၊ ဦးပိုင်စုစုပေါင်း ၁၄၆ ဦးပိုင်နှင့် ဧရိယာ စုစုပေါင်း ၄၄၉ ဒသမ ၂၁ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးပြီးဖြစ် ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်များ အဆင့်မြှင့်မှသာလျှင်

Dr.အောင်အောင်မင်း(ပါမောက္ခချုပ်-ငြိမ်း)

မြန်မာနိုင်ငံ ပညာရေးမှာ အခြေခံပညာ၊ အဆင့်မြင့်ပညာနဲ့ သက်မွေးပညာစတဲ့ ပညာရေးကဏ္ဍအသီးသီးအတွက် ပညာရေးမဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၁) ချမှတ်ပြီး နိုင်ငံတကာစံတွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲ ကာလဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မေလ ၂ ရက်မှာ "အရှေ့တောင်အာရှကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ" နဲ့ မေ ၂ ရက်မှ ၅ ရက်အထိ "(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ"ကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ဒီလို ညီလာခံကျင်းပရတဲ့ရည်ရွယ်ချက်က "အရှေ့တောင်အာရှ အတွင်းရှိ မြန်မာနိုင်ငံအပါအဝင် စာကြည့်တိုက်များနဲ့ စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာ စာကြည့်တိုက်အဝန်းအဝိုင်းထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ဆောင်နိုင်ရန်"ဖြစ်ပါတယ်။ ဒီလို စာကြည့်တိုက်ဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ ညီလာခံတွေ ပြည်တွင်းမှာ ကျင်းပပေးနိုင်ခြင်းဟာ မြန်မာနိုင်ငံရဲ့ ကျောင်းစာကြည့်တိုက်တွေ၊ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးလာစေရန်နဲ့ ခေတ်မီတိုးတက်လာစေဖို့ ဆောင်ရွက်ရာမှာ များစွာအထောက်အကူဖြစ်စေမှာ သေချာလှပါတယ်။

## အခြေခံလိုအပ်ချက်

မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုတွေ အရှိန်မြှင့်ပြီး လုပ်ဆောင်နေတဲ့အချိန်ကာလမှာ ကျောင်းစာကြည့်တိုက်တွေနဲ့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးရေးဟာလည်း အခြေခံလိုအပ်ချက်တစ်ခုပါ။ အခြေခံပညာကျောင်းတိုင်းမှာ ကျောင်းစာကြည့်တိုက်တွေ ဖွင့်နိုင်ရေးနဲ့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးမဖြစ်မနေ ကြိုးစားကြရာမှာ နိုင်ငံတော်အစိုးရ၊ ပညာရေးတာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဆရာ ဆရာမများ၊ မိဘပြည်သူများ အားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ မူလတန်းကလေးငယ်များမှစပြီး တက္ကသိုလ်ကောလိပ်မှာပါ သင်ယူနေကြတဲ့ ကျောင်းသားလူငယ်များအထိ စာဖတ်သည့် အလေ့အကျင့်ရရှိစေရေး၊ စာကြည့်တိုက်အသုံးပြုတတ်စေရေးနဲ့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးလာရေးကို ဆရာဆရာမများနှင့် စာကြည့်တိုက်မှူးများက ဦးဆောင်လမ်းပြတာဝန်ယူ ဆောင်ရွက်ကြရမှာပါ။ စာကြည့်တိုက်ဖွံ့ဖြိုးရေးကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ခံယူပြီး အောင်မြင်အောင် လုပ်ကိုလုပ်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေနဲ့ စာကြည့်တိုက်နှင့် သုတပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့ရယ်၊ နိုင်ငံတကာစာကြည့်တိုက်အဝန်းအဝိုင်းထဲမှာ ပါဝင်ချိတ်ဆက်နိုင်ဖို့ရယ် အရှိန်မြှင့်ပြီးကြိုးပမ်းဆောင်ရွက်နေတာတွေ့နေရပါတယ်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဆိုတာ တစ်ချိန်က အရှေ့တောင်အာရှမှာ ခေတ်အမီဆုံးနဲ့ စာအုပ်၊ စာတမ်း အစုံလင်ဆုံး စာကြည့်တိုက်ကြီးအဖြစ် သမိုင်းမှတ်တမ်းရှိခဲ့ဖူးတာပါ။ နိုင်ငံတော်က "Centre of Excellence" လို့ သတ်မှတ်စံထားရတဲ့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ အဓိက Software(အပျော့ထည်)ပိုင်းဖြစ်တဲ့ ခေတ်မီဝန်ဆောင်မှု၊ အသုံးပြုမှုစနစ်၊ ခေတ်မီစာကြည့်တိုက် နည်းပညာနဲ့ သင်တန်းများအကြောင်းကို အလေးထား တင်ပြလိုပါတယ်။ တက္ကသိုလ်စာကြည့်တိုက်မှာ သမားရိုးကျ ကတ်တလောက်စနစ်နဲ့ electronic စနစ်နှစ်မျိုးနဲ့ ဝန်ဆောင်မှုပေးနေပါတယ်။ ပညာရပ်ဆိုင်ရာ စာအုပ် စာပေအသစ်များ၊ သုတ၊ ရသစာအုပ်များကို စင်ဖွင့်စနစ်နဲ့အသုံးပြုစေခြင်း၊ အသစ်ထွက်လာတဲ့ စာအုပ်၊ စာပေ၊ ဂျာနယ်တွေကို display ပြသပေးခြင်း၊ ရည်ညွှန်းစာအုပ်များကို စာဖတ်သူမှ တောင်းဆိုခဲ့ရင် စာအုပ်ထားသိုခန်းမှာ ကိုယ်တိုင်ရှာဖွေခွင့်ပြုခြင်းစတဲ့ ဝန်ဆောင်မှုတွေပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် စာကြည့်တိုက်ရဲ့ Facebook မှာ အသစ်ရောက်တဲ့ စာအုပ်များကို ကြေညာပေးခြင်း၊ ကျောင်းစဖွင့်ချိန်မှာ Library Orientation ပြုလုပ်ပြီး စာဖတ်ရှိန်မြင့်လာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ ကျမ်းစာအုပ်နှင့် သုတေသနဂျာနယ်များ ဖတ်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရဲ့ electronic စနစ်ကို ၂၀၁၄ နှစ်စပိုင်းမှာ စတင်ခဲ့ပြီး Electronic Library Management System နဲ့ အင်္ဂလိပ်စာအုပ် ကတ်တလောက် ၂၄၉၇၅ အုပ်၊ မြန်မာကက်တလောက် ဒေတာ ၁၂၈၇၀ အုပ်၊ ဘာသာရပ်ဆိုင်ရာ ကျမ်း Thesis စာအုပ်ပေါင်း ၈၁၂၇ အုပ်တို့ကို ထည့်သွင်းပေးထားပါတယ်။ ဒါကြောင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနဲ့ ပြင်ပလေ့လာသူ ပုဂ္ဂိုလ်များ လိုအပ်တဲ့ သတင်းအချက်အလက်တွေကို အချိန်တိုတိုအတွင်း ရှာဖွေလေ့လာအသုံးပြုနိုင်ကြပြီ ဖြစ်ပါတယ်။ ထို့မျှမကဘဲ ရှားပါးစာအုပ် ၁၈၈ အုပ်၊ ပညာရပ်ဆိုင်ရာ e-books ၃၅၀၀ကျော်၊ e.Joural ပေါင်း ၁၀၀၀၀ ကျော်နဲ့ e-book ပေါင်း ၁၃၀၀၀ ကျော်တို့ကို Online မှာ တင်ထားပြီးပါပြီ။ ဒီလိုတင်ပေးထားတဲ့အတွက် သင်ကြားရေးနဲ့ သုတေသန ကိစ္စအားလုံးအတွက် အဆင့်မြင့် အရည်အသွေးရှိတဲ့ နိုင်ငံတကာ ဂျာနယ်နဲ့ဆောင်းပါးများ၊ မဂ္ဂဇင်းများကို e-Library ပုံစံဖြင့် Online မှတစ်ဆင့် လေ့လာဖတ်ရှု ကိုးကားနိုင်ကြပြီဖြစ်ပါတယ်။

## စဉ်ဆက်မပြတ်သင်တန်းများပေးခြင်း

Electronic Information for Libraries Project ကို ၂၀၁၄ ဇန်နဝါရီမှာ စတင်နိုင်ခဲ့ပါတယ်။ အကျဉ်းချုံးပြောရရင် Database ၃၅ ခုစုစည်းပြီး EBSCO Discovery Sercvice EDS မှတစ်ဆင့် အသံဖိုင်၊ ဗီဒီယိုဖိုင်၊ ရုပ်ပုံများ၊ သတင်းစာများနဲ့ ရည်ညွှန်းစာအုပ်များကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နဲ့ ဒဂုံတက္ကသိုလ်တို့မှာ ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ



အခြားဝန်ဆောင်မှုများအနေဖြင့် ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ စာကြည့်တိုက်မှူးအသစ်များကို အခြေခံ စာကြည့်တိုက်ပညာသင်တန်းပေးခြင်း၊ Online Database များကို မည်ကဲ့သို့ ရှာဖွေ အသုံးပြုရမယ်ဆိုတာ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတွေ လွယ်ကူစွာ အသုံးပြုနိုင်အောင် စဉ်ဆက်မပြတ်သင်တန်းများပေးခြင်း စတဲ့ ဝန်ဆောင်မှုများ ပေးနေတာပါ။ Library Orientation Programme မှာလည်း သစ်လွင်ကျောင်းသား၊ ကျောင်းသူတွေ စာကြည့်တိုက်မှာ စာဖတ်လာကြစေရန် စာကြည့်တိုက်ကို စနစ်တကျ အသုံးပြုတတ်စေရန်၊ စာဖတ်ရှိန် မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

## တက္ကသိုလ်အသစ်တွေတိုးချဲ့ဖွင့်လှစ်

တက္ကသိုလ်နဲ့ စာကြည့်တိုက်ဆိုတာ ရေနဲ့ကြာလိုပါပဲ၊ ခွဲခြားလို့မရနိုင်ပါ။ စာကြည့်တိုက်ဆိုတာ ပညာရပ်ဆိုင်ရာစာအုပ်၊ စာပေတွေ၊ သုတ၊ ရသစာပေတွေ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ သမိုင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာစာပေမျိုးစုံ စုဆောင်းထားရှိတဲ့ စာပေဘဏ်တိုက်ကြီးနဲ့တူပါတယ်။ လူတိုင်းကို ပညာမျက်စိဖွင့်ပေးတဲ့ ပညာ ဗဟုသုတဘဏ်လို့လည်းဆိုနိုင်ပါတယ်။ သို့ပေမယ့် ၁၉၈၈ ခုနှစ် အရေးအခင်းနောက်ပိုင်းကာလမှာ အုပ်ချုပ်ခဲ့တဲ့ အစိုးရရဲ့ ကန့်သတ်မှုတွေကြောင့် ရန်ကုန်တက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေမှာ ဘွဲ့ကြိုသင်တန်းနဲ့ ကျောင်းဆောင်ထားရှိမှုအားလုံးချုပ်ငြိမ်းသွားခဲ့ရပါတယ်။ နောက်တော့ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက် အစွန်အဖျားတွေမှာ တက္ကသိုလ်အသစ်တွေ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အကယ်ဒမစ်ပညာဝန်းကျင်ဟာ အသက်ဝင်မှုမရှိတော့ဘဲ ခြောက်ကပ်သွားခဲ့တာ အနုတ်လက္ခဏာဖြစ်သွားရခြင်းပါပဲ။ တက္ကသိုလ်စာကြည့်တိုက်မှာလည်း ဘွဲ့လွန်တက်ဆဲ ဆရာ ဆရာမနဲ့ ပြင်ပသုတေသီ အနည်းအကျဉ်းပဲ လေ့လာဖတ်ရှုသူရှိပါတော့တယ်။

## e-libraryအဆင့်မြှင့်

တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ ကောလိပ်တွေရာနဲ့ချီပြီးဖွင့်ထားတော့ တက္ကသိုလ်စာကြည့်တိုက်တွေလည်း ရာနဲ့ချီပြီး ဖွင့်လှစ်ခဲ့တာပါ။ တက္ကသိုလ် ဆရာ ဆရာမတွေဟာ ကိုယ်တိုင်က သင်ကြားရေးနဲ့ သုတေသနအရည်အသွေးတွေ အမြဲထက်မြက်နေအောင် စာကြည့်တိုက်ကို ပုံမှန်သွားပြီး နိုင်ငံတကာကပညာရပ် ရည်ညွှန်း စာအုပ်တွေ သုတေသနစာစောင်တွေကို မပြတ်လေ့လာ ဖတ်ရှုနေဖို့လိုပါတယ်။ သို့ပေမယ့် တက္ကသိုလ် စာကြည့်တိုက်အများစုမှာ စာဖတ်သူဦးရေနည်းပြီး အသက်မဝင်တော့တာကြာနေပါပြီ။ ဆရာ ဆရာမတွေ ကိုယ်တိုင်က ပညာရပ်စာပေရော၊ သုတ၊ ရသစာပေပါ ဖတ်ရှုလေ့လာမှုအားနည်းလာတယ်ဆိုတဲ့ သင်္ကေတတွေပါပဲ။ စာပေလေ့လာဖတ်ရှုမှုအားကောင်းမှ မိမိရဲ့ကိုယ်ပိုင်အတွေးအမြင်၊ အယူအဆတွေ၊ ဆုံးဖြတ်ချက်တွေမှန်ကန်လာပြီး သင်ကြားမှုနဲ့ သုတေသန အရည်အသွေးတွေလည်း မြင့်မားလာမှာဖြစ်ပါတယ်။ မည်သို့ဆိုစေ တက္ကသိုလ် ဆရာ ဆရာမတွေဆိုတာ ပညာရေးမှာ တက်တက်ကြွကြွနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ဦးဆောင်သူ "စံပြ" ဖြစ်နေရမှာ မဟုတ်ပါလား။

မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲရာမှာ တက္ကသိုလ်များ စာကြည့်တိုက်အပါအဝင် ရန်ကုန်နဲ့ မန္တလေး တက္ကသိုလ်စာကြည့်တိုက်ကြီးတွေကို e-library အဆင့်မြှင့်ပေးပြီး နိုင်ငံတကာ စာကြည့်တိုက်ကြီးများနဲ့ ချိတ်ဆက်ပူးပေါင်းကာ ဝန်ဆောင်မှုများပေးနိုင်ပြီဖြစ်ပါတယ်။ ဒီလို အရည်အသွေးတိုးတက်မြင့်မားလာခြင်းဟာ မြန်မာ့ပညာရေးအတွက် အပေါင်းလက္ခဏာပါ။ သို့ပေမယ့် အခြားသော တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ရှိကြတဲ့ တက္ကသိုလ်၊ ကောလိပ်တွေရဲ့ စာကြည့်တိုက်တွေကိုလည်း နောက်ကျန်ရစ်မနေအောင် အရည်အသွေးမြှင့်ပေးဖို့ လိုအပ်ပါတယ်။

## နိုင်ငံလည်း အဆင့်မြင့်မားတိုးတက်

အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်အားလုံးကို သမားရိုးကျဝန်ဆောင်မှုစနစ်အပြင် ဆက်သွယ်မှုမြန်ဆန်လှတဲ့ ယနေ့အိုင်တီခေတ်မှာ "Electronic စနစ်" အဆင့်မြှင့်ပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ရန် အရေးကြီးပါတယ်။ တက္ကသိုလ် စာကြည့်တိုက်အချင်းချင်း ချိတ်ဆက်ပူးပေါင်းနိုင်ရန်လည်း ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်ရမှာပါ။ တက္ကသိုလ်စာကြည့်တိုက်အားလုံးရဲ့ Facility တွေကို အပြည့်အဝပေးနိုင်ဖို့လည်း လိုပါလိမ့်မယ်။ အထူးသဖြင့် စာအုပ်ထားသိုခန်းများခေတ်မီရေး၊ ကွန်ပျူတာခန်းများခေတ်မီပြည့်စုံရေး၊ စာကြည့်တိုက်ဝန်ထမ်းများ အရည်အသွေးမြင့်လာစေရန် မွမ်းမံသင်တန်းများပေးရေး၊ စာကြည့်တိုက်ဖွင့်ချိန် တိုးမြှင့်ပေးရေးတို့ကို အားလုံးတစ်ပြေးညီဖြစ်အောင် စီမံချက်များချမှတ်ဆောင်ရွက်သင့်ပါတယ်။ သို့မှသာ စာကြည့်တိုက်ရဲ့ အရည်အသွေးမြင့်လာပြီး အသိဉာဏ်ပြည့်ဝ ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်ပညာတက်လူငယ်များ၊ အကယ်ဒမစ်ပညာရှင် ဆရာ ဆရာမများ၊ သုတေသီများ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

နိဂုံးချုပ်ရရင် တက္ကသိုလ်ကောလိပ်စာကြည့်တိုက်တွေ အဆင့်မြင့်လာရင် တက္ကသိုလ်၊ ကောလိပ်တွေလည်း အဆင့်မြင့်လာမှာပါ။ တက္ကသိုလ်တွေအဆင့်မြင့်လာမှသာ မြန်မာ့ပညာရေးလည်း အဆင့်မြင့်လာမှာဖြစ်ပါတယ်။ ဒီထက်ဆိုရရင် ပညာရေးကဏ္ဍ အဆင့်မြင့်လာမှသာ နိုင်ငံလည်း အဆင့်မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

> "ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဆိုတာ တစ်ချိန်က အရှေ့တောင်အာရှမှာ ခေတ်အမီဆုံးနဲ့ စာအုပ်၊ စာတမ်း အစုံလင်ဆုံး စာကြည့်တိုက်ကြီးအဖြစ် သမိုင်းမှတ်တမ်းရှိခဲ့ဖူး… ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရဲ့ electronic စနစ်ကို ၂၀၁၄ နှစ်စပိုင်းမှာ စတင်ခဲ့ပြီး Electronic Library Management System နဲ့ အင်္ဂလိပ်စာအုပ် ကတ်တလောက် ၂၄၉၇၅ အုပ်၊ မြန်မာကက်တလောက် ဒေတာ ၁၂၈၇၀ အုပ်၊ ဘာသာရပ်ဆိုင်ရာ ကျမ်း Thesis စာအုပ်ပေါင်း ၈၁၂၇ အုပ် တို့ကို ထည့်သွင်းပေးထား…"

# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတစ်ဝန်းကအဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။



ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

facebook

Learn more at: https://www.facebook.com/safety/resources/myanmar

Ma Thel Nu Soe

Ph : 099692252703

"စိုင်းခွန်နောင်" ကုမ္ပဏီ
အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်း
ဝယ်/ငှားသင့်သောနေရာကောင်းများ (ပွဲစားမလို)
01- 8604440~2, 01 - 2331172 ~4, 09 44310 4200 09 4430 95285

| | | | |
|---|---|---|---|
| ▪ မရက၊ကမ္ဘာအေးဗီလာ | (2367sqft) | Lift | 3500L |
| ▪ လှိုင်၊ Gems Condo | (1505sqft) | Lift | 3000L |
| ▪ တမ၊ဖိုးစိန်ကွန်ဒို | (1750sqft) | Lift | 2800L |
| ▪ ကိုယ့်မင်း၊ကိုယ်ချင်းလမ်း | (1500sqft) | Lift | 2700L |
| ▪ တ/ဥ၊သုမင်္ဂလာလမ်းမ | (18×54) | မြေညီ(ထပ်ရုံ) | 2500L |
| ▪ ရွှေသာဂုဏ်ရောင်ကွန်ဒို | (1550sqft) | Lift | 2000L |
| ▪ ပဇတ၊ရေကျော်လမ်း | (18×60) | မြေညီ | 2000L |
| ▪ သဃက၊မလိခကွန်ဒို | (1266sqft) | Lift | 2000L |
| ▪ ရကာ၊ရွှေအုန်းပင်အိမ်ရာ | (900sqft) | 2F | 1300L |
| ▪ သဃက၊သံသုမာလမ်း | (27×60) | 3F | 1150L |
| ▪ တမ၊ ILBC အနီး | (36×50) | မြေညီ(ထပ်ရုံ) | 20L |
| ▪ ပုဇွန်တောင်ဈေးအနီး | (25×50) | မြေညီ+1F | 18L |
| ▪ တမ၊ရွှေမြို့ကွန်ဒို | (2350sqft) | Lift | 13L |
| ▪ ရွှေသာဂုဏ်ရောင်ကွန်ဒို | (1550sqft) | Lift | 12L |
| ▪ သဃက၊ဝေဇယန္တာလမ်းမ | (20×60) | မြေညီ | 10L |

ဤကြော်ငြာတွင်မပါရှိသော်လည်း လူကြီးမင်းတို့ ဝယ်ယူ/ငှားရမ်းလိုသော နေရာများအား ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။



**ပညာတံခွန်** (၁၀တန်းအထူးအယောက်(၂၀)ဘော်ဒါ)
ဘော်ဒါမဝင်ခင်(၁၅)ရက်တစ်သိန်းခွဲသွင်း၍ စမ်းသပ်နိုင်သည်။
အခြေခံမကျေသူများ၊စာမကျက်ခဲ့သူများအားတစ်လအတွင်း ဆုံးဖြတ်ပေးမည်။ စာများကိုသင်၊ အရပါကျက်စစ်ဆေးခြင်းများ တစ်ခါတည်းအပြီးလုပ်ပေးမည်။သင်ကြားရေးကိုအပြည့်အဝ ရာခိုင်နှုန်းပြည့်အာမခံသည်။ဘာသာတိုင်းရမှတ်(၂၀) ရသော သူသာဖြစ်ပါစေ စာမေးပွဲအောင်ရန်တာဝန်ယူသည်။
(၁၉) ပန်းလှိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်။ Ph- 09-420275663



# ရွှေဘုန်း
## သမိုင်းတင်သည့် ဂန္ထဝင်အချစ်များ
(ပထမတွဲနှင့်ဒုတိယတွဲ)
ဖြန့်ချိရေး-မျိုးဆက်သစ်ဝဇ- ၄၂၀၀၇၃၆၈၈


### ဆရာတော်ကြီး၏စိန်ရတုအကြိုမွေးနေ့
### ကျောင်းဆောင်တော်ကြီးရေစက်ချနှင့်
### အဘိဓမ္မာ(၇)ကျမ်းရွတ်ဖတ်ပူဇော်ပွဲ အသိပေးနှိုးဆော်လျှောက်ထားဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်၊ ဆွမ်းချက်ရပ်၊ ရွှေစေတီပရိယတ္တိစာသင်တိုက်ကြီး၏ပဓာန နာယကဆရာတော်ဘဒ္ဒန္တဥတ္တမသာရ (သာသနဓဇဓမ္မာစရိယ+ဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ ၇၃-နှစ်ပြည့် (၇၄-၇၅)စိန်ရတုအကြိုမွေးနေ့၊ စုပေါင်းဆောက်လုပ်လှူဒါန်းအပ်သော သမုဟကာရီကျောင်းဆောင်တော်ကြီး ရေစက်ချမင်္ဂလာနှင့် ၉-ရက်အဘိဓမ္မာ ၇-ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲတို့ကို စုပေါင်းကျင်းပမည်ဖြစ်ပါ၍ ၁၃၈၀-ခုနှစ် ဒုတိယဝါဆိုလဆန်း၅-ရက်(၁၇-၇-၂၀၁၈)ရက်နေ့(အင်္ဂါနေ့)တွင် ရပ်နီးရပ်ဝေးရှိ တပည့်သံဃာများနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား မပျက်မကွက် ကြွရောက်ကြပါရန် အသိပေးနှိုးဆော် တိုက်တွန်းအပ်ပါသည်။

(ပူဇော်ပွဲကျင်းပရေးကော်မတီ)


ကိုယ်ပိုင်ကျောင်းမှ ဝန်ထမ်းအလိုရှိသည်၊
၁။ လ/ထ ကျောင်းအုပ်ကြီး( ကျား/မ)၁ ဦး
၂။ အလယ်တန်းပြ ဆရာ/ဆရာမများ
၃။ စာရင်းကိုင်( မ )
*အမှတ်စဉ်(၁)အတွက် အစိုးရကျောင်းအုပ်လုပ်ဖူးရမည်။
*CV ကို(၂) ပတ်အတွင်းတင်ပေးရမည်။
အမှတ်(၄)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ယာ၊ ဆင်ရေတွင်းမှတ်တိုင်၊ကမာရွတ်မြို့နယ်၊0979101052



# သီဟလင်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း (10',14',16',18',22')ကား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394











### ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၈၉)၊ ၃-လွှာတွင် ရုံးခန်းဖွင့်လုပ်ဆောင်လျက်ရှိသော Ananda Steel Co.Ltd သည် အောက်ဖော်ပြပါကုမ္ပဏီပိုင်အမှတ်တံဆိပ်ဖြစ်သော Ganga ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၄/၆၁၃၅/၂၀၁၈) ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

GS Ganga STAINLESS STEEL R.K. PRODUCT

(၄/၆၁၃၅/၂၀၁၈)

အဆိုပါ Ganga ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီ၏ မူပိုင်အဖြစ်အသုံးပြု၍ မီးဖိုချောင်သုံးစတီးပစ္စည်းအမျိုးမျိုးများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါ Ganga ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် မီးဖိုချောင်သုံးစတီးပစ္စည်းအမျိုးမျိုးကို ဝယ်ယူအားပေးကြသူများကြားတွင် ကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားမှုကို အခွင့်ကောင်းယူကာ အချို့သော လုပ်ငန်းရှင်များသည် အဆိုပါ Ganga ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားပုံစံအတိုင်း တုပပြုလုပ်၍ မီးဖိုချောင်သုံး စတီးပစ္စည်းအမျိုးမျိုးကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ Ganga ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် မီးဖိုချောင်သုံး စတီးပစ္စည်းအမျိုးမျိုးကို ဝယ်ယူအားပေးသူများ ထင်ယောင်ထင်မှားဖြစ်စေရန် Ganga ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တုပ၍ မီးဖိုချောင်သုံး စတီးပစ္စည်းအမျိုးမျိုးတို့တွင် ဖြန့်ဖြူးရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်အေးမြင့်ထွန်း** | **ဒေါ်မိုးကမ္ဘာသိန်း** |
| (LL.B,GTI(EC),DL-101,WIPO (Switzerland)) | LL.B, WIPO (Switzerland)) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၀) | အထက်တန်းရှေ့နေ(စဉ်-၃၅၇၅၇) |

အမှတ်(၁၃၈)၊ ဒုတိယထပ်၊ (၃၂)လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၅၀၁၅၀၃၄၊ ၀၉ ၇၉ ၂၃၈၇၁၀၇၊ ၀၉၇၉၁၅၆၁၅၅၃

## အရာခံဗိုလ်ချစ်မောင်(ငြိမ်း) (၈၇)နှစ်
**Boy Army (B-36310)**
**မြန်မာ့လက်ရွေးစင်ဟောင်း/ရန်ကုန်တိုင်းစစ်ဌာနချုပ်နည်းပြ(လက်ဝှေ့)**
**တပ်မတော်စစ်ခွေးလေ့ကျင့်ရေးကျောင်းနည်းပြမှူး (ပြင်ဦးလွင်)**
**ပတ္တမြားမြို့သစ်(ရယက ဥက္ကဋ္ဌဟောင်း)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ အမှတ်(၉/၁၂၁)၊ စိန်သပြေလမ်းနေ [ဒေါ်စိန်တင့်(ခ)ဒေါ်နှင်း]၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့နေ ဒေါ်ကြူကြူ၏အစ်ကို၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ ဦးသန်း-ဒေါ်ခင်စိန်၊ ပတ္တမြားမြို့သစ်၊ မြစေ့ရုံလမ်းနေ ဗိုလ်ကြီးတင်မြ(ငြိမ်း)-ဒေါ်ဝင်းဝင်းကြည်၊ နေပြည်တော်ကမ္ဘာလှည့်ခရီးသွား ရဲတပ်ဖွဲ့ ရဲမှူးတင်ယု-ဒေါ်ကြည်ကြည်ခိုင်၊ (ဦးအေးသွင်)-ဒေါ်နှင်းနှင်းအေး၊ တိုက်ကြီးမြို့နေ ဦးတင့်ဇင် (RCBT Co., Ltd)-ဒေါ်ယဉ်ယဉ်ဆွေ၊ ဒုအရာခံဗိုလ်ကျော်ကျော်ဦး-ဒေါ်သက်သက်အေး၊ ဒေါ်မိုးမိုးအေး(ရန်ကုန်မြို့တော်စည်ပင်)၊ ဒေါ်မော်မော်အေး(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၂၁ ယောက်၊ မြစ် ၂၇ ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၃၀-၆-၂၀၁၈ ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၉/၁၂၁)၊ စိန်သပြေလမ်း၊ ပတ္တမြားမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သန်း (ဘိုကလေး)
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၇၇)နေ (ဦးမောင်စိန်-ဒေါ်သန်းမေ)တို့၏ သမီး၊ ဦးကန့်-ဒေါ်ရင်မတို့၏ သမီးချွေးမ၊ ဦးမိုက်ကယ်-ဒေါ်ခင်သန်းဝင်း(U.S.A)၊ ဦးဝင်းစိုး-ဒေါ်ဝါဝါထွန်း၊ (ဦးဝင်းအောင်)-ဒေါ်ရီရီစိန်၊ ဦးဝင်းခိုင်-ဒေါ်မို့မို့ရှိန်တို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်မြင့်မြင့်သန်းသည် ၃၀-၆-၂၀၁၈ ရက် နံနက် ၃း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
## ဦးဘိုစိန် (၈၄)နှစ်
**ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ပန်းဖဲကွင်းအုပ်စု၊ ညောင်ပင်ကြီးစုရွာ**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ပန်းဖဲကွင်းအုပ်စု၊ ညောင်ပင်ကြီးစုရွာနေ (ဦးထွန်းမောင်-ဒေါ်မယ်စု)တို့၏သား၊ (ဒေါ်စောသိန်း)၏ခင်ပွန်း၊ ဦးသာစိုး-ဒေါ်အုန်းရှင်၊ ဦးလှထွန်းကျော်-နော်အယ်ထူး၊ ဦးမြင့်အောင်-ဒေါ်ကျင်လှ၊ ဦးစောထွန်းဝေ-ဒေါ်မြင့်မြင့်အေး (Delight Engineering Co., Ltd+ Delight Piling Co., Ltd+ KGS Myanmar Co., Ltd)၊ (မခင်သိန်း)၊ (မခင်လှ)၊ ဦးခင်ရွှေ-နော်အယ်စေး၊ ဦးသိန်းဇော်ဝင်း-ဒေါ်စန်းယုမေ၊ ဦးညီညီ-ဒေါ်ထွေးရင်တို့၏မွေးသဖခင်၊ မြေး ၁၈ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၁၈ ရက် ည ၁၁း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ညောင်ပင်ကြီးစုရွာ၌ ဂူသွင်းသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ ရက်တွင် ညောင်ပင်ကြီးစုနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာဦးသန်းဝေ
**ဆေးရုံအုပ်ကြီး(ငြိမ်း)၊ ၁၉၆၈ အောင်(ရွှေရတုဆရာဝန်)**
**အသက် (၈၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပွဲစားတန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ အမှတ်(၆၁)နေ (ဦးသိန်း-ဒေါ်အိ)တို့၏ သား၊ ဒေါ်မိုးဆွေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနေဝင်း-ဒေါ်အေးမြင့်ကြည်၊ မနှင်းနှင်းဝေတို့၏ချစ်လှစွာသော မွေးသဖခင်၊ မထက်ထက်အောင်၊ မောင်ဉာဏ်လင်းထက်၊ မကြည်သာထက်၊ မောင်ဘုန်းမြတ်ဇင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၆-၂၀၁၈ (သောကြာနေ့) ညနေ ၆း၄၅နာရီတွင် မန္တလေးမြို့၊ တော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ဆားကျင်းမြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာသန်းဝေ(ဆေးရုံအုပ်ကြီး-ငြိမ်း)**
**အသက် (၇၉) နှစ်**

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ပွဲစားတန်းလမ်း၊ ရွှေမြင့်မိုရ်တိုက်နေ ဒေါ်နှင်းနှင်းဝေ၏ဖခင်ဖြစ်သူ ဒေါက်တာသန်းဝေ(ဆေးရုံအုပ်ကြီး-ငြိမ်း) သည် ၂၉-၆-၂၀၁၈ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**Dip-DS (5th Batch)**

**ဘုရားဒါယကာကြီး**
## ဦးထွန်းရှိန်(မြိတ်) (၉၉)နှစ်
**မော်ကွန်းဝင်တတိယဆင့်**

မြိတ်မြို့နေ (ဦးချွန်-ဒေါ်တင်)တို့၏သား၊ ဒေါ်ဂင်ကြည်၏ခင်ပွန်း၊ ဒေါ်သန်းသန်းမူ(မန်နေဂျာ-မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်အေး၊ ဦးကြည်ထွန်း-ဒေါ်လွင်လွင်ပြုံးတို့၏ဖခင်၊ မလှယမင်း၊ မောင်မင်းသူ(မြန်မာဆရာဝန်များအသင်း)တို့၏ အဘိုးသည် ၂၉-၆-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့် (၉၃)နှစ်

ရမည်းသင်းမြို့၊ ကျော်ဇင်ရပ်ကွက်နေ (ဦးညီငယ်-ဒေါ်စိန်မယ်)တို့၏ သမီး၊ (ဒေါ်တင်)၊ [ဒေါ်အေးကြည်(ငွေရတနာအောင်ရွှေဆိုင်)]၊ (ဦးလှဒင်)၊ ဦးသာဒွန်၊ (ဒေါ်ခင်ငြိမ်း)တို့၏ညီမ၊ (ဒေါ်တင်အေး)၏အစ်မ၊ ဦးလှမြင့်၊ ဦးမျိုးသန့်၊ ဦးမျိုးသိန်း၊ ဒေါ်မြင့်မြင့်ထွန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ချိုထွေး၊ ဒေါ်ချိုပြုံး၊ (ဦးဇော်မင်း)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၀-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် မြို့မအနောက်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းအေး(ခ)ဒေါ်ကြေး (၇၅)နှစ်
**အထက်တန်းပြ(ငြိမ်း)၊ ရွှေဘို**

ရွှေဘိုမြို့၊ အမှတ်(၄)ရပ်၊ အောင်ဇေယျရပ်ကွက်နေဦးသိန်းလွင်၏ဇနီး၊ ဦးတိုးတိုးဝင်း-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်မိုးလွင်၊ ဗိုလ်ကြီးခိုင်စိုးလွင်(ငြိမ်း)-ဒေါ်တင်တင်မိုး၊ ဦးအေးလွင်ထွန်း-ဒေါ်မေယုဝင်းတို့၏မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃၀-၆-၂၀၁၈ (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရွှေဘိုမြို့ ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၈(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း (၆၃)နှစ်
**ဦးစီးအရာရှိ (ငြိမ်း)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် (၁၂၀၇)နေ (ဦးကြည်ဝင်း-ဒေါ်တင်အေး)တို့၏ ဒုတိယသား၊ ဒေါ်တိုးတိုးမာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းဇော်-ဒေါ်ခင်သန်းအုံးတို့၏ ညီ၊ ဦးသန်းငွေ-ဒေါ်သန်းသန်းစိုး၊ ဦးအေးထွန်း-(ဒေါ်မြမြအေး)၊ ဦးမြင့်အောင်-ဒေါ်မြမြငွေ၊ ဦးအောင်သန်းငွေ-ဒေါ်ချိုချို၊ ဒေါ်တင်တင်ဝင်း၊ ဦးလှိုင်စိုး-ဒေါ်ကြည်ကြည်ရွှေ၊ ဦးညိုဝင်း-ဒေါ်ငွေငွေဝင်း၊ (ဦးမင်းဇော်ထွေး)တို့၏အစ်ကိုသည် ၂၆-၆-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျီစုသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သိမ်၊ ကျောင်း၊ မြေဒါယကာ**
## ဦးမျိုးမြင့်(ခ)တန်လစ်ရှင်း (၆၁)နှစ်
**အောင်သုခမ္မရိပ်သာယောဂီ**

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးဖိုးခို(ခ)တန်စွန်လီ-ဒေါ်သီ]တို့၏မြေး၊ [တန်အိမ်လန်(ခ)ဦးကြည်]-ဒေါ်သန်းသန်းကြည်(ခ) ချန်ဘီကြူးတို့၏သားကြီး၊ [ဒေါ်ဝင်းဝင်းရီ(ခ)မေလူး]၏ခင်ပွန်း၊ ဦးစိန်မြင့်၊ မမြင့်မြင့်ညွှန့်၊ မစိုးစိုးညွှန့်၊ မတင်တင်ဝင်း၊ မအေးအေးညွှန့်၊ ဦးသန်းမြင့်-ဒေါ်ရီရီမင်း၊ ဦးစန်းမြင့်-ဒေါ်အေးအေးနိုင်၊ ဦးမောင်မြင့်-ဒေါ်ချောစုလှိုင်၊ မအိအိထွေးတို့၏အစ်ကိုကြီး၊ မဟန်စုရည်ထွန်း၊ မဆုဟေဇင်၊ မောင်ဘုန်းမြတ်ထက်၊ မထက်ဝန်းရံ၊ မထက်ဝသန်ဦး၊ မထက်မြတ်နိုးတို့၏ဘကြီး ဦးမျိုးမြင့်(ခ)တန်လစ်ရှင်းသည် ၂၉-၆-၂၀၁၈(သောကြာနေ့) ည ၁၁း၂၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၁၈)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မင်း
**ဒုတိယဦးစီးမှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး**
**အသက် (၃၄) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဝင်းပိုင်ရွာသစ်ကျေးရွာနေ (ဦးစိုး-ဒေါ်စောဝင်း)တို့၏သား၊ နေပြည်တော်နေ ဦးဝင်းသိန်း-ဒေါ်သီသီအောင်တို့၏ညီ၊ မယုဝေလှိုင်၏အစ်ကိုသည် ၃၀-၆-၂၀၁၈ (စနေနေ့) နံနက် ၈း၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ အအေးတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တဇနိန္ဒ**
ဦးစီးပဓာနနာယကဆရာတော်
ရတနာရန်အောင်ကျောင်းတိုက်
သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၄၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာ၊ ရတနာရန်အောင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဇနိန္ဒ သည်၊ ၁၃၈၀ ပြည့်နှစ်ပထမဝါဆိုလဆန်း(၂)ရက်၊ ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက်(၈း၀၀)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆုတ်(၇)ရက်၊ ၄-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့)တွင် ကျောင်းတိုက်တော်အတွင်း အခမ်းအနားပြုလုပ်၍ ရန်ကုန်ပေါက်ကျေးရွာသုသာန်ရှိ ဈာပနဇိမာန်တော်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တပည့်ဒါယကာ၊ ဒါယိကာမများ
ရန်ကုန်ပေါက်ကျေးရွာ

## အနိစ္စ

## ဒေါ်အုန်းယဉ်(သာစည်)
**အသက် (၈၀)**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ်(၁) သာယာအေးရပ်ကွက်နေ [ဦးသန်းစိန်(မြို့နယ်ပညာရေးမှူး-ငြိမ်း)]၏ဇနီး၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ ဦးခင်မောင်သန်း-ဒေါ်ကျင်စိန်မြင့်၊ ပျဉ်းမနားမြို့နေ ဦးမြင့်ကြိုင်သန်း (ဓာတ်မှန်)-ဒေါ်စန်းစန်းနွဲ့၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဦးမြင့်နိုင်သန်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်စန်းရီ၊ လွိုင်ကော်မြို့နေ (ဦးမြင့်ခိုင်သန်း)-ဒေါ်ခင်ထွေးရီ၊ တောင်ငူမြို့နေ (ဦးအောင်နိုင်သန်း)-ဒေါ်သူဇာမိုး(မိုးလေဝသနှင့်ဇလဗေဒ)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေဦးမင်းဇော်သန်း-ဒေါ်သန္တာအောင်၊ သာစည်မြို့နေ (ဦးခင်မောင်လင်း)-ဒေါ်အေးအေးငယ်တို့၏မွေးသမိခင်ကျေးဇူးရှင် ဒေါ်အုန်းယဉ်သည် ၂၉-၆-၂၀၁၈ ရက် ည ၁၀း၄၇ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သာစည်မြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Rev. Thang Suan Mang@ Mangno (Haunung Beh)
**B.Th; M.A; M.Div**
**အသက် (၄၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စံပယ်လမ်းသွယ်နေ (Col.H.Kam Pum Retd)-ဒေါ်သီတာ(ခ) Pi Thuam Uap (ခေတ္တ-Australia) တို့၏တစ်ဦးတည်းသောသား၊ ဒေါ်စုစုရီ(ခ)Nu Hau Khan Man (အလက-၃၊ ထခွဲ၊ ရွှေပြည်သာ)-Pa Thawng Khan Mung တို့၏မောင်၊ ဒေါ်စုစုအေး(ခ)Nu Dim Lun Cing-ဦးစောဆေးဟဲ(ခေတ္တ-Australia)၊ ဒေါ်ကေသီ (ခ) Nu Kim Tul Cing-Pa Go Khan Kang (ခေတ္တ-Australia)၊ (Lia Thang Suan Huai)တို့၏အစ်ကို၊ ဒေါ်ခင်လေးမွန်(ခ)Nu Cing Lam Do Niang (ဘဏ်ခွဲတာဝန်ခံ-မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမာရွတ်-၂ ဘဏ်ခွဲ)၏ချစ်လှစွာသောခင်ပွန်း၊ Lia Uap Sian Hon Siam (ဒသမတန်း၊ ကောင်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေပြည်သာ)၊ Tg.Pum Sian Lian Sang (ဒသမတန်း၊ ကောင်းစုံ ကိုယ်ပိုင်အထက်တန်းတန်းကျောင်း၊ ရွှေပြည်သာ)တို့၏ချစ်လှစွာသောဖခင် Rev. Thang Suan Mang @ Mangno သည် ၂၉-၆-၂၀၁၈ (သောကြာနေ့)တွင် မြဝတီမြို့၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုကိုးကွယ် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကားများ Grace AG ဘုရားကျောင်းရှေ့၊ ကြို့ကုန်းဘုရားကျောင်းရှေ့၊ ဧမာနွေလဘုရားကျောင်းရှေ့နှင့် ယုဇနပိတောက်ကွေ့တို့မှ နံနက် ၉း၃၀ နာရီနှင့် နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငွေးကြွယ် (၉၁)နှစ်
**ရေနံဓာတု(P.I.C)၊ ငြိမ်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၃)လမ်း၊ အမှတ်(၈၅၅)နေ [ဦးဘဦး-ဒေါ်လှကျင်(ဝါးခယ်မ)]တို့၏သား၊ (ဒေါ်ခင်စော)၏ခင်ပွန်း၊ (ဦးသောင်းညွှန့်)-ဒေါ်ငွေးငွေးဝင်း၊ ဒေါ်ခင်စောဝင်း၊ ဒေါ်ခင်သိန်းဝင်း၊ ဦးခင်ကြွယ်၊ ဦးမောင်မောင်ကျော်၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးစိုးသိန်း (ခ) ဦးဇော်မင်း-ဒေါ်စန္ဒာမိုးတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းရီ(လဝက-ငြိမ်း) (၇၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပုဂံစက်လမ်း၊ အမှတ်(၆၁/၈၉)နေ (ဦးညွှန့်ဦး-ဒေါ်လှတင်)တို့၏သမီး၊ (ဦးခင်မောင်ငြိမ်း)၏ဇနီး၊ ဦးဇော်လင်း-ဒေါ်သွင်သွင်ငြိမ်း(ဦးစီးအရာရှိ လ. ဝ. က)၊ ဦးကျော်သူရ (ခေတ္တ-စင်ကာပူ)-ဒေါ်ခင်မော်ဝါ (နန်းမဟာဆေးခန်း)၊ ဦးနိုင်ဝေ (ရွှေလိပ်ပြာဟိုတယ်)-ဒေါ်ခင်ဖုန်းနွယ်၊ ဦးအောင်သင်း-ဒေါ်ခင်သန္တာအေး၊ ဦးသန့်နိုင် (ဆွေမွန်ဆေးခန်း)-ဒေါ်ခင်မာချို (လ/ထညွှန်မှူး၊ အလုပ်သမားဦးစီး)၊ ဦးသန့်နောင်တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၉-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယိကာမကြီး**
## ဒေါ်လှလှ (TC 9-CB Bank၊ ငြိမ်း) (၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၅၇)လမ်း၊ အမှတ်(၂၁)နေ (ဦးထွန်းတင်-ဒေါ်ထွေး)တို့၏သမီးကြီး၊ (ဦးမောင်ကလေး-ဒေါ်ငွေဆင်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ချို (MEIC၊ လ/ထ မန်နေဂျာ၊ ငြိမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်ကောင်စီဥက္ကဋ္ဌ-ငြိမ်း)၏ဇနီး၊ (ဦးအောင်လွင်ဦး)-ဒေါ်ခိုင်လေးချို၊ ဒေါ်ပပချို (D2အထည်ဆိုင်)၊ မအိအိချို(ဒု-မန်နေဂျာ၊ CB Bank ဘုရင့်နောင်)၊ (ဦးဝင်းကြည်)-ဒေါ်နုနု၊ ဦးဇော်မြင့်-(ဒေါ်သောင်းသောင်း ရီ)တို့၏အစ်မ၊ မောင်နေလင်းဦး-မသိမ့်ဦးခိုင်(CB Bank၊ မင်္ဂလာဈေး)၊ မအိမ့်ဦးခိုင်တို့၏အဘွားသည် ၃၀-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်ဦး (၇၅)နှစ်
**ရေလမ်းထိန်းသိမ်းရေးနှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ငြိမ်း)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်နေ (ဦးယုယုန်-ဒေါ်ကင်အိမ်း)တို့၏သားလတ်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ (ဇ/မြောက်)ရပ်ကွက်၊ အမှတ် (င/၂၄၄)နေ ဒေါ်ကံကြည်၏ခင်ပွန်း၊ ဦးစိန်လင်း-ဒေါ်ဝင်းသီတာမြင့်၊ ဦးအောင်သူတို့၏ဖခင်၊ မြေးနှစ်ယောက် တို့၏ အဘိုးသည် ၂၉-၆-၂၀၁၈ (သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ (ဇ/မြောက်)ရပ်ကွက်၊ အမှတ်(င/၂၄၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသာလှ
**အသက် (၇၃)နှစ်**

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ ဦးဇော်လင်းအောင်-မခင်သန်းဝေ၊ ဦးသန်းမြင့်-ဒေါ်ခင်စောနွဲ့၊ ဦးလှမြိုင်-မခင်စောမြိုင်၊ ဦးကျော်သန်းစိုး-မယဉ်ယဉ်ဖြူတို့၏ဖခင်၊ ဒေါ်ဦးမေ၏ချစ်လှစွာသောခင်ပွန်း ဦးသာလှသည် ၃၀-၆-၂၀၁၈ ရက် ညနေ ၆း၃၀နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၁၃ လမ်း၊ အလယ်ဘလောက်၊ အမှတ် ၇၆ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဇင် (၅၈)နှစ်
**ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး**

ထားဝယ်မြို့၊ ဗျောတောဝရပ်ကွက်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းနေ ဒေါ်နီလာမြင့်၏ခင်ပွန်း၊ မခိုင်နီလာဇင်၊ မောင်အောင်မောင်မောင်ဇင်၊ မောင်ခန့်မောင်မောင်ဇင်တို့၏ကျေးဇူးရှင်ဖခင် ဦးမောင်မောင်ဇင်သည် ၂၉-၆-၂၀၁၈ရက် နံနက် ၇နာရီတွင် ထားဝယ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာဘာသာပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက်(A.G.T.I)
**အသက် (၄၂) နှစ်**
**The One Entertainment Group of Co., Ltd (Director)**

ခင်မင်ရင်းနှီးရပါသော မိတ်ဆွေဖြစ်သူ ဦးမျိုးဇော်အောင် (ခ) ဦးမျိုးထက်သည် ၂၈-၆-၂၀၁၈ ရက် ည ၁၁း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု၊ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကိုမျိုးထက်တစ်ယောက် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းအမျှပေးဝေပါတယ်. . . .

**CEO၊ COO နှင့်ဝန်ထမ်းများ**
**Lynn Lat Aung Co., Ltd**

## ဦးတင်မောင်မြင့်(ခ)
## ကိုဟုတ်(ငါးသိုင်းချောင်း)
**အသက် (၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ၊ အခန်း(၁/၄၀၁)နေ (ဦးတင်နား-ဒေါ်ကျင်ရှိန်)တို့၏ သားကြီး၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ ဒေါ်ခင်ဆန်းမြင့်၏မောင်၊ ဦးစိုးဝင်း၏အစ်ကို၊ ကိုဇော်ကိုအောင်-မနန်းနန်း၊ မအိအိခိုင်၊ ကိုစိုးပြည့်ဖြိုး-မရွှေရည်ဝင်းတို့၏ဖခင်၊ မောင်ကောင်းခန့်ကိုကို၊ မောင်ထွဋ်လင်းကိုကိုတို့၏အဘိုးသည် ၃၀-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၈ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ သက္ကေပြင် IDP Camp သို့ သွားရောက်သတင်းရယူ

**စစ်တွေ ဇွန် ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သက္ကေပြင်ကျေးရွာရှိ IDP Camp သို့ သွားရောက်၍ သတင်းရယူကြသည်။

ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် IDP Camp အတွင်း နေထိုင်လျက်ရှိသည့် မိသားစုဝင်များနှင့်တွေ့ဆုံပြီး နေထိုင်စားသောက်ရမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးနှင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် ညနေပိုင်းတွင် စစ်တွေလေဆိပ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အောင်သူရ၊ ဟန်လင်းနိုင်**



ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့ သက္ကေပြင် IDP Camp တွင် နေထိုင်ကြသူများအား တွေ့ဆုံမေးမြန်းကြစဉ်။




အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မန္တလေးမြို့ ကျုံးတစ်ပတ်အပြေးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများကို တွေ့ရစဉ်။

# မန္တလေးနန်းမြို့ ကျုံးတစ်ပတ်အပြေးပြိုင်ပွဲ အပြေးသမားမောင်မယ် ၁၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

**မန္တလေး ဇွန် ၃၀**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မန္တလေးနန်းမြို့ ကျုံးတစ်ပတ်အပြေး ပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက မန္တလေးမြို့ ဗထူး အားကစားကွင်းအထူးတန်း မုခ်ဦးရှေ့ တာလွှတ်စုရပ် နေရာတွင် ကျင်းပရာ အခြေခံပညာကျောင်း၊ ကိုယ်ပိုင် အထက်တန်းကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း၊ ပညာရေးကောလိပ် တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှင့် ဝါသနာရှင် ပြည်သူ ၁၃၀၀ ကျော်တို့သည်

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ○**



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဇူလိုင် ၁၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

## နှင်းသစ်ပင်



# ပန်းဖျက်မှုဆိုး

(၁)

"ဂွတ်နိုက်ပါ နွယ်လေးရေ . . အိပ်မက်လှလှမက်ပါစေနော်"

နွယ်လေးကို မက်ဆင်ဂျာမှတစ်ဆင့် နှုတ်ဆက်ပြီးသည့်တိုင်အောင် ကျွန်တော် အိပ်မပျော်နိုင်ဘဲ အတွေးကမ္ဘာထဲတွင် ယောင်လည်လည် ဖြစ်နေသည်။ ပထမဦးစွာ ကျွန်တော်နှင့် နွယ်လေးကို ဆုံခွင့်ပေးခဲ့သည့် ဖေ့စ်ဘွတ်အား ကျေးဇူးတင်ရမည်။ ထို့နောက် ဒုတိယမြောက် ကျေးဇူးရှင်ကား မက်ဆင်ဂျာ။ ဟုတ်သည်။ ထိုနှစ်ဦး၏ ကျေးဇူးကြောင့်သာ ကျွန်တော့်ထက် အသက်ဆယ့်ငါးနှစ်နီးပါး ငယ်သော နွယ်လေးဟူသည့် ပန်းတစ်ပွင့်၏ အထိအတွေ့နှင့် ရနံ့ကိုမခံစားနိုင်သည့်တိုင် အမြင်အာရုံ မျက်ဝန်းအစုံဖြင့် ထိုပန်း၏ ဖေ့စ်ဘွတ်ပေါ်က အလှကိုလည်းကောင်း၊ အကြားအာရုံ နားအစုံဖြင့် ဖုန်းထဲမှ ထိုပန်း၏ အသံကိုလည်းကောင်း ကျွန်တော် အပြည့်အဝ ခံစားသုံးဆောင်ရင်း အရသာတွေ့လျက် ရှိနေတော့သည်။ ထိုအရသာသည်ကား မည်ရွေ့မည်မျှပင် ခံစားစေကာမူ မဝနိုင်အောင် ထူးကဲလှပေစွ။

"ကို အိပ်တော့လေ မနက် အလုပ်သွားရဦးမှာကို ဘာတွေတွေးနေတာတုံး"

တစ်ရေးနိုး ရေထသောက်ဟန်တူသော အေးမူက သတိပေးတော့မှ ကျွန်တော့်အတွေးစများ ပျက်သွားရ၏။ လက်ထဲကဖုန်း၏ ပါဝါခလုတ်ကို တစ်ချက်နှိပ်၍ ပိတ်လိုက်ပြီး "အေးပါ မိန်းမရယ်၊ အခုပဲ အိပ်တော့မလို့ပါ" ဟု ကမန်းကတန်း ပြန်ဖြေကာ ပက်လက်ကုလားထိုင်ခုံမှ ကျွန်တော် ထလိုက်သည်။ ပြတင်းပေါက်မှတစ်ဆင့်ဝင်လာသော ညလေအေးက စိမ့်ခနဲ ကျွန်တော့်မျက်နှာကို ရိုက်ခတ်သွား၏။ ငှက်ဆိုးတစ်ကောင်၏ စူးစူးဝါးဝါး အော်မြည်သံကိုကြားရ၍ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ လမိုက်ညမို့ အရာအားလုံးသည် မည်းမှောင်နေလျက်။ ကျွန်တော်လည်း ပြတင်းပေါက်ကို ဆွဲပိတ်လိုက်ကာ ဖုန်းကိုအဝတ်ဗီရိုပေါ်တွင် တင်လိုက်ပြီး အေးမူဘေးတွင် ဝင်အိပ်လိုက်တော့သည်။

(၂)

"မောနင်းပါ နွယ်လေးရေ ကိုကတော့ အခု နွယ်လေးကို သတိရရင်း ကော်ဖီသောက်နေပြီ"

ကော်ဖီသောက်ရင်း မုန့်ဖိုးတောင်းရန် ချောင်းနေသော လေးတန်းကျောင်းသား သားငယ်ကို ဘေးနားထား၍ စာရိုက်နေရသော်လည်း ကျွန်တော့်လက်ချောင်းများက ဖျတ်လတ်နေသည်။ အေးမူကတော့ ထမင်းချိုင့်များ ပြင်နေရင်း အလုပ်ရှုပ်နေ၏။ နံနက်ခုနစ်နာရီအချိန်သည် ကျွန်တော်တို့ မိသားစုအတွက် နံနက်စာ သုံးဆောင်နေသည့် အချိန်ဖြစ်သော်လည်း နွယ်လေးအဖို့တော့ အိပ်ရာထခါစ အချိန်မျှသာရှိသေး၏။ မက်ဆင်ဂျာတွင် စာမပြန်နိုင်သေးဘဲ အိပ်မှုန်စုံမွှားဖြင့် မျက်နှာသစ်၊ သွားတိုက်နေမည့် နွယ်လေးကို မြင်ယောင်ရင်း ကျွန်တော်ပြုံးမိသည်။

"ဖေဖေ ဘာရယ်နေတာလဲ၊ သားကို မုန့်ဖိုးပေးတော့ ကျောင်းကား လာတော့မယ်"

အခွင့်ကောင်းရသွားသော သားငယ်က လိမ္မာပါးနပ်စွာ လက်ဖြန့်လာသည်။ အေးမူကတော့ ကျွန်တော့်ရှေ့တည့်တည့်ရှိ ထိုင်ခုံအလွတ်တွင် ဝင်ထိုင်ကာ ကော်ဖီခွက်ကို ဆွဲယူရင်း မျက်စောင်းထိုး၏။

"အွန်လိုင်းပေါ်က မနက်ခင်း ဟာသတွေလေ၊ ရယ်ရတယ် သားရဲ့"

သူခိုး လူမိသွားသဖြင့် ကျွန်တော်က မထူးဇာတ်ခင်းကာ ရယ်ရင်း အိတ်ကပ်ထဲမှ ပိုက်ဆံတစ်ရွက်ကို ထုတ်ပြီး သားငယ်၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ သားငယ်က ထိုပိုက်ဆံအား လွယ်အိတ်၏ အတွင်းအိတ်ကပ်ထဲသို့ ထိုးထည့်ပြီး အေးမူ ပြင်ပေးသော ထမင်းချိုင့်အိတ်ကို လက်တစ်ဖက်မှ ဆွဲ၊ ပခုံးတစ်ဖက်ပေါ်တွင် လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ အိမ်ရှေ့သို့ မြူးထူးစွာ ထွက်သွား၏။

"မောနင်းပါရှင်၊ သတိလေးဆက်ရပြီး ကော်ဖီလေးပဲ ဆက်သောက်နေပါရှင်၊ နွယ်လေးကတော့ အခုမှ မျက်နှာသစ်ပြီးတာ ကျောင်းနောက်ကျမှာစိုးလို့ အမြန်ပြင်ဆင်ရဦးမယ်၊ မအားသေးဘူး၊ နောက်မှ တွေ့မယ်နော်"

တတောင်တောင် မြည်သံများနှင့်အတူ နွယ်လေးထံမှ စာများဝင်လာသည်။ "နောက်မှ တွေ့မယ်နော်" ဟူသည့် စကားထက် "နောက်မှ ပြောမယ်နော်" ဟူသည့် စကားကို သုံးမှသာ နွယ်လေးအတွက် တိကျမှန်ကန်လိမ့်မည်။ နွယ်လေးသည် သိပ်ကို ဖြူစင်လှသည်၊ အယုံလွယ်လှသည်။ ကျွန်တော်သည် နွယ်လေးကို လူကိုယ်တိုင် အပြင်မှာဖြစ်စေ၊ အွန်လိုင်းပေါ်တွင် ဓာတ်ပုံလေးတစ်ပုံဖြင့် ဖြစ်စေ ဘယ်တော့မှ တွေ့ခွင့်ပေးလိမ့်မည် မဟုတ်။ မဝယ်သော်လည်း အတိုင်းအတာ တစ်ခုအထိ ပိုင်ဆိုင်နေရသော ပန်းတစ်ပွင့်အပေါ် ကျွန်တော် မည်သို့သဘောထား တွက်ချက်ထားသည်ကို နွယ်လေး မသိပေ။ အနုအလှ သမုဒယများနှင့် စီခြယ်ကာ သကာဖုံးထားသော ကျွန်တော့်စကားလုံးများနှင့် တစ်ခါတစ်ခါ ကြားခွင့်ပေးလိုက်သော ကျွန်တော့်အသံများကို ခံစားရင်း နွယ်လေး ဟူသည့် ပန်းတစ်ပွင့်က မခူးလိုသော်လည်း ကျွန်တော့်ဘက်သို့ ကိုင်းကိုင်းညွတ်ကျပေးနေတော့၏။

"ဖေဖေ သား သွားပြီနော်၊ မေမေရေ တာ့တာ"

အိမ်ရှေ့တွင် ထိုးရပ်လာသော ကျောင်းကားပေါ်သို့ တက်သွားသော သားငယ်၏ အသံက ထမင်းစားခန်းထဲသို့တိုင်အောင် စူးရှစွာ တိုးဝှေ့ဝင်ရောက်လာသည်။

"အေး . . အေး . . သားရေ"

ကျွန်တော်နှင့် အေးမူ၏ အသံကလည်း ပြိုင်တူ ထွက်ပေါ်လာသည်။ ထို့နောက် အင်တာနက်ကို ပိတ်၍ နံနက်စာစားခြင်းကို လက်စသတ်လိုက်ပြီး ကျွန်တော်က ရုံးသွားရန် ပြင်ဆင်၏။ အေးမူကလည်း ပန်းကန်များကို အပြေးအလွှား ဆေးကြောပြီး အလုပ်သွားရန် ပြင်ဆင်၏။ မကြာမီ ကျွန်တော်က လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ပြီး အေးမူကလည်း ပိုက်ဆံအိတ်လေးလွယ်ကာ လက်တစ်ဖက်စီက ထမင်းချိုင့်တစ်လုံး ကိုယ်စီကိုင်၍ တခြားလက်တစ်ဖက်ဖြင့် တစ်ယောက်လက် တစ်ယောက်ဆွဲကာ သက်ဆိုင်ရာ လုပ်ငန်းခွင်ကိုဝင်ရန် ကားဂိတ်ဆီသို့ လျှောက်လှမ်းလာပါတော့သည်။

(၃)

"ဟိုင်း ကိုကတော့ ရုံးရောက်ပြီ၊ နွယ်လေးရော ကျောင်းရောက်ပြီလား၊ မနက်စာရော သေချာစားခဲ့ရဲ့လား၊ စာကို သေချာလိုက်နားထောင်နော်၊ အတန်းနားချိန်ကျရင်လည်း ကို့ကို စာပို့ဦး"

ရုံးရောက်သည်နှင့် စားပွဲပေါ်တွင် လွယ်အိတ်ချပြီး နွယ်လေးဆီသို့ ဝတ္တရားမပျက် နှုတ်ချိုဆက်လိုက်၏။

"ဟေ့ ဘိုဘို မမတင်အကြောင်း မင်းကြားပြီးပြီလား"

သူငယ်ချင်း ညီသစ်က ဆုံလည်ထိုင်ခုံကို ကျွန်တော့်ဘေးသို့ တွန်းလာပြီး ထိုင်ရင်း မေးခွန်းထုတ်၏။ ကျွန်တော်လည်း အင်တာနက် မပိတ်သေးဘဲ ဖုန်း၏ ပါဝါခလုတ်ကို တစ်ချက်ဖိလိုက်ပြီး ညီသစ်ဘက်သို့ မျက်နှာလှည့်လိုက်သည်။

"အေးကွာ ငါ ကြားပြီးပြီ ငါလည်း စိတ်မကောင်းဘူး၊ မမတင်ဆိုတာ ငါတို့ရဲ့ အထက်လူကြီးလည်း ဟုတ်တယ်၊ ငါတို့ရဲ့ ကျေးဇူးရှင်လည်း ဟုတ်တယ်ကွ၊ မမတင်က သူဌေးကို ပြောပေးလို့ ငါတို့ လစာတိုးတာလေ၊ မင်းမှတ်မိတယ် မဟုတ်လား"

"အေး ငါ အခုပြောချင်တာလည်း အဲ့သူဌေးပဲ၊ အဲ့သူဌေးကြောင့် မမတင်က သူ့ကိုယ်သူ သတ်သေတာလေ"

ကျွန်တော့်စကားကို တုံ့ပြန်ရင်း ညီသစ်၏ မျက်နှာတွင် ဒေါသမီးတို့ဖြင့် နီမြန်းသွားလေသည်။ ထိုမီးပွားတို့သည် ကျွန်တော့်ကိုပါ ကူးလောင် တိုက်စားရန် အားယူနေသကဲ့သို့ ရှိ၏။

"အဲ့ သူဌေးနဲ့ မမတင်ကို ငါတို့ကလည်း အောင်သွယ်ပေးသလို ဖြစ်ခဲ့တာဆိုတော့ ငါတို့ အပြစ်လည်းမကင်းဘူးပေါ့ကွာ၊ မင်းလည်း မသိဘူးမဟုတ်လား၊ ဘိုဘို သူက နိုင်ငံခြားမှာ မယားကြီးနဲ့ကွ၊ မယားကြီးက ချမ်းသာလို့ ဒီမှာ ကန်ထရိုက်တာ လာလုပ်နေတာတဲ့လေ၊ မမတင်ကတော့ သူ့ကို လူပျိုထင်ပြီး လက်ခံထားတာပေါ့ကွာ၊ အခုတော့ မမတင်လည်း ရှက်ပြီး"

ညီသစ်က ပြောရင်းပြောရင်း အသံတိမ်ဝင်သွားသည်။ ကျွန်တော့်ရင်ထဲ၌လည်း တစ်ခုခု ဆို့နစ်လာသကဲ့သို့ ဖြစ်လာ၏။ ဆိုက်ထဲ၌ ယောက်ျားလေးများကို အုပ်ချုပ်နေရသော်လည်း ဣန္ဒြေသိက္ခာကို တန်ဖိုးထားဟန်တူသော အပျိုကြီးမမတင်ကို ကျွန်တော့် မျက်ဝန်းထဲတွင် ပြန်မြင်ယောင်လာသည်။

"မင်း သိလား ဘိုဘို ပန်းဆိုတာ လှပြီး ရနံ့သင်းတဲ့ပန်းလည်းရှိတယ်၊ ရနံ့မသင်းဘဲ လှတဲ့ပန်းလည်း ရှိတယ်၊ မလှဘဲ ရနံ့သင်းတဲ့ ပန်းလည်း ရှိတယ်၊ မလှလည်း မလှ၊ ရနံ့လည်း မသင်းတဲ့ပန်းလည်း ရှိတယ်၊ အေး ဘယ်လိုပန်းပဲဖြစ်ဖြစ် ပန်းဆိုတာ ကမ္ဘာဦးအစကတည်းက အမှားစာမရှိဘဲ သူ့သဘာဝအတိုင်း ဖူးပွင့်လာကြတာပဲ၊ ဒါပေမယ့်လေ ပန်းဖျက်မှုဆိုးတွေက အကြောင်းအမျိုးမျိုးပြ၊ လက်နက်အမျိုးမျိုး ထုတ်သုံးပြီး ပန်းကို မခူးသော်လည်း အကြွေစေအောင် သွေးအေးအေးနဲ့ အမဲဖျက်ကြတယ်လေ၊ ပန်းဖျက်မှုဆိုးဆိုတာ ဘယ်လောက် ရွံ့စရာကောင်းလဲကွာ"

အဝေးဆီသို့ မျှော်ကြည့်ရင်း ပြောနေသော ညီသစ်၏ စကားများသည် အနီးရှိ ကျွန်တော့်ရင်ဘတ်သို့ တည့်တည့်စိုက်ဝင်လာသော မြားတံများအလားပင်။ ထိုမြားတံများသည် နှလုံးသားကို ထုတ်ချင်းပေါက် ထိုးသွင်းနိုင်လောက်အောင် အားအင်ပြည့်ဝနေ၏။ တစိမ့်စိမ့် ယိုစီးလာသော နှလုံးသွေးတို့သည် ဝေါခနဲ ပွင့်လင်းစွာ အော်ဟစ်စီးဆင်းရန် ရှက်ကြောက်နေလေပြီ။

"နွယ်လေးလည်း ကျောင်းရောက်ပြီ၊ မနက်စာကတော့ နွယ်လေးတို့ နှစ်ယောက်လုံးကြိုက်တဲ့ ကော်ဖီခါးခါးလေး သောက်ခဲ့တယ်လေ၊ ဒီနေ့ မိုးတွေအုံ့နေတယ်နော်၊ ထီးပါရဲ့လား"

သာယာမိန်းမောခဲ့ဖူးသော နွယ်လေးထံမှ စာဝင်လာသည့် အသံသည် ယခုအခါတွင်တော့ ကျွန်တော့်နားကို အပ်ချွန်ချွန်လေးဖြင့် ထိုးဆွလိုက်သကဲ့သို့ပင်။ ဖုန်းဖွင့်၍ စာကို ဖတ်နေစဉ်မှာပင် ညီသစ်က ကျွန်တော့်ကို အဓိပ္ပာယ်ပါစွာ တစ်ချက်ပြုံးပြပြီး ဆုံလည်ထိုင်ခုံကို တွန်းကာ ဘေးမှ ပြန်ထွက်သွားသည်။ ရှက်ရွံ့သိမ်ငယ်မှုများက ကျွန်တော့် သွေးထဲသို့ ဖြတ်သန်းစီးဆင်းသွားသဖြင့် ညီသစ်၏ မျက်လုံးများကို ကျွန်တော် ရင်မဆိုင်ရဲပေ။ ကျွန်တော် ခေါင်းငုံ့ထားလိုက်တော့သည်။

(၄)

"လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာပါ နွယ်လေး၊ အွန်လိုင်းချစ်သူဆိုတာကို နွယ်လေးဘက်ကလည်း လိုလားလက်ခံခဲ့လို့သာ ကျွန်တော်တို့ ဒီအခြေအနေ ရောက်လာခဲ့တာပါ၊ ပန်းတစ်ပွင့်ဟာ ကျွန်တော့်ဘက်ကို သိသိသာသာယိမ်းပြီး လှပတောက်ပပြနေတော့လည်း ကျွန်တော်က ခူးဆွတ်ဖို့ မဟုတ်သည့်တိုင် တစ်ခဏတာတော့ နမ်းရှိုက်ကစားကြည့်ချင်ခဲ့မိပါတယ်၊ တောင်းပန်ပါတယ် နွယ်လေးရယ်၊ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိဘဲ ပန်းဖျက်မှုဆိုးဖြစ်တော့မလို့ပါ၊ အခုတော့ အသိတရားရပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်လိုက်ပါပြီ၊ နွယ်လေးလည်း ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ပြီး အမှားကို သိမြင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

ပက်လက်ကုလားထိုင်ခုံတွင် ထိုင်ရင်း ကျွန်တော်သေချာစာစီပြီး နွယ်လေးထံ ပို့လိုက်သည်။ ထို့နောက် ဖေ့စ်ဘွတ်နှင့် မက်ဆင်ဂျာကို ဖုန်းပေါ်မှ အပြီးဖျက်ပစ်လိုက်၏။ နွယ်လေးနှင့်သာပြောရင် သီးသန့်ထားသော ဖုန်းကဒ်ကိုလည်း ထုတ်ပြီး ဘေးရှိ အမှိုက်ပုံးထဲ ထည့်လိုက်သည်။

"ကို ညဉ့်နက်နေပြီနော် မနက်ကျရင် အလုပ်သွားရဦးမှာလေ"

အေးမူ၏ သတိပေးသံက ခါတိုင်းကဲ့သို့ အပြောင်းအလဲမရှိ အချိန်မှန် ထွက်ပေါ်လာသည်။

"အေးပါ မိန်းမရယ်၊ အခုပဲ အိပ်တော့မလို့ပါ"

ကျွန်တော်လည်း ခါတိုင်းကဲ့သို့ပင် ကမန်းကတန်း အဖြေပေးပြီး မတ်တတ်ထရပ်လိုက်သည်။ ပြတင်းပေါက်မှတစ်ဆင့် တိုးဝှေ့လာသော ညလေအေးကလည်း သိမ့်ခနဲ မျက်နှာကို ဖြတ်နမ်းသွားတော့၏။ ငှက်ဆိုးတစ်ကောင်၏ အော်မြည်သံကို မကြားရတော့၍ အပြင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ ငွေသော်တာက တည်ငြိမ်အေးချမ်းစွာ ထိန်ထိန်သာလျက်။ ငွေကြယ်လေးများကတော့ မျက်စိမှိတ်ပြီး ကျွန်တော့်ကို ပြောင်ပြနေသည်။ ကျွန်တော်လည်း ပြတင်းပေါက်ကို ဆွဲပိတ်၍ ဖုန်းကို ဗီရိုပေါ်တွင်တင်ပြီး အေးမူ၏ဘေးတွင် ဝင်အိပ်လိုက်ပါတော့သည်။ ။

## ဝါဆိုပန်းကပ်ကြမယ်

ဝါဆိုပန်းခူး သွားကြမယ်
ဖိုးထွေး မယ်မွေး လာကြကွယ်
တောင်ကျချောင်းရယ် ရေလွှန်စီး
လှေငယ်လေးနဲ့ တို့ခရီး။
အရိုးကြီးလည်း လိုက်လို့လာ
ဝါဆိုပန်းများ ခူးဖို့ရာ
ခတ္တာ ပုန်းညက် သပြေပန်း
မွှေးကြိုင်တင့်ဆန်း အမြင်လန်း။
စံပယ်ပန်းလည်း ဖြူဖွေးနေ
ချန်မထားနဲ့ ခူးခဲ့လေ
ဘုရားမှာဝေစီအောင်ထိုး
မွှေးကြိုင်လှသည့် ပန်းအမျိုးမျိုး။

မြို့သာမောင်ညိုချော

ဆောင်းပါး

ကောင်းစံသာ(ရေကြည်)

# နှလုံးသားလှဖို့ စာဖတ်ပါ

*စာဖတ်တဲ့လူဟာ မသေခင် အသက်ထောင်ပေါင်းများစွာကို ရှင်သန်စေတယ်။ စာမဖတ်တဲ့ လူကတော့ မသေခင် သူတစ်ဖို့သာကြည့်ပြီး ရှင်သန်နေထိုင်တယ်။*

(George.R.R.Martin)

လူတွေမှာ ပင်ကိုသဘောအရ နှလုံးသားအလှတွေ ရှိကြပါတယ်။ နိမ့်ပါးတဲ့လူကိုမြင်ရင် သနားကြင်နာတယ်။ မသန်စွမ်းတဲ့လူကိုမြင်ရင် ကူညီဖေးမချင်တယ်။ မကျန်းမာတဲ့လူကိုမြင်ရင် ကျန်းမာစေချင်တယ်။ ကျောင်းနေအရွယ်ကလေးတွေ လိုက်လံတောင်းရမ်းနေတာမြင်ရင် တိုင်းပြည်စီးပွားရေးနဲ့ပညာရေးကို တိုးတက်ကောင်းမွန်နေစေချင်တယ်။ စသဖြင့်ပါ။

ဒါပေမဲ့ ဒီလိုနှလုံးသားအလှတွေဟာ လောကရဲ့ မာယာတွေကြား တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်လာကြပါတယ်။ တစ်ခါတစ်ခါ ကိုယ်လိုချင်တဲ့အရာကိုရဖို့အတွက် အများအတွက်ဆိုတာလည်း ထည့်မတွက်ဖြစ်ကြတော့ပါဘူး။ အချိန်ကြာလာလေ ဘယ်သူနာနာကိုယ်သာရင်ပြီးရောလို့ တွေးဖြစ်သူက ပိုများလေလေ ဖြစ်လာပါတယ်။ ယနေ့ စာရေးသူတို့နိုင်ငံဟာ အပြောင်းအလဲကာလကို ရောက်နေပြီ။ ဒါပေမယ့် လူတော်တော်များများဟာ စိတ်ဓာတ်တွေ မပြင်ကြသေးဘူး။ တရားရုံးတွေမှာပဲ ကြည့်ကြည့်၊ တချို့ဌာနဆိုင်ရာတွေမှာပဲ ကြည့်ကြည့် အရင်လိုလာဘ်ပေးလာဘ်ယူစနစ်တွေ အနည်းနဲ့အများ ဆိုသလို ကျန်ရှိနေတုန်းပဲ။ အဆင့်ဆင့် လာဘ်စားပြီးမှသာ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင် ပြုလုပ်ပေးနေကြတာပါ။

ဆိုရှယ်မီဒီယာတွေ တွင်ကျယ်စွာအသုံးပြုလာ၊ ဆိုရှယ်မီဒီယာတွေကြောင့် အချိန်ကုန်၊ ငွေကုန်များလာ၊ အွန်လိုင်းဂိမ်းတွေများလာကြတဲ့ ယနေ့စာရေးသူတို့ရဲ့ နိုင်ငံမှာလူငယ်တွေရဲ့ စာဖတ်အားကျဆင်းမှုဟာလည်း အလွန်သိသာနေပါတယ်။ အွန်လိုင်းမှာ စာဖတ်တာ မကောင်းဘူးလို့ မဆိုလိုပါဘူး။ ဒါပေမယ့် ပြည့်ပြည့်ဝဝ လေးလေးစားစား စာဖတ်ဖို့ဆိုရင်တော့ အိမ်တိုင်းလိုလိုမှာ စာအုပ်စင်တွေ ကိုယ်စီထားရှိသင့်ပါတယ်။ ဒါ့အပြင် ဆိုရှယ်မီဒီယာကတစ်ဆင့် လိမ်လည်လှည့်ဖြားမှုတွေဟာလည်း မိုလိုပေါလို့လာနေပါတယ်။ စာမဖတ်၊စိတ်ကောင်း နှလုံးကောင်းမရှိတဲ့ လိမ်ညာလှည့်ဖြားသူတွေက အမျိုးမျိုး မက်လုံးပေးတာကို စာမဖတ်၊ အမြင်မကျယ်တဲ့ လူတချို့က အဟုတ်ကြီးထင်၊ အလွယ်တကူယုံကြည် ပုံအောတယ်။ နောက်တော့ အလိမ်ခံရတယ်။ ဆုံးရှုံးနစ်နာသွားကြတယ်။

ဒါ့ကြောင့် နှလုံးသားလှဖို့ စာဖတ်ခြင်းဆိုတာမဖြစ်မနေလိုအပ်လာပါပြီ။ ယနေ့ခေတ်အခါမှာ သုတ၊ ရသနှော ထားတဲ့ လူငယ်စာပေတွေလည်းများစွာထွက်ရှိလာနေပါတယ်။ ဒါ့ကြောင့် လူငယ်တွေအနေနဲ့ စာမှန်မှန်ဖတ်လာပြီဆိုရင် နှလုံးသားတွေလှလာဖို့၊ ကိုယ်ချင်းသူချင်းစာနာထောက်ထားတတ်ဖို့၊ တစ်ဖက်သတ်ချောင်ပိတ် အတွေးအမြင်တွေကိုကျော်လွန်ပြီး ရှုထောင့်ပေါင်းစုံကကြည့်တတ်လာဖို့ အသိသုတတွေက လက်တစ်ကမ်းမှာရှိနေပါပြီ။ လူငယ်တွေကိုယ်တိုင် စာဖတ်ဖို့သာလိုတော့တာပါ။

လောကရဲ့မာယာတွေဟာ လောဘတရားတွေ၊ လူသားမဆန်မှုတွေစတဲ့ မောင်းနှင်အားတွေကို မွေးထုတ်ပေးနေတယ်ဆိုရင် စာဖတ်ခြင်းဟာ အရှိန်မလွန်အောင် ထိန်းပေးမယ့် ကိရိယာတစ်ခုဖြစ်ပါလိမ့်မယ်။ လောကရဲ့ မာယာတွေဟာ လူသားအချင်းချင်း နိုင်ထက်စီးနင်းပြုဖို့၊ သတ်ဖြတ်ဖို့၊ ဖိနှိပ်ချုပ်ချယ်ဖို့၊ မလိမ့်တပတ်လုပ်ဖို့စတဲ့ အမှောင်ကမ္ဘာထဲကို တွန်းပို့နေတယ်ဆိုရင် စာဖတ်ခြင်းဟာ အလင်းကမ္ဘာထဲကို ပြန်ရောက်ဖို့ လမ်းစတစ်ခု ဖြစ်ပါလိမ့်မယ်။ လူတွေရဲ့ စဉ်းစားဆင်ခြင်နိုင်စွမ်းဖြစ်တဲ့ ဘယ်အရာကောင်းတယ်၊ မကောင်းဘူး။ ဘဝမှာ ဘယ်အရာအရေးကြီးတယ်၊ မကြီးဘူးဆိုတာကိုလည်း သိသာပေါ်လွင်စေပါလိမ့်မယ်။

ဒါ့အပြင် စာတွေပုံမှန်ဖတ်လာတဲ့ နိုင်ငံရေးသမားဟာလည်း နိုင်ငံရေးဆိုတာစစ်မှန်တဲ့ ပရဟိတအလုပ်တစ်မျိုးပဲဆိုတာ နားလည်လာမယ်။ အဲဒီနားလည်မှုနဲ့အတူ အမှန်တကယ် ကိုယ်ကျိုးစွန့်ပြီး အများအတွက် အလုပ်မလုပ်နိုင်သေးသမျှ ရပ်ကွက်အုပ်ချုပ်ရေးမှူးကစလို့ နိုင်ငံတော်သမ္မတအထိ နေရာအားလုံးဟာလည်း သူ့အတွက် မထိုက်တန်သေးဘူးဆိုတာ နားလည်လာမယ်။ စာတွေပုံမှန်ဖတ်လာတဲ့လုပ်ငန်းရှင်ဟာလည်း မိမိစီးပွားဖြစ်ဖို့တစ်ခုသာ မကြည့်တော့တဲ့သူ၊ မိမိအကျိုးဖြစ်ထွန်းမှု တစ်ခုတည်းသာ အလေးမထားတဲ့သူ၊ ဝန်ထမ်းတွေကိုလည်း မိသားစုသဖွယ် အလေးထားဖေးမပေးတဲ့သူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း တစ်တပ်တစ်အား အားဖြည့်ကူညီပေးလာတဲ့သူ ဖြစ်လာမယ်။ စာတွေပုံမှန်ဖတ်တဲ့ မျိုးဆက်သစ်လူငယ်တစ်ယောက်ဟာလည်း မှန်ကန်ကောင်းမွန်စွာတိုးတက်အောင်မြင်အောင် ကြိုးပမ်းလာသလို တစ်ဖက်မှာလည်း လူသားဆန်မှု၊ ချစ်မြတ်နိုးတန်ဖိုးထားမှုစတဲ့ အရည်အသွေးကောင်းတွေကိုလည်း လက်ကိုင်ပြုလာမယ်။ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ မကောင်းတဲ့ဒုစရိုက်မှုတွေကိုလည်းရှောင်ရှားလာမယ်။ စာပုံမှန်ဖတ်လာတဲ့ အရောင်းသမားဟာလည်းမိမိကုန်ပစ္စည်းရောင်းရရေးကိုသာ ဦးမတည်တဲ့သူ၊ ဝယ်သူတွေကို ထိုက်တန်တဲ့အရာတွေနဲ့စေတနာ၊ မေတ္တာပေါင်းစပ်ပြီး ပေးစွမ်းနိုင်အောင် ကြိုးပမ်းလာတဲ့သူ၊ သင့်တင့်မျှတတဲ့ အကျိုးအမြတ်ကိုသာ ရယူသူဖြစ်လာပါလိမ့်မယ်။ စာဖတ်တဲ့ကျောင်းဆရာနဲ့ စာမဖတ်တဲ့ ကျောင်းဆရာ၊ စာဖတ်တဲ့သူနာပြုဆရာမနဲ့ စာမဖတ်တဲ့ သူနာပြုဆရာမတို့ရဲ့ နှလုံးသားအလှတွေ၊ ပြုမူပြောဆိုဆက်ဆံပုံတွေဟာလည်း သိသိသာသာကွဲပြားနေပါလိမ့်မယ်။ စာဖတ်တဲ့ကျောင်းဆရာတွေ စာသင်ရင် ကျောင်းသူကျောင်းသားတွေ ပိုမိုစိတ်ဝင်စားကြသလို စာဖတ်တဲ့သူနာပြုဆရာမတွေရဲ့ ယဉ်ကျေးပျူငှာ၊ လိမ္မာပါးနပ်စွာပြောဆိုမှု၊ အားပေးမှုတွေကြောင့်လည်း ရောဂါသည်ပင် ဝေဒနာတစ်ဝက် သက်သာသွားသလို ခံစားတတ်မြဲဖြစ်လို့ပါပဲ။

လူတချို့က စာဖတ်ခြင်းလို့ပြောရင် လတ်တလော အကျိုးတွေနဲ့ ချိန်တိုင်းတတ်ကြပါတယ်။ ဥပမာအားဖြင့် စာဖတ်ခြင်းဖြင့် ငွေဘယ်လောက်ရမှာလဲ၊ ဘယ်တော့ ချမ်းသာမှာလဲလို့ မေးခွန်းထုတ်ကြတာမျိုးပါ။ စာရေးသူ အဖြေပေးလိုတာကတော့ စာဖတ်ခြင်းကြောင့် ငွေ ဘယ်လောက်ရမှာလဲ၊ ဘယ်တော့ချမ်းသာမှာလဲဆိုတာ ထက် ငွေထက်တန်ဖိုးကြီးတဲ့၊ ငွေနဲ့ဝယ်ယူလို့ မရနိုင်တဲ့ ကြီးမြတ်မှုတွေအားလုံးကို ရရှိနိုင်တယ်လို့ပါ။ စာဖတ်သူတွေ အားလုံးချမ်းသာဖို့ မဖြစ်နိုင်ပေမယ့် နှလုံးသားအလှနဲ့အတူချမ်းသာနေသူတွေ အားလုံးဟာစာဖတ်သူတွေပါ။ စာဖတ်သူတွေအားလုံး လူချမ်းသာတွေ မဟုတ်ကြပေမယ့် ဖတ်မှတ်တုပြင်ကျင့်သုံးရင်း စိတ်ချမ်းသာသူတွေ ဖြစ်နိုင်ပါတယ်။ စာဖတ်သူတွေအားလုံး လူကျော်လူမော်တွေ မဖြစ်နိုင်ပေမယ့် ဘဝကိုစိတ်အေးချမ်းစွာ ဖြတ်သန်းရင်း ဘဝနေနည်းကို စောစီးစွာသိရှိနားလည်နေသူတွေ ဖြစ်နိုင်ပါတယ်။ စာဖတ်ခြင်းဖြင့် နှလုံးသားများလှသည်ထက် လှကြပါစေ။ အဲဒီနှလုံးသားအလှတွေနဲ့အတူ တိုင်းပြည်ရဲ့ တိုးတက်မှုအလှကိုလည်း ဝိုင်းဝန်းထုဆစ်ပုံဖော်နိုင်ကြပါစေ။

"စာဖတ်ပါ။ အတွေးတွေ လေးနက်လာမယ်။ စကားလုံးတွေ ကျစ်လျစ်လာမယ်။ လုပ်ငန်းစွမ်းဆောင်ရည်တွေ မြင့်တက်လာမယ်။ နှလုံးသားတွေ လှလာမယ်။"

## မူးယစ်အန္တရာယ်အစဉ်ကာကွယ်

မူးယစ်ဆေးကို ဝေးဝေးရှောင်
လူညွန့်မတုံးစေအောင်။
ဝေးဝေးကရှောင် မူးယစ်ဆေး
တားဆီးကြစို့လေး။
မူးယစ်ဆေးဝါး ကာကွယ်ပါ
အနာဂတ်လှဖို့ရာ။
မူးယစ်ဆေးဟာ ကြောက်စရာမို့
အစဉ်သတိရှိကြစို့။
တို့လူငယ်တွေ ရှောင်ရှားကွယ်
မူးယစ်အန္တရာယ်။
စုပေါင်းကာကွယ် တိုက်ဖျက်သွား
မူးယစ်ဆေးဝါးများ။ ။

ဇော်မိုးသူ(နတ္တလင်း)

ဆောင်းပါး

ခက်ဆစ်လင်း(ပြည်)

# လူနှင့် ဗေဒင်ယတြာ

မည်သည့်အမှုကိစ္စအား ဆောင်ရွက်တော့မည်ဖြစ်စေ၊ ဆောင်ရွက်ခြင်းသို့မရောက်မီ ရှေးဦးစွာ ဗေဒင်ဆရာများဆီသို့ အပြေးသွား၍ ဆောင်ရွက်မည့်ကိစ္စ အောင်မြင်မည်လော၊ မအောင်မြင်မည်လောဟုမေးမြန်းတတ်သောလူပေါင်းများစွာအား ပတ်ဝန်းကျင်တိုင်းတွင် မြင်တွေ့ဖူးခဲ့သည်။ ထိုပြုလုပ်ဆောင်ရွက်မည့် အမှုကိစ္စအဆင်ပြေချောမွေ့မှုရှိစေရန်အတွက်လည်း ဗေဒင်ဆရာများထံမှ ယတြာများတောင်းတတ်ကြပေသည်။ ဗေဒင်ဆရာပေးလိုက်သော ယတြာတိုင်းကိုလည်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ စဉ်းစားမနေတော့ဘဲ မရမကလိုက်လံချေတတ်သော၊ အဆောင်အဖြစ် ဆောင်တတ်သည့်သူများကိုလည်း များစွာမြင်တွေ့ခဲ့ရဖူးပါသည်။ ဗေဒင်ယတြာကို အကြွင်းမဲ့ယုံကြည်သောသူများဟုသာ ဆိုရပါလိမ့်မည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ဖြေဆိုနေစဉ်ကလည်း လူမှုကွန်ရက်စာမျက်နှာအထက်တွင် ၎င်းဗေဒင်ယတြာနှင့်သက်ဆိုင်သော ခတ်ပုံပို့စ်လေးတစ်ခုအားလည်း ထူးဆန်းစွာ မြင်တွေ့လိုက်ရပါသည်။ မည်သည့်ဗေဒင်ဆရာက မည်သူကို မည်သို့ဗေဒင်ဟောပြော၍ မည်သို့သောယတြာကို ပေးလိုက်သည်တော့မသိပါ။ ကတ်ပြားလေးတစ်ခုအပေါ်တွင် ဆော့ပင်ဖြင့်စာများရေးသားထားပြီး ထိုးစိုက်ထားသော အုန်းပွဲ၊ ငှက်ပျောပွဲ ခတ်ပုံလေးသာ ဖြစ်ပါသည်။ ကတ်ပြားလေးအပေါ်တွင် ရေးသားထားသည့်စာများမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသူလေးတစ်ဦးအနေဖြင့် စာမေးပွဲအားဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ရပါစေဟူသော ဆုတောင်းစာသားလေးသာဖြစ်ပါသည်။ ကျောင်းသူလေး၏ အမည်ပင်အတိအကျ ပါလိုက်သေး၏။ မိဘဖြစ်သူက သားသမီးအတွက် ဆုတောင်းယတြာချေ ပေးထားဟန်တူပါသည်။ ဆုတောင်းစာသားလေးကို ကြည့်ရသည်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား တိုင်တည်ထားဟန်လည်း တူပါ၏။

ဘာသာစုံဂုဏ်ထူးမျှော်မှန်း ဆုတောင်းထားသည့်အတွက်လည်း လောဘကြီးလွန်းသော ဆုတောင်းဟုသာ ဆိုရပါလိမ့်မည်။ မည်သည့်ဗေဒင်ဆရာက မည်သို့တွက်ချက်ခြင်းဖြင့် ယတြာပေးလိုက်သည်ကိုတော့မသိပါ။ ကျောင်းသူလေးအနေဖြင့်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ထိုကဲ့သို့ပွဲပေးဆုတောင်းလိုက်ရုံဖြင့် အမှန်တကယ် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်လာမည်လားဟူသည်ကိုလည်း အောင်စာရင်းထွက်သည့်အခါမှသာ အတိအကျ သိရပါလိမ့်မည်။ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာလျှင်ကော ဗေဒင်ဆရာအနေဖြင့် မည်သို့မည်ပုံ တာဝန်ယူပေးမလဲဟူသည်ကိုလည်း စိတ်ဝင်စားမိပါသည်။ အမှန်တော့ ထိုဗေဒင်မေးသော သူကိုလည်း ဗေဒင်ဆရာက မည်သို့သော အာမခံချက်မှ ပေးလိုက်မည်လည်းမဟုတ်ပါ။ စင်စစ်ဗေဒင်မေးသူများအား ဗေဒင်ဆရာများပေးနိုင်သည်မှာ အမျိုးမျိုးသောယတြာများသာ ဖြစ်ပါ၏။ ထိုယတြာများအား မလွဲမသွေချေခြင်းဖြင့် မျှော်လင့်ထားသည်များ အရာရာအဆင်ပြေလာလျှင်လည်း ကောင်းပေလိမ့်မည်။

စင်စစ် ဤအရာသည် အလွဲမှားကြီးလွဲမှား၍နေသော အမှားအယွင်းကြီးတစ်ခုသာဖြစ်ပါပေသည်။ ဤသို့ဆိုလျှင် ၎င်းဗေဒင်ပညာသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး မပေါ်ထွန်းစဉ်ကာလကတည်းက တည်ရှိခဲ့သော ပညာရပ်ဟုဆိုကြပါလိမ့်မည်။ ဟုတ်ပါသည် မှန်ပါသည်။ အမှန်ပင် ဗေဒင်ပညာရပ်ဆိုသည်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး မပေါ်ထွန်းစဉ်ကာလကတည်းက တည်ရှိခဲ့သော ပညာရပ်တစ်ခုသာဖြစ်ပါ၏။ သို့သော် ၎င်းဗေဒင်ပညာရပ်ဆိုသည်မှာ အချိန်ကာလ အကြောင်းအကျိုးကိုကြည့်၍ မှန်းဆတွက်ချက်ပေးသော စိတ်ပညာရပ်တစ်ခုသာ ဖြစ်ပါပေသည်။ ဖြစ်ခဲ့ဖူးသော သာဓကများကိုလေ့လာတွက်ချက်ခြင်းဖြင့် ဖြစ်နိုင်ခြေရှိသည်ဟုသာ မှန်းဆဟောပြောပေးခြင်း ဖြစ်ပါသည်။ မှန်းဆတွက်ချက်သည့်အတိုင်း အရာရာသည် ဤသည်မရွေး ဖြစ်လာနိုင်မည်တော့မဟုတ်ပေ။

တစ်နည်းအားဖြင့် မိမိ၏ အတိတ်၊ ပစ္စုပ္ပန်များတွင် ပြုမူခဲ့ဖူးသော ကုသိုလ်အမှု၊ အကုသိုလ်အမှုများကသာ မိမိ၏အနာဂတ်ကို အတိအကျ ဖန်တီးပုံဖော်ပေးနေခြင်းလည်း ဖြစ်ပါသည်။အထူးသဖြင့် မိမိ၏လက်ရှိပစ္စုပ္ပန် အပြုအမူများသည် မိမိအတွက်ကောင်းခြင်း၊ ဆိုးခြင်းများအား ဖြစ်ပေါ်တည်ရှိလာစေခြင်းလည်းဖြစ်ပါသည်။ မိမိကောင်းမှုပြုလျှင် မိမိအနေဖြင့် ကောင်းကျိုးရရှိခံစားရမည်သာ ဖြစ်ပြီး မိမိမကောင်းမှုပြုမိလျှင်လည်း မိမိအနေဖြင့် မကောင်းသောအကျိုးကိုသာ ခံစားရမည်သာဖြစ်ပါသည်။ အဘယ်တွင် ဗေဒင်၊ ယတြာအား အားကိုး၍ရမည်နည်း စဉ်းစား သတိပြုမိကြစေလိုပါသည်။ ကျောင်းသားတစ်ဦးအနေဖြင့် စာမေးပွဲအောင်မြင်လိုလျှင် စာမေးပွဲတွင်မေးသော မေးခွန်းများအား ဖြေဆိုနိုင်မှသာဖြစ်ပေလိမ့်မည်။ ထိုမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် ကျောင်းသားအနေဖြင့် စာရမှသာဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ စာရရန်အတွက်တော့ ကျောင်းသားအနေဖြင့် သင်ခန်းစာများအား နေ့စဉ် လေ့လာကျက်မှတ်နိုင်မှသာ ဖြစ်ပေလိမ့်မည်။ ဤသို့မှမဟုတ်ဘဲ ကျောင်းသားဖြစ်ပြီး သင်ခန်းစာများ လေ့လာကျက်မှတ်ခြင်းမရှိပါဘဲ ဗေဒင်လေးမေး ယတြာလေးချေရုံဖြင့် စာမေးပွဲတွင် အောင်မြင်စွာဖြေဆိုနိုင်လိမ့်မည်လည်း မဟုတ်ပါ။ မည်သို့သော ဗေဒင်ဆရာမှပေးသော မည်သို့သောယတြာဖြစ်နေပါစေ၊ ထိုကဲ့သို့သော ကျောင်းသားမျိုးအတွက်တော့ ထိုယတြာသည်လည်း အစွမ်းသတ္တိရှိနိုင်လိမ့်မည်မဟုတ်ပါ။

စင်စစ် သင်ခန်းစာများအား ကျက်မှတ်ပိုင်နိုင်နေသော ကျောင်းသားများအတွက်တော့ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် မည်သည့်ယတြာမှလည်း လိုလိမ့်မည်မဟုတ်ပါ။ ထိုအရာသည် မြင်သာသော သာဓကတစ်ခုကိုသာ ဖော်ပြရခြင်းဖြစ်ပါသည်။ အခြားသော ကိစ္စများသည်လည်း ထိုနည်းအတိုင်းသာ ဖြစ်ပါ၏။

မိမိအတွက် ကောင်းသောအကျိုး၊ မကောင်းသောအကျိုး ခံစားရခြင်းများသည် မိမိ၏ကုသိုလ်အမှု၊ အကုသိုလ်အမှုပြုမှု ဆောင်ရွက်ချက်များအပေါ်တွင်သာ အဓိကမူတည်နေတတ်ခြင်းဖြစ်ပါ၏။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီး(ဦး)အောင်သင်း၏စာထဲမှ ဗေဒင်နှင့်ဆိုင်သော ပုံပြင်လေးတစ်ပုဒ်အား ထည့်သွင်းဖော်ပြလိုပါသည်။ ထိုပုံပြင်လေးမှာ အောက်ပါအတိုင်းဖြစ်ပါ၏။ တစ်ခါက ဗေဒင်လက္ခဏာကျွမ်းကျင်သော ပုဏ္ဏားတစ်ယောက်သည် ခရီးသွားရင်းလမ်းပေါ်တွင် ခြေရာတစ်ခုကို တွေ့လိုက်သည်။ ခြေရာအပေါ်တွင် ပေါ်နေသော အရေးအကြောင်းလက္ခဏာကို ကြည့်လိုက်တော့ မင်းဧကရာဇ်တို့၏လက္ခဏာဖြစ်နေသည်။ ပြည်သူလူထု၏အခြေအနေကို စနည်းနာရန်ထွက်လေသော ပြည့်ရှင်တစ်ပါး၏ခြေရာလေလော၊ မင်းလောင်း၏ခြေရာလေလော သိလိုစိတ်ပြင်းပြလာသောကြောင့် ခြေရာကို နောက်ယောင်ခံလိုက်လံမိသည်။ ထိုသို့နှင့် ခြေရာရှင်ယောကျ်ားကို တွေ့လေတော့သည်။

ထို့ကြောင့် ဆက်၍လိုက်မိသည်။ ဤသို့ဖြင့် လမ်းခုလတ်တစ်နေရာ ရောက်သည့်အခါတွင်တော့ ထိုယောကျ်ားအပေါ့စွန့်လေ၏။ ထိုအခါ ပုဏ္ဏားကြီး ဘဝင်မကျနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုယောကျ်ား အပေါ့စွန့်နေသည်မှာ အောက်တန်းကျလွန်းသည်ဟု မြင်တွေ့တွေးမိလိုက်ခြင်းကြောင့်သာ ဖြစ်ပါ၏။ သို့သော် ခြေရာအရေးအကြောင်းကလည်း မုချ မင်းဧကရာဇ်တစ်ပါးဖြစ်ရမည်ဟု ညွှန်းနေပေသည်။ ထို့ကြောင့် ဆက်ပြီးလိုက်သွားရင်း ထိုယောကျ်ားနှင့်ခရီးဖော်အဖြစ် မိတ်ဖွဲ့လိုက်ပါတော့သည်။ နောက်ဆုံးပုဏ္ဏားကြီးအနေဖြင့် စောင့်ဆိုင်း၍ မနေနိုင်တော့ဘဲ မသိမသာ အမေးစကား ဆိုရပါတော့သည်။ "ဒီက မိတ်ဆွေက ဘာအလုပ်လုပ်သလဲ" "ကျုပ်က ဇာတ်ထဲကပါ၊ ဇာတ်သမားပါ"၊ "ဇာတ်ထဲမှာကော ဘာလုပ်ရပါသလဲ" ပုဏ္ဏားကြီး၏ အမေးစကားကို ထိုယောကျ်ားကလည်း အေးဆေးတည်ငြိမ်စွာပင် ပြန်လည်၍ ဖြေကြားလိုက်ပါသည်။ "ကျုပ်က ဇာတ်ထဲမှာ ရှင်ဘုရင်လုပ်ရပါတယ်" ဟူ၏။ ပုံပြင်လေးက ဤမျှသာဖြစ်ပါသည်။ ပုံပြင်ထဲကယောကျ်ား၏ ခြေရာပေါ်မှ အရေးအကြောင်းများသည် ရှင်ဘုရင်ဖြစ်ရမည့် အရေးအကြောင်းများသာဖြစ်ပါ၏။ အမှန်လည်း ထိုယောကျ်ားသည် ရှင်ဘုရင်ဖြစ်ပါ၏။ သို့သော် ဇာတ်ထဲမှ ရှင်ဘုရင်။ ဤသည်ကိုကြည့်ရုံဖြင့် ဗေဒင်ပညာရပ်ဆိုသည်မှာ ဖြစ်နိုင်ခြေရှိခြင်းကိုသာ ညွှန်းဆိုနေခြင်းဖြစ်ပြီး အရာရာသည်ကတော့ မိမိ၏အပြုအမူဆောင်ရွက်ချက်တိုင်းအပေါ်တွင်သာမူတည်နေကြောင်း သိသာမြင်သာနေပြီဖြစ်ပါသည်။ ကောင်းသောအမှုပြုလုပ်လျှင် ကောင်းသောကျိုးခံစားရမည်ဖြစ်ပြီး မကောင်းသောအမှုပြုလုပ်လျှင် မကောင်းသောအကျိုး ခံစားရမည်ဆိုသည်ကို တွေးမြင်ဆင်ခြင်နိုင်ခဲ့မည်ဆိုလျှင်လည်း အထူးအထွေယတြာချေနေစရာပင်မလိုဘဲ မိမိ၏အပြုအမူဆောင်ရွက်ချက်တိုင်းကိုသာ အကောင်းဆုံးဖြစ်အောင် အစဉ်သဖြင့် အသိသတိဖြင့်ယှဉ်၍ ကြိုးစားရှင်သန်နေထိုင်နိုင်ရန်သာ အရေးကြီးလှပါကြောင်း သတိပေးဆန္ဒပြုတင်ပြလိုက်ရပါပေသည်။ ။

ဝတ္ထုတို

■ သတ္တရာဇ်




၁

ချောင်းကမ်းစပ်တွင် အဝတ်လျှော်နေသည့် ကောင်မလေးတစ်ယောက်၊ အသက်က ၉ နှစ်၊ ၁၀ နှစ်ခန့် ရှိမည်ထင်သည်။ ထို အဝတ်လျှော်နေသည့် ကောင်မလေးကို လက်ညှိုးထိုး၍ တစ်စုံတစ်ရာပြောဆိုနေသူကတော့ အသက် ၃၀ ကျော် မိန်းမတစ်ယောက်ဖြစ်သည်။ ပြောဆိုနေရင်းမှ ထိုမိန်းမသည် ကောင်မလေး၏ ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန် လွှဲရိုက်နေသည်ကိုလည်း မြင်တွေ့နေရသည်။ ထို့နောက်တွင်တော့ အရိုက်ခံရသည့်ဒဏ်ကြောင့် ခွေခွေလေးလဲကျနေသည့် ကောင်မလေးကို ထိုမိန်းမသည် ခေါင်းမှဆံပင်တို့အား လက်ဖြင့်ဆုပ်ကိုင်၍ ချောင်းရေထဲနှစ်နေသည်ကိုလည်း တစ်ဆက်တည်း မြင်တွေ့ရပြန်သည်။ ကောင်မလေး၏ ဦးခေါင်းကို ချောင်းရေထဲနှစ်လိုက်၊ ပြန်ဖော်လိုက်လုပ်နေပြီး နောက်ဆုံးတစ်ခေါက် အချိန်ကြာကြာ ရေထဲနှစ်ထားသည်ကို မြင်တွေ့ရပြီးလျှင်တော့ ကြောက်လန့်တကြားအော်ဟစ်ရင်း ပူစူးမတစ်ယောက် အိပ်မက်ကနေ လန့်နိုးလာရမြဲဖြစ်သည်။

၂

"အား"

"ဟဲ့ ပူစူးမ၊ ဘာတွေ ထအော်နေပြန်ပြီလဲ။ ငါ့သားလေး နိုးတော့မှာပဲ"

အိပ်မက်က လန့်နိုး၍ တစ်ကိုယ်လုံး တုန်ရီနေသော ပူစူးမသည် မိထွေးဖြစ်သူကို ချက်ချင်းပြန်မပြောနိုင်။ ရေအိုးစင်မှရေကို တစ်ခွက်ခပ်သောက်ပြီးမှ

"သမီး အိပ်မက်ဆိုးတွေ မက်နေလို့ပါ အမေ"

"ညည်းဟာညည်း မက်ချင်ရာမက်တာ အရေးမကြီးဘူး။ ညည်းအော်သံကြောင့် ငါ့သားပါ လန့်နိုးရင် မလွယ်ဘူးနော်"

မိထွေးဖြစ်သူကတော့ ဒီအတိုင်းပင်။ ပူစူးမကို ဘယ်တော့မှ မျက်နှာသာမပေး။ တစ်ခုခုဆိုလျှင် "ငါ့သားလေး၊ ငါ့သားလေး အတွက်"ဟုဆိုကာ အငယ်ကောင်ကို ဦးစားပေးမြဲဖြစ်သည်။ အခုလည်း သူ့ကို "ဘာတွေ မက်လို့လဲ၊ ဘာဖြစ်တာလဲ"ဟု တစ်ခွန်းမမေး။ သူ့သား နိုးမည်ကိုသာ စိုးရိမ်နေသည်။ ဝမ်းနည်းအားငယ်စိတ်တို့ဖြင့် အိပ်ရာပေါ် အသာလေးပြန်လှဲရင်းမှ သူ၏ အိပ်မက်အကြောင်းကို ပူစူးမ ပြန်စဉ်းစားမိသည်။

ဒီအိပ်မက်ကို အခုတလောတွင် မကြာခဏဆိုသလို ပူစူးမ မြင်မက်နေရသည်။ အိပ်မက်ထဲမှ ကောင်မလေးသည် ပူစူးမနှင့် ရွယ်တူလောက်ဖြစ်ပြီး အခြားမိန်းမတစ်ယောက်ကတော့ သူမိထွေးနှင့် ရွယ်တူလောက်ရှိမည်ဟုလည်း ပူစူးမတွေးမိသည်။ တစ်ခုထူးဆန်းသည်က အိပ်မက်ထဲမှ လူနှစ်ယောက်၏မျက်နှာကို တစ်ခါမှ သဲသဲကွဲကွဲ မမြင်ရခြင်းပင်ဖြစ်သည်။ အိပ်မက်က လန့်နိုးလာသည့် အခါတိုင်းတွင်တော့ တစ်ကိုယ်လုံးချွေးတွေရွှဲနစ်၍ ကိုယ်တိုင်ရေထဲအနှစ်ခံထားရသလိုမျိုး ပူစူးမခမျာ မွန်းကျပ်နေတတ်သည်။ မကြာခဏဆိုသလို မြင်မက်လာရတော့ ညဘက်အိပ်ရမည်ကိုပင် ပူစူးမကြောက်လာသည်။ ဒီအိပ်မက်သည် သူမနှင့် မည်သို့သက်ဆိုင်နေပါသနည်း၊ ဘာကြောင့်များ မကြာခဏ မြင်မက်နေရပါသနည်း။

၃

ညက ဘယ်အချိန်အိပ်ပျော်သွားသည်မသိ။ အိပ်မက်ကနေ လန့်နိုးလာတော့ မိုးပင်လင်းလုနေပြီ။ အိမ်ရှေ့ခန်းမှ စကားပြောသံတချို့ကြားရသဖြင့် အသာနားစွင့်မိသည်။

"နေပါဦး အေးကြည်ရယ်၊ ငါစဉ်းစားပါဦးမယ်"

"ကျုပ်ကလည်း ဖြစ်သင့်တာကိုပြောတာပါ။ မိန်းကလေးပဲရှင်၊ ရေးတတ်ဖတ်တတ်ဆိုတော်ပြီပေါ့"

"ဟုတ်တော့ဟုတ်တာပေါ့။ ပူစူးမက စာလေးတော်သားဟ။ ငါလည်း ဘာလုပ်ရမှန်းမသိတော့ဘူး"

နားထောင်နေရင်းမှ သူနာမည် ပါလာသဖြင့် ပူစူးမတစ်ယောက် အသာငြိမ်၍ ဆက်နားထောင်နေမိသည်။ ထို့နောက်တွင် မိထွေးဖြစ်သူက ဆက်၍ စကားဆိုသည်။

"တော့်သမီးက ဒီနှစ်လေးတန်းပြီးရင် ရှေ့နှစ်ကျ တစ်ဖက်ရွာမှာ ကျောင်းသွားတက်ရမှာမဟုတ်လား။ အဲဒီအခါကျ ရွာအနောက်ချောင်းကနေ လှေနဲ့သွားရမှာ။ တော့်သမီးက လှေလည်းမစီးရဲ၊ ရေကလည်း ကြောက်တတ်တာနဲ့တော်"

"အေးဟာ၊ ပူစူးမကလည်း ငယ်ငယ်တည်းက ရေကြောက်တတ်တာလွန်ပါရော။ ဒီကောင်မလေး အရင်ဘဝက ရေနစ်ပြီးများ သေခဲ့လားမသိပါဘူး"

အိပ်ရာပေါ် အသာလေးပြန်လှဲရင်းမှ ပူစူးမ စဉ်းစားနေမိသည်။ ကြားရသည့် စကားများအရဆိုလျှင်တော့ ဒီနှစ်ပြီးလျှင် သူမကို ကျောင်းထုတ်ကြတော့ဖို့ ဖြစ်သည်။ ထိုအကြောင်းကို လွန်ခဲ့သည့်သုံးလလောက်ကလည်း မိထွေးဖြစ်သူက တစ်ခါပြောဖူးသေးသည်။ "အမေက ငါ့ကို နည်းနည်းမှမချစ်ဘူး။ သူမွေးထားရတဲ့ အငယ်ကောင်ကိုပဲ ဦးစားပေးပြီး ချစ်နေတာ။ အင်းလေ ငါက သူ့သမီးအရင်းမှမဟုတ်တာ။ နောက်ပြီးတော့ ငါ့အမေအရင်းသာဆိုလည်း ဒီလိုလုပ်မှာ မဟုတ်ဘူး။ ငါ့အမေအရင်းသာ ရှိနေခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

တစ်ယောက်တည်း ကြေကွဲဝမ်းနည်းစိတ်တွေနှင့် ပူစူးမခမျာ သူကို မွေးပြီးပြီးချင်း မီးတွင်းထဲ၌ ဆုံးပါးခဲ့ရသည့် တစ်ခါမှမမြင်ဖူးသော မိခင်အရင်းဖြစ်သူကိုသာ တမ်းတနေမိတော့သည်။

၄

အိပ်ရာထဲမှ အပြင်ကို ထွက်လာတော့ ဖခင်ဖြစ်သူက ပူစူးမကို

"သမီး နိုးလာပြီလား။ မျက်နှာသစ်စားသောက်ပြီးရင် အဖေတို့ ဟိုဘက်ရွာက သမီးဘကြီးဆီ သွားရအောင်။ အလှူတုန်းက သမီးတို့ပါ ပါမလာလို့တဲ့။ အလည်ခေါ်ခိုင်းလိုက်တယ်"

"အကုန်လုံး သွားကြမှာလား အဖေ"

"အင်းလေ သမီးရဲ့၊ တစ်မိသားစုလုံး သွားမယ်"

ဒီနေ့ စနေနေ့ ညအိပ်ပြီး တနင်္ဂနွေနေ့ကျ ပြန်လာမယ်လေ။ တနင်္လာနေ့ ကျောင်းတက်လို့ရအောင်"

"ကုန်းလမ်းကပဲ သွားမယ်နော် အဖေ။ သမီး လှေမစီးရဲဘူး"

ပူစူးမ၏ စကားကိုကြားတော့ မိထွေးဖြစ်သူက ဝင်ရောက်၍

"အမယ်လေး မယ်မင်းကြီးမရယ်၊ လှည်းနဲ့ပဲ သွားမှာပါတော်။ တကကတည်းမှပဲ" ဟု အပြစ်ဆိုစကားက ဆိုဖြစ်အောင် ဆိုလိုက်သေးသည်။

တကယ်တော့ ဘကြီးတို့ရွာနှင့် သူတို့ရွာသည် အလယ်တွင် ချောင်းတစ်ခုသာခြားခြင်းဖြစ်သည်။ ရေနည်းပါးသွားသည့်ကာလမျိုးဆိုလျှင် ရွာရှိ လူကြီး၊ ကလေး အားလုံး ချောင်းကလေးထဲ ရေဆင်းကူးကြ၊ အဝတ်လျှော်ကြနှင့် ရှိတတ်ကြပေမယ့် ပူစူးမကတော့ ချောင်းစပ်နားသို့ပင် ယောင်၍မျှမသွားခဲ့ချေ။ ယခုလည်း ဘကြီးရွာကို လှည်းနှင့်သွားမည်ဆို၍သာ သူမလိုက်ပါခြင်းဖြစ်ပေသည်။ တကယ်တမ်းကျ ချောင်းကလေးထဲမှ လှေနှင့်သွားမည်ဆိုလျှင် ခဏလေးနှင့် ရောက်မည်ဖြစ်ပြီး ကုန်းလမ်းမှ လှည်းနှင့် သွားရသည့်အခါ အခြားရွာ နှစ်ရွာ၊ သုံးရွာခန့်ကို ကွေ့ပတ်၍ လှည်းနှင့်ဖြတ်၍ရသော ချောင်းဖျားထိ ရောက်အောင် အချိန်ကြာကြာသွားရသည့် အတွက်လည်း မိထွေးဖြစ်သူက ပူစူးမကြောင့် ခရီးကြာရသည်ဟုဆိုကာ ငြူစူခြင်းဖြစ်သည်။

ဘကြီးတို့ရွာရောက်တော့ နေပင်အတော်မြင့်နေချေပြီ။ ဘာပဲပြောပြော အိမ်မှာ မိထွေးနှင့် အတူနေရသည်ထက်စာလျှင် ဘကြီးတို့ဆီ အလည်လာရသည်မှာ အလွန်ပျော်စရာကောင်းသည်ဟု ပူစူးမထင်မိသည်။ ဘကြီးရော ဘကြီးမိန်းမဖြစ်သူပါ သူအပေါ် ကြင်နာကြသည်။ အလည်ရောက်လာပြီဆိုသည်နှင့် ပူစူးမ ဘာစားချင်လဲဟုမေးကာ စားချင်တာချက်ကျွေးသည်။ လိုချင်တာလည်း ဝယ်ပေးသည်။ တစ်ခုခုကို ပူစူးမပူဆာလျှင် ချက်ချင်းမဝယ်ပေးနိုင်လျှင်တောင် ဘကြီးက မြို့တက်သည့်အခါ သတိတရနှင့် ဝယ်လာပေးပြီး သူမတို့ရွာဆီ လူကြုံနှင့် ထည့်ပေးလိုက်မြဲဖြစ်သည်။ ထို့ကြောင့်လည်း ဘကြီးတို့ဆီရောက်သည်နှင့် ပူစူးမတစ်ယောက် ကစားလိုက်၊ စားလိုက်နှင့် ပျော်ရွှင်နေမိသည်မှာ နောက်တစ်နေ့ညနေ ပြန်ခါနီးအချိန်ထိပင် ဖြစ်သည်။

၅

ပြန်ကြမည်ဆိုတော့ ပူစူးမနှင့် မိထွေးဖြစ်သူတို့က အိမ်ပြန်သယ်ရမည့် ပစ္စည်းလေးတွေ လှည်းပေါ်တင်ကြသည်။ ဘကြီးက အငယ်ကောင်လေးကို ချီထားရင်းမှ ရုတ်တရက်သတိရသွားဟန်ဖြင့်

"ဟဲ့ အေးကြည်၊ နင့်ယောကျ်ားကော ဘယ်မှာလဲ။ ပြန်ကြတော့မယ့်ဟာ။ ဒီကောင်က ဘယ်ထွက်သွားတာတုန်း"

ဘကြီး၏အမေးကို လှည်းပေါ် အထုပ်တစ်ထုပ် ပစ်တင်လိုက်ရင်းမှ မိထွေးဖြစ်သူက

"မသိဘူးလေ။ နေ့ခင်း ထမင်းစားပြီးကတည်းက ရွာထဲခနဆိုပြီး ထွက်သွားတာပဲ။ ပြန်မယ့်အချိန် သူသိသားပဲ။ လာပါလိမ့်မယ်"

"နေစောင်းတော့မယ်ဟဲ့။ အခုနေပြန်ရင်တောင် ရွာကို မှောင်စပျိုးချိန်လောက်မှ ရောက်ကြမှာ။ ခက်တော့တာပဲ"

ပြောဆိုရင်းမှ ဘကြီးဖြစ်သူက မိထွေးထံ အငယ်ကောင်ကို လက်လွှဲပေးရင်း

"ကလေး ခဏပြန်ခေါ်ထား။ ငါသွားရှာလိုက်ဦးမယ်။ ဘယ်နားသွား အလေလိုက်နေလဲမသိပါဘူး"ဟု ပြောဆိုရင်း ခြံအပြင်ဘက် ထွက်သွားပါသည်။

ခဏမျှအကြာ ဘကြီးဖြစ်သူမှာ မောကြီးပန်းကြီးနှင့် ပြန်ရောက်လာပြီး

"မတွေ့ခဲ့ဘူးဟေ့။ ရွာတာလည်း နှံ့နေပြီ။ ဇကန္တတော့ ဟိုဘက်ချောင်းဖျားက ရွာမှာ နာရေးရှိတယ်လို့ကြားတယ်။ အဲဒီများ သွားလားမသိဘူး။ ဒီကောင်နဲ့တော့ ခက်တာပဲ"

"ဟုတ်မှာပါ။ ဒါကြောင့် သင်းလာချင်နေတာ ရွှပိုးကိုထိုးလို့။ ကျုပ်တို့ကို အကြောင်းပြပြီး လာတာပဲ ဖြစ်ရမယ်"

ဘကြီး၏စကားကို မိထွေးဖြစ်သူက ထောက်ခံပြောဆိုရင်း အိမ်ရှေ့ကွပ်ပျစ်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ သူတို့ ပြောဆိုနေကြသည်ကို နားထောင်နေရင်း ပူစူးမက မိထွေးကို

"အမေ ဘယ်လိုလုပ်ကြမလဲ။ သမီးက မနက်ကျောင်းတက်ရမှာလေ"

"အရေးထဲအေး၊ ညည်းကတစ်မျိုး။ ကျောင်းပျက်လိုက်ပေါ့အေ"

"ပျက်လို့မရဘူး အမေ။ လကုန်ရင် စာမေးပွဲဖြေရမှာလေ။ နီးနေပြီကို"

သူတို့နှစ်ယောက် ပြောဆိုနေကြသည်ကို ကြားရသည့်အခါ ဘကြီးဖြစ်သူက မနေနိုင်တော့ဘဲ

"ကဲ ဒါဖြင့် ဒီလိုလုပ် အေးကြည်မ။ နင်နဲ့ ပူစူးနဲ့ အရင်ပြန်နှင့်။ အငယ်လေးကို ထားခဲ့။ မနက်ကျမှ ဟိုအကောင်ကို ငါသွားခေါ်ပြီး ပြန်လွှတ်လိုက်မယ်။ အငယ်လေး ကျန်ခဲ့တယ်ပြောမှ သင်းပြန်မှာ။ နို့မို့ ပြန်မှာမဟုတ်ဘူး"

"ပြန်တာက ဟုတ်ပါပြီ။ ဒီအချိန်ကျမှ ကျုပ်တို့နှစ်ယောက်တည်း လှည်းနဲ့တော့ မပြန်ရဲဘူး။ အမြန်ရောက်အောင် ချောင်းထဲကနေ လှေနဲ့ဖြတ်ပြန်မှ ရတော့မယ်"

လှေနှင့်ပြန်ရမည်ဆိုတော့ ပူစူးမ တစ်ချက်တွန့်သွားသည်။ မိထွေးပြောသည်မှာလည်း အမှန်ပင်။ အဖေကို စောင့်ရရှာရသည်နှင့် အချိန်က လင့်နေပြီမဟုတ်လား။ ထိုအချိန်မှ လှည်းနှင့် ပြန်ရမည်ဆိုလည်း မလွယ်ကူတော့ပေ။ မိထွေးပြောသလို လှေနှင့်ပြန်လျှင်ပြန်၊ မပြန်ချင်လျှင် မနက်ဖြန်မှ အဖေနှင့် အတူပြန်ဖို့သာ ရှိသည်။ မနက်ဖြန်မှ ပြန်မည်ဆိုလျှင်တော့ ကျောင်းတစ်ရက်ပျက်ရတော့မည် ဖြစ်သည်။ ဘယ်လိုလုပ်ရပါ့ဟု ပူစူးမတစ်ယောက် စဉ်းစားရခက်နေစဉ် မိထွေးက

"ဟဲ့ ပူစူးမ။ ပြန်မှာဆို။ ဘာတွေ ငေးနေတာလဲ"

"ဟိုလေ၊ ဟိုဟာ"

"ဘာတုန်း တဟိုဟိုနဲ့။ ပြန်မှာလား မပြန်ဘူးလား"

"ဟိုတစ်နေ့က မိုးကြီးထားတာ။ ချောင်းထဲ ရေလျှံနေမှာပေါ့နော်"

"ဟဲ့ အဲဒီတော့ ဘာဖြစ်လို့လဲ။ နင့်ကို ရေကူးပြီးပြန်ခိုင်းမှာလည်း မဟုတ်ဘူး။ လှေနဲ့ပြန်မှာ။ ငါတစ်ယောက်လုံးပါတယ်"

တစ်ယောက်တည်း ချီတုံချတုံနှင့် ဆုံးဖြတ်ရခက်နေသည့် ပူစူးမကို မိထွေးဖြစ်သူက စိတ်မရှည်တော့သလို ပြောဆိုလိုက်ရာ ပူစူးမ၏ ဘကြီးမှာ မနေသာတော့ဘဲ

"သမီးပူစူး၊ မပြန်ရဲရင်လည်း မနက်ဖြန်မှ ပြန်ပါလား။ ကျောင်းတစ်ရက် ပျက်လိုက်တော့ပေါ့။ အခုနေ ပြန်မယ်ဆိုရင်တော့ သမီး အမေပြောသလို လှေနဲ့ပြန်မှရတော့မှာ"

"ရပါတယ် ဘကြီး၊ ပြန်လိုက်တော့မယ်။ သမီး မနက်ကျ ကျောင်းမှာစာပြန်ရဦးမှာ"

"အင်းလေ၊ ဒါဆိုလည်း ပြန်ကြတော့။ ချောင်းစပ်မှာ ငါ့လှေရှိတယ်။ နင်သိတယ်မဟုတ်လား အေးကြည်။ မနက်ဖြန်ကျမှ ဟိုအကောင်နဲ့အတူ ငါပါလိုက်လာခဲ့မယ်။ နင်တို့ဆီက ပြန်တော့မှပဲ လှေကို ငါပြန်ယူသွားတော့မယ်"

၆

ထို့နောက်တွင်တော့ ဘကြီးတို့လင်မယားနှင့် အငယ်ကောင်လေးကို နှုတ်ဆက်၍ ပူစူးမနှင့် မိထွေးဖြစ်သူတို့မှာ အိမ်ပြန်ရန်အတွက် ချောင်းစပ်ရှိ လှေဆိပ်သို့ ဆင်းလာခဲ့ကြသည်။ လှေဆိပ်ရှိ ဘကြီးဖြစ်သူ၏ လှေပေါ် နှစ်ယောက်သားတက်ပြီးသည်နှင့် ပူစူးမမှာ မိထွေးအား

"အမေ ဖြည်းဖြည်းပဲလှော်ပါနော်။ သမီးကြောက်လို့ပါ"

"ဟဲ့ ဖြည်းဖြည်းလှော်လို့မရဘူး။ ဟိုမှာ တွေ့လား။ နင့်အဘမိုးတွေက ညို့လာပြီ။ အိမ်အမြန်ရောက်မှ ဖြစ်မှာ"

သူမ မိထွေးပြောမှ မော့ကြည့်မိတော့ ခပ်စောစောကပင် ကြည်လင်နေသေးသည့် ကောင်းကင်ပြင်တွင် ချက်ချင်းပင် မိုးရိပ်တို့ဖြင့် မည်းမှောင်လာသည်ကို ပူစူးမတွေ့လိုက်ရသည်။ မိုးမရွာပါစေနှင့်လို့ စိတ်ထဲမှ ဆုတောင်းနေမိသော်လည်း ပူစူးမ၏ ဆုတောင်းမပြည့်ဝခဲ့ပါချေ။ သူမတို့လှေကလေး ကမ်းစပ်မှခွာပြီး သိပ်မကြာခင်ပင် မိုးက သဲကြီးမဲကြီး ရွာချလာတော့သည်။ ထို့အပြင် မိုးနှင့်အတူ လေကပါ ခပ်ကြမ်းကြမ်း တိုက်ခတ်လာ၍ လေဒဏ်မိုးဒဏ်ကြားတွင် ဘယ်ညာယိမ်းထိုးနေသော လှေလေးပေါ်၌ ပူစူးမခမျာ လှေနံနှစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်ထားရင်း ဆောက်တည်ရာမရ ကြောက်လန့်နေရှာသည်။

သို့သော်လည်း လေတစ်ချက်အဝှေ့၌ မျက်နှာကို လာရောက်ထိမှန်သည့် မိုးစက်များအား လက်ဖြင့်သပ်ချလိုက်မိသည့်ခဏ လှိုင်းအပုတ်နှင့် လှေက လူးလွန့်သွားသည်တွင် ပူစူးမမှာ အရှိန်လွန်၍ လှေလေးပေါ်မှ ချောင်းရေထဲသို့ ပြုတ်ကျသွားပါတော့သည်။

"ဝုန်း"

"အား အမေ"

"ဟဲ့ ဟဲ့ ပူစူးမ"

မိထွေးဖြစ်သူက ကမန်းကတန်းလှမ်းဆွဲသော်လည်း လူးလွန့်နေသော လှေလေးကြောင့် ပူစူးမကို ဆွဲ၍မမိခဲ့ချေ။ ထိုအချိန်တွင် ရုတ်တရက် လေကလည်း ခပ်ပြင်းပြင်းတိုက်ခတ်လာသောကြောင့် လှေလေးမှာ ပူစူးမနှင့် ဝေးရာဘက်ကို မျောပါသွားသည်။ အတန်ငယ် ဝေးသည်အထိ မျောပါသွားပြီးမှ မိထွေးဖြစ်သူမှာ ပူစူးမနှင့် နီးနိုင်သမျှနီးအောင် လှေကိုကြိုးစား လှော်ခတ်လာရင်း အနားသို့ရောက်မှ လှေကို ရုတ်တရက်ဆိုသလို ပူစူးမနှင့် ဝေးရာဘက်သို့ ပြန်လှည့်လိုက်ရာ ချောင်းရေထဲတွင် ကြောက်လန့်တကြား ရုန်းကန်နေသော ပူစူးမမှာ

"အမေ သမီးကို ကယ်ပါဦး။ သမီး ဒီမှာလေ"ဟု သူမ မိထွေးအား လှမ်းခေါ်ပါသော်လည်း မိထွေးဖြစ်သူကတော့ လှေကို ပူစူးမနှင့် ဝေးရာဘက်သို့သာ ပြန်လှော်ခတ်ရင်း မိုးသံလေသံတို့နှင့်အပြိုင် ပူစူးမကြားအောင်

"နင့်ထိုက်နဲ့နင့်ကံပဲ ပူစူးမရေ၊ နေခဲ့ပေတော့။ နင်မရှိမှ ငါ့လင်နဲ့ငါ့သားနဲ့ အေးဆေးနေရမှာ။ ရှေ့လျှောက် နင့်အတွက်လည်း စိတ်ညစ်စရာမလိုတော့ဘူး။ နေခဲ့ပေတော့" ဟု အော်ဟစ်ပြောဆိုရင်းမှ လှေကို ပူစူးမနှင့် ဝေးသထက်ဝေးအောင်သာ လှော်ခတ်သွားတော့သည်။ စိတ်ထဲမှလည်း "နင့်ဘာသာ သေနေ့စေ့လို့ သေရတာ ပူစူးမရေ၊ ငါတွန်းချတာလည်း မဟုတ်ဘူး။ သူများတွေမေးတော့လည်း လှေပေါ်ကပြုတ်ကျတာ လိုက်ဆယ်ပေမယ့် မမီတော့ဘူးလို့ ပြောလိုက်ရုံပဲ"ဟု တွေးတောနေတော့သည်။

ထိုအချိန်တွင် ပူစူးမတစ်ယောက်မှာတော့ မိထွေးဖြစ်သူက သူမကိုထားခဲ့ပြီဟူသော အသိနှင့်အတူ ကြောက်ရွံ့ထိတ်လန့်စိတ်တို့နှင့် ကြိုးစားရုန်းကန်နေပါသော်လည်း အရှိန်အဟုန်နှင့် စီးဆင်းနေသော ချောင်းရေထဲတွင် မြုပ်တစ်ခါ ပေါ်တစ်လှည့်နှင့် တရွေ့ရွေ့ မျောပါသွားတော့သည်။ ကြောက်လန့်တကြားနှင့် ရုန်းကန်လိုက်တိုင်းလည်း သူမ၏ ပါးစပ်နှင့် နှာခေါင်းတို့မှတစ်ဆင့် အဆုတ်ထဲသို့တိုင် ရေများက အဆက်မပြတ် ဝင်ရောက်လာ၍ တဖြည်းဖြည်း မွန်းသထက်မွန်းကျပ်လာပြီး သူမခန္ဓာကိုယ်နှင့် အသိစိတ်တို့ ကွဲကွာမသွားခင် နောက်ဆုံးအနေနှင့် သူမအာရုံထဲ မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရပါသည်။

ထိုအရာကတော့ သူမ ညစဉ်မြင်မက်နေကျ အိပ်မက်ထဲမှ အဖြစ်အပျက်များသာ ဖြစ်ပြီး ယခုအချိန်မှာတော့ အိပ်မက်ထဲမှ လူနှစ်ယောက်ကို ထူးဆန်းစွာပင် ပြတ်ပြတ်သားသား မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ အိပ်မက်ထဲမှ ရေထဲအနှစ်ခံရသည့် ကောင်မလေးသည် သူမ၏ မိထွေးဖြစ်သူနှင့် မျက်နှာချင်း ဆင်တူနေပြီး ထိုကောင်မလေးအား ရေထဲနှစ်သတ်ခဲ့သော မိန်းမ၏ မျက်နှာမှာ သူမနှင့်ဆင်တူနေသည်ကို သေငယ်ဇောနှင့်မျောနေသည့် နောက်ဆုံးအချိန်လေး၌ ပူစူးမတစ်ယောက် အံ့ဩထိတ်လန့်ဖွယ် မြင်တွေ့လိုက်ရပြီးနောက်မှာတော့ အရာအားလုံး မှောင်အတိကျသွားပါတော့သည်။ ။

ဆောင်းပါး

# ■လွပ်လပ်ရွှေပြည်

# အမှန်တကယ် ချမ်းသာအောင်မြင်ခြင်း၏ သော့ချက်

တစ်ခါတုန်းက လူနေအိမ်ခြေ အဆက်ပြတ်လွန်းတဲ့ တောလမ်းမတစ်ခုပေါ်မှာ အဘိုးအိုသုံးယောက် လမ်းလျှောက်လာကြတယ်။ ခရီးဝေးက လမ်းလျှောက်လာခဲ့ကြရတော့ သူတို့ဝတ်ထားတဲ့ အဖြူရောင် ဝတ်စုံတွေက နွမ်းရော်ပြီး ဝါကြင်ကြင်အရောင်ပေါက်နေကြတယ်။ ဒါပေမယ့် ကြည်လင်နေတဲ့ သူတို့မျက်လုံးတွေမှာတော့ အေးချမ်းမှုတွေနဲ့ ပြည့်ဝနေတယ်။ ညနေစောင်းနေပြီဖြစ်တဲ့အပြင် အလွန်လည်း မောပန်းနွမ်းနယ်နေတာကြောင့် သူတို့တွေဟာ လူနေအိမ်တစ်အိမ်အိမ်ကို ရှာဖွေအကူညီတောင်းကာ တစ်ညတာ တည်းခိုနေထိုင်ပြီး အနားယူလိုကြတယ်။ ဒါကြောင့် သူတို့လျှောက်နေတဲ့ လမ်းဘေးဝဲယာ အနီးနားဝန်းကျင်မှာ လူနေအိမ်ကို ရှာဖွေကြတယ်။ ဒါပေမယ့် လူနေအိမ် ကျဲပါးလွန်းတဲ့အတွက် အိမ်နဲ့တူတာကို မတွေ့ကြဘူး။

အဘိုးအိုသုံးယောက်ဟာ ကံကောင်းထောက်မစွာဘဲ မိုင်ဝက်နီးပါးလောက် တရွေ့ရွေ့ခရီးဆက်ပြီးတဲ့အခါ လမ်းဘေးမှာ အပင်လေးတွေ စိမ်းစိမ်းစိုစိုနဲ့ သပ်ရပ်သန့်ရှင်းနေတဲ့ မြေစိုက်အိမ်လေးတစ်လုံးကို တွေ့လိုက်ရတယ်။ အချိန်ကလည်း နေဝင်တော့မှာဖြစ်လို့ တစ်ညတာနားနေတည်းခိုဖို့ အိမ်ရှင်ကို အကူညီတောင်းရန်အတွက် အိမ်ဘက်ဆီကို တက်ကြွတဲ့ ခြေလှမ်းတွေနဲ့ ဦးတည်လျှောက်လှမ်းသွားကြတယ်။ ဒါပေမယ့် အိမ်ထဲမှာ လူကြီးတွေ ရှိမနေဘူး။ ခြောက်နှစ်အရွယ်လောက် ကောင်မလေးတစ်ယောက်သာ ရှိနေတယ်။ ကောင်မလေးကို မိဘတွေ အိမ်မှာမရှိကြဘူးလား၊ အဘိုးတို့ တစ်ညလောက် တည်းခိုချင်လို့ပါလို့ အဘိုးအိုသုံးယောက်ထဲက တုတ်တုတ်ခိုင်ခိုင်ရှိတဲ့ အဘိုးအိုတစ်ယောက်က ပြောတယ်။ အရွယ်နဲ့မလိုက်အောင် သွက်လက်ချက်ချာလွန်းတဲ့ အိမ်ရှင်ကောင်မလေးက တောထဲသွားကြတဲ့မိဘများ ပြန်လာချိန်နီးပြီဖြစ်ကြောင်းပြောပြီး အိမ်ထဲဝင်ထိုင်ရန် ခေါ်တယ်။

အဘိုးအိုသုံးယောက်လည်း အိမ်ရှင်လူကြီးတွေမရှိတဲ့ အိမ်ထဲကို မဝင်သေးဘဲ အိမ်ရှင်လူကြီးတွေ လာမယ့်အချိန်ကိုပဲ အိမ်ရှေ့ခမ်းလှမ်းလှမ်းရှိ သစ်ပင်အောက်ကပဲ ထိုင်စောင့်နေကြတယ်။ မကြာမီမှာပဲ ထင်းစည်းတွေရွက်ပြီး အိမ်ရှင်ဇနီးမောင်နှံ ပြန်ရောက်လာကြတယ်။ အဘိုးအိုသုံးယောက်လည်း အိမ်ရှင်ဇနီး မောင်နှံထံမှာ တစ်ညတာ တည်းခိုနေထိုင်ဖို့ အကူအညီတောင်းကြတာပေါ့။

"ရပါတယ် အဘိုးတို့ရယ် တစ်ညမကပါဘူး၊ အဘိုးတို့ အမောအပန်းမပြေမချင်း၊ ခရီးမဆက်မချင်း၊ ဆန္ဒရှိသလောက် ကျွန်တော်တို့အိမ်မှာ စိတ်ကြိုက်တည်းခိုနားနေနိုင်ပါတယ်"လို့ စိတ်သဘောထားဖြူစင်ကောင်းမွန်တဲ့ အိမ်ရှင်ယောကျ်ားက ပြောတယ်။ အိမ်ရှင်မိန်းမကလည်း ယောကျ်ားဖြစ်သူလိုပဲ အမောအပန်းပြေတဲ့အထိ အနားယူပြီးမှသာ ခရီးဆက်ရန်ပြောတယ်။

ဆင်းရဲသော်လည်း စိတ်သဘောထား ကောင်းမွန်ဖြူစင်လွန်းတဲ့ အိမ်ရှင်မိသားစု သုံးယောက်ကို သဘောကျချစ်ခင်သွားတဲ့ အဘိုးအိုသုံးယောက်ဟာ အိမ်ရှင်မိသားစုကို ဆင်းရဲတွင်းက ကယ်မဖို့ သူတို့ဘဝအမှန်တွေကို ထုတ်ဖော်ပြောဆိုကြတယ်။ အိမ်ရှင်ဇနီးမောင်နှံရဲ့ သမီးလေးက ခဏချင်းလေး ရင်းနှီးချစ်ခင်သွားပြီး ရယ်မောကာ စကားတွေပြောနေတဲ့ ဖြူဖြူတောင့်တောင့် အဘိုးအိုဟာ ဘိုးမေတ္တာဖြစ်တယ်၊ ခပ်ဝဝခပ်ဖိုင့်ဖိုင့် အဘိုးအိုဟာ ဘိုးချမ်းသာဖြစ်တယ်၊ သူကတော့ ဘိုးအောင်မြင်ဖြစ်တယ်၊ အဘိုးအိုသုံးယောက်ထဲမှ တစ်ယောက်က အိမ်ရှင်ဇနီးမောင်နှံကို ရှင်းပြတယ်။ သူတို့တွေဟာ နာမည်နဲ့လိုက်တဲ့ ဂုဏ်ဒြပ်တွေ၊ စွမ်းအင်တွေကို ပိုင်ဆိုင်ကြတယ်၊ သူတို့အထဲမှ တစ်ယောက်ယောက်ကို ရွေးချယ်ခေါ်ယူနိုင်တယ်၊ မိမိတို့ကြိုက်နှစ်သက်ရာ တစ်ယောက်ကို ခေါ်ယူပြီးရင်တော့ အခြားနှစ်ယောက်ကို ခေါ်ယူခွင့်မရနိုင်တော့တယ်၊ ဘိုးအောင်မြင်က ဆက်လက်ရှင်းပြပြောဆိုတယ်။

"ကျွန်မကတော့ ဘိုးချမ်းသာကို ခေါ်မယ်။ ချမ်းသာလာရင် ဘယ်အရာမဆို လုပ်ကိုင်အောင်မြင်နိုင်တာပဲ"

"ငါကတော့ ဘိုးအောင်မြင်ပဲ ခေါ်ချင်တယ်။ အောင်မြင်လာရင် ငွေကြေးဆိုတာ မလိုချင်အောင်ရပြီး ချမ်းသာလာမှာပဲ"

ဘိုးအောင်မြင်ရဲ့ ရှင်းပြတဲ့စကားအဆုံးမှာ အိမ်ရှင်ဇနီးက ဘိုးချမ်းသာကိုခေါ်ချင်ပြီး အိမ်ရှင်ယောကျ်ားက ဘိုးအောင်မြင်ကို ခေါ်ချင်တယ် အပြိုင်အဆိုင်ပြောဆိုကြရင်း ငြင်းခုံတဲ့အဆင့်ထိ ရောက်လာတယ်။ သမီးငယ်လေးကတော့ ဘိုးမေတ္တာရဲ့ ရင်ခွင်ထဲမှာ ဝင်ထိုင်ကာ စကားတွေ တတွတ်တွတ်ပြောရင်း ရယ်မောနေဆဲပဲ။

"ကဲ သားတို့သမီးတို့နှစ်ယောက်ထဲပဲ ငြင်းခုံမနေကြနဲ့ဦး။ သမီးလေးဆန္ဒကိုလည်း မေးကြည့်ပါဦး"လို့ ဘိုးချမ်းသာက ဝင်ပြောတယ်။ အဲဒီတော့မှ အိမ်ရှင်ဇနီးမောင်နှံက "သမီးလေးကရော ဘိုးဘိုးသုံးယောက်ထဲက ဘယ်သူ့ကို ခေါ်ချင်လဲလို့ မေးကြပါတယ်။ ဘိုးမေတ္တာကို တွေ့တွေ့ချင်းခဏလေးနဲ့ပဲ ချစ်ခင်ရင်းနှီးသွားတဲ့ သမီးလေးဟာ ဘိုးမေတ္တာကိုသာ ခေါ်ချင်တယ် ပြောတယ်။ သမီးလေးကို အရမ်းချစ်ကြတဲ့ အိမ်ရှင်ဇနီးမောင်နှံလည်း သမီးလေးဆန္ဒကို မပယ်ရှားချင်တာနဲ့ သမီးလေးဆန္ဒအတိုင်း ဘိုးမေတ္တာကိုသာ ရွေးချယ်ခေါ်ယူဖို့ သဘောတူဆုံးဖြတ်ခဲ့ကြတယ်။ ပြီးတော့မှ အိမ်လေးဆီကို အိမ်ရှင်ဇနီးမောင်နှံ နှစ်ယောက်က ရှေ့မှဦးဆောင်ပြီး သမီးလေးနဲ့ ဘိုးမေတ္တာတို့က နောက်မှလိုက်ဝင်လာကြတယ်။ အိမ်လေးအနီးရောက်တဲ့အခါ ဘိုးမေတ္တာနောက်မှာ ဘိုးချမ်းသာလိုက်လာသလို၊ ဘိုးချမ်းသာရဲ့ နောက်မှာ ဘိုးအောင်မြင်ပါလိုက်လာခဲ့တယ်။

အစကတော့ အဘိုးသုံးယောက်ထဲက တစ်ယောက်ထဲကို ရွေးခေါ်ရမယ်။အဲဒီလိုရွေးခေါ်ရင်လည်း အခြားနှစ်ယောက်ကို ခေါ်ယူလို့မရတော့ဘူးလို့ပြောပြီး အခုလို သုံးယောက်လုံး လိုက်လာတာကို အိမ်ရှင်ဇနီးမောင်နှံက မကျေမနပ်ဖြစ်ကြတယ်။ အခုလို သုံးယောက်လုံး လိုက်လာရတဲ့ အကြောင်းအရင်းကိုလည်း ထုတ်ဖော်မေးကြတယ်။

"သားတို့မိသားစုမှာ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ မေတ္တာတရားသာမရှိရင် အဲဒီချမ်းသာကြွယ်ဝမှုတွေဟာ ခေတ္တခဏသာ နေထိုင်နိုင်တယ်။ အဲဒီလိုပဲ ဘယ်လောက်ပဲ အောင်မြင်မှုတွေ ရရှိနေပါစေ မေတ္တာတရားသာ ရှိမနေရင် အဲဒီအောင်မြင်မှုဟာ ရေရှည်မခံဘူး။ တကယ်လို့ မေတ္တာတရားရှိနေရင်တော့ ချမ်းသာမှုရော၊ အောင်မြင်မှုရောဟာ သူ့အလိုလို နောက်ကလိုက်ပြီး ထာဝရတည်ရှိနေလိမ့်မယ်။ ဒါကြောင့် ဘိုးမေတ္တာတစ်ယောက်တည်းကို ခေါ်ပေမယ့် ဘိုးချမ်းသာရော၊ ဘိုးအောင်မြင်ရောက လိုက်လာရတော့ပေါ့ကွယ်"ဟု ဘိုးမေတ္တာက ရှင်းပြပါတယ်။

အထက်ပါ အကြောင်းအရာလေးဟာ ကျွန်တော် ဖတ်ဖူးတဲ့ ပုံပြင်လေးကို မှတ်မိသလို ပြန်ရေးထားတာပါ။ ဘဝမှာ မအောင်မြင်ချင်တဲ့လူ၊ မချမ်းသာချင်တဲ့ လူဆိုတာ ရှားပါလိမ့်မယ်။ ဒါကြောင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနဲ့ တော့လည်း နည်းလမ်းအမျိုးမျိုးကိုသုံးပြီး အောင်မြင်ချမ်းသာမှုကိုရရှိဖို့ ကြိုးစားရုန်းကန်နေကြရတာ မဟုတ်ပါလား။ ဒါပေမယ့် တစ်ခုသတိထားသင့်တဲ့အချက်က မေတ္တာတရားကို အရင်းပြု အခြေမခံဘဲ ရရှိလာတဲ့ ချမ်းသာမှုတို့၊ အောင်မြင်မှုတို့ဟာ ကြာရှည်မခံတတ်ဘူးဆိုတာ ဒီပုံပြင်လေးက သတိပေးထားပါတယ်။

ဒီနေရာမှာ မေတ္တာတရားမပါဘဲ လောဘဇောတိုက်ပြီး ငွေတိုးပေး အမြတ်ကြီးစားတတ်တဲ့ ကျွန်တော်တို့ ရပ်ကွက်ထဲက ဒေါ်ကြည်မြိုင်ရဲ့ အဖြစ်အပျက်လေးကို ပြောပြချင်ပါတယ်။ ဒေါ်ကြည်မြိုင်ဆိုတာ ဆင်းရဲနွမ်းပါးတဲ့ ရပ်ကွက်သူ ရပ်ကွက်သားတွေကို အတိုးကြီးကြီးနဲ့ ငွေပြန်တိုးပေး၊ ငါးထောင်တန်တဲ့ပစ္စည်းကို နှစ်ထောင်လောက်နဲ့ အပေါင်ခံ၊ သူ့အတွက် ပြန်ရောင်းလို့ အမြတ်ကျန်မယ့် ပစ္စည်းဆို ပြန်အရွေးမခံတတ်ပါဘူး။ အလွန်လည်း မောက်မာလှပါတယ်။ သူ့အကြွေးရစရာရှိလို့ ပြန်မပေးနိုင်ရင် ချက်နေတဲ့ ထမင်းအိုးကအစ ကြောင်အိမ်၊ ဗီရိုအဆုံး အကုန်ဇွတ်သိမ်းဇွတ်ယူ လုပ်တတ်ပါတယ်။ ရှိခိုးမတတ် ဘယ်လောက်ပဲ တောင်းပန်တောင်းပန် မရပါဘူး။ "သူများပစ္စည်း ယူထားရင် ပြန်ပေးရမှာ မသိဘူးလား" ဆိုတဲ့ စကားတစ်ခွန်းကိုသုံးပြီး ကိုယ်ချင်းစာမေတ္တာတရား နည်းပါးစွာ ပစ္စည်းမှန်သမျှ သိမ်းယူတာပါပဲ။

တစ်နေ့ ဒေါ်ကြည်မြိုင်အိမ်ကို မီးလောင်ပါတယ်။ မောက်မာရက်စက်လှတဲ့ ဒေါ်ကြည်မြိုင်အိမ်မို့ ရပ်ကွက်သူ ရပ်ကွက်သားတွေကလည်း အားတက်သရော ကူညီဝိုင်းဝန်းပြီး မီးကိုမငြိမ်းသတ်ကြပါဘူး။ ဒီတော့ ဒေါ်ကြည်မြိုင်ရဲ့ ရှိသမျှပစ္စည်းတွေကို မီးတောက်မီးလျှံတွေက ဝါးမျိုသွားခဲ့ပါတယ်။ ပစ္စည်းတွေ ဆုံးရှုံးရတဲ့ ဒေါ်ကြည်မြိုင်လည်း ရူးသွပ်သွပ် ဖြစ်သွားပါတယ်။ ဒီအဖြစ်အပျက်လေးဟာ မေတ္တာတရားကင်းမဲ့လှစွာ စီးပွားချမ်းသာကို ရှာတတ်တဲ့လူတွေဆီမှာ ချမ်းသာခြင်းဟာ ခေတ္တယာယီသာ နေထိုင်တတ်တယ်ဆိုတာ ညွှန်ပြတဲ့ ဥပမာတစ်ခုပါပဲ။ ဒီလိုမှမဟုတ်ရင်လည်း ရွှေဘုံပေါ်မှာ စံပြီး လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပူလောင်နေရတတ်ပြီး ချမ်းသာစစ် ချမ်းသာမှန်ကို မရရှိတတ်ပါဘူး။

အောင်မြင်မှုကလည်း ထိုအတိုင်းပါပဲ။ မိမိအောင်မြင်မှုအတွက် သူတစ်ပါးကို မတရားနည်းမျိုးစုံနဲ့ တွန်းတိုက်ကျော်တက်သူရဲ့ အောင်မြင်မှုဟာ ခာတ်ငွေ့မကုန်သေးခင် ပျံတက်နေတဲ့ မိုးပျံပူဖောင်းလိုပါပဲ။ ထာဝရ ပျံတက်တည်မြဲမနေနိုင်ပါဘူး။ အရှိန်ကုန်တာနဲ့ အောက်ခြေအထိကျတတ်ပါတယ်။

ကျွန်တော်တို့ နေထိုင်ရှင်သန်ရတဲ့ လူ့ဘဝသက်တမ်းဟာ တိုတောင်းလွန်းလှပါတယ်။ ဒီသက်တမ်းလေး အတွင်းမှာ လူတိုင်းဟာ ချမ်းချမ်းသာသာ၊ အောင်အောင်မြင်မြင်နေချင်ကြမှာ သဘာဝကျပါတယ်။ ဒါပေမယ့် ပင်လယ်ပြင်ကို ဦးတည်မျောနေတဲ့ ဆင်သေကောင်ကို မက်မောပြီး နားနေလိုက်ပါသွားတဲ့ ကျီးကန်းမိုက်လို အောင်မြင်မှုချမ်းသာမှု နောက်ကို သတိလက်လွတ်လိုက်ပါမသွားသင့်ပါဘူး။ မေတ္တာတရားကို ခါးဝတ်ပုဆိုးတစ်ထည်လို မြဲမြံစွာဝတ်ဆင်ပြီး တကယ့်ချမ်းသာမှုအစစ်၊ အောင်မြင်မှုအစစ်ကိုသာ ကြိုးစားရယူပိုင်ဆိုင်သင့်လှကြောင်း အကြံပြုရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

## မိုးရာသီမှာ သစ်ပင်စိုက်ပါ

❖ သစ်တောသစ်ပင်
တို့ချစ်ခင်
အစဉ်ထိန်းသိမ်းရေး။

❖ နေပူရေကြီး
အရိပ်ထိုး
တားဆီးကာကွယ်ပေး။

❖ မိုးရာသီခါ
စိုက်ပျိုးပါ
ပင်ပြာရှင်သန်ရေး။

❖ ရေလောင်းပေါင်းဆွ
စိမ်းစိုလှ
အေးမြအရိပ်ပေး။

❖ သစ်ပင်လှဲခုတ်
တို့မလုပ်
အဟုတ်ကာကွယ်ရေး။

❖ ထိန်းသိမ်းသင့်ပေ
သစ်တောမြေ
အမွေဆင့်ကမ်းပေး။

ချစ်ချစ်(ဟုမ္မလင်း)

## မြန်မာ့ဓလေ့

❖ မြန်မာ့ဓလေ့ တို့တောရွာ
အေးချမ်းသာယာတာ
စည်းလုံးညီညာ ဝိုင်းဖွဲ့လို့
မိသားစုတွေ စားကြစို့။

❖ ကစားကြဖို့ လူစုကွယ်
လက်လှဲ့ဇယ်ခုပ်မယ်
ပခြုပ်ထဲဝယ် ပစ္စည်းများ
အိုးပုတ်ချိုးရုပ် ပါတယ်ဗျား။

❖ ဘိုးဘိုးအနား ရောက်ရင်လေ
ပုံပြင်နားထောင်ပေ
မှတ်သားကာလေ လိုက်နာရေး
ငယ်စဉ်ကစ လေ့ကျင့်ပေး။

❖ ကြယ်တွေဖွေးဖွေး ကောင်းကင်မှာ
လမင်းကြီးလည်းသာ
ညအခါမှာ လသာတော့
သားသားမီးမီး ပျော်တာပေါ့။

နှင်းစက်(ရွှေကြို့)

## တို့တောရွာ

❖ မြစ်ငယ် ချောင်းငယ် အသွယ်သွယ်
လယ်ယာကိုင်းကျွန်း စိုက်ပျိုးထွန်း
ထွက်လွန်းသီးစား ပေါကြွယ်သွား
များတယ်လေလေ့ များတယ်လေ့။

❖ ထနောင်းပင်ပျို အေးရိပ်စို
ညောင်ညိုပင်ရွက် ယိမ်းကသွက်
တောနက်တောင်တန်း စိမ်းစိုလန်း
ဆန်းတယ်လေလေ့ ဆန်းတယ်လေ့။

❖ ရွာဦးစေတီ သပ္ပာယ်သည်
ရွှေရည်သွန်းလှ ဆည်းလည်းခ
ဗုဒ္ဓစံကြောင်း ရွာဦးကျောင်း
ကောင်းတယ်လေလေ့ ကောင်းတယ်လေ့။

❖ ရိုးသားစိတ်ဖြူ လုတမူ
အလှူပေးကမ်း ဒါနလှမ်း
မြတ်လမ်းတရား ပြုကျင့်ပွား
ထားတယ်လေလေ့ ထားတယ်လေ့။ ။

စိုးမင်းလွင်(ကညွတ်ကွင်း)

## ဝါဆိုသင်္ကန်း ကပ်ကြစို့

❖ တောင်ပြန်လေ ဖြတ်ကာသန်း
ဝါဆိုပန်း ပွင့်ချေပြီ။
အနောက်ခွင် ကောက်ပင်စိမ်းတို့
ယိမ်းကဟန်ချီ။

❖ တို့များလည်း စုပေါင်းညီ
နိဗ္ဗာန်ရည် မျှော်မှန်းလို့။
လဝါဆို မြတ်သင်္ကန်းကိုဗျ
ကပ်ကြပါစို့။

ချစ်ညီ (ဘဝရသ)

